# မြန်မာနိုင်ငံ၏ တရားဝင် သစ်တောထွက် ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ် ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းတွင်

ပဋိပက္ခကို သတိပြုနားလည်မှုအား ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ

Funded by:

UKaid
from the British people

Peace
is within
our power

## International Alert အကြောင်း အကျဉ်းချုပ် တင်ပြချက်

International Alert သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ပဋ္ဌိပက္ခ၏ အကျိုးသက်ရောက်မှုများကို တိုက်ရိုက်ခံစားရသော ပြည်သူများနှင့်အတူတကွ လက်တွဲလုပ်ကိုင်သည်။ ကျွန်ုပ်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ မတူကွဲပြားသော ဒေသမှလူထုများ ပူးပေါင်းပါဝင်လာစေခြင်းဖြင့် ပဋ္ဌိပက္ခ၏ အခြေခံအကြောင်းတရားများကို ဖြေရှင်းနိုင်ရန် အဓိကထားသည်။ အောက်ခြေအဆင့်မှ အထက်မူဝါဒပိုင်းဆိုင်ရာအဆင့်အထိ နေ့စဉ် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ကျွန်ုပ်တို့အတူတကွ ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ သဘောတူညီမှုစာချုပ်များကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်နက်ဖျက်သိမ်းခြင်းဆိုသည်ထက် ကျွန်ုပ်တို့နေထိုင်ရာ ပတ်ဝန်းကျင်တွင် မတူကွဲပြားမှုများကို အကြမ်းဖက်မှု မရှိစေဘဲ ဖြေရှင်းနိုင်ပြီး အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပိုမိုငြိမ်းချမ်းသော အနာဂတ်တစ်ခုကို တည်ဆောင်ရန်အတွက် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိသည်ဟု ယုံကြည်သည်။

**www.international-alert.org**

## International Alert 2017

မူပိုင်ခွင့်အားလုံးကို မှတ်ပုံတင်ထားသည်။ ယခု ပုံနှိပ်ထုတ်ဝေခြင်း၏ တစ်စိတ်တစ်ပိုင်းမျှကို ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ပုံစံအမျိုးမျိုးဖြင့် ဖြန့်ဝေခြင်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ စက်ပစ္စည်းဆိုင်ရာဖြင့်ဖြစ်စေ၊ မိတ္တူကူးယူခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းတင်ထားခြင်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

မျက်နှာဖုံး ပုံရိပ် - မောင်မောင်စိုး (သစ်တော)

# မြန်မာနိုင်ငံ၏ တရားဝင် သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ် ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့် ဆောင်ရွက်ခြင်းဆိုင်ရာလုပ်ငန်းတွင်

ပဋိပက္ခကို သတိပြုနားလည်မှုအား ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ

Jana Naujoks နှင့် Robert Barclay၊ ဦးထွန်းပေါ်ဦး၊ ဦးစောဒိုဝါး၊ ဦးနိုင်အေးစံတို့ ပြုစုတင်ပြသည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ

# ကျေးဇူးတင်လွှာ

စာတမ်းပြုစုသူများသည် ဤသုတေသနလုပ်ငန်းတွင် မိမိတို့၏ အမြင်များကို နက်ရှိုင်းစွာ မျှဝေဖော်ပြ ပေးခဲ့ကြသည့် တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ရပ်ရွာပြည်သူများအား အထူးကျေးဇူးတင်ရှိပါသည်။ ထို့အတူပင် ဤအစီရင်ခံစာရေးသားစဉ်အတွင်း ကူညီပံ့ပိုးပေးခဲ့ကြသော International Alert အဖွဲ့မှ ဝန်ထမ်းများ၊ ကြားဖြတ်လုပ်ငန်းအဖွဲ့ (ITF) မှ အဖွဲ့ဝင်များ၊ ပြင်ပမှလုပ်ဖော်ကိုင်ဖက်များနှင့် အထူးသဖြင့် မိမိတို့၏ အကျိုးဆက်စပ်သူများအား တွေ့ဆုံမေးမြန်းနိုင်ရန် ပံ့ပိုးကူညီပေးခဲ့ကြသည့် ငြိမ်းဖောင်ဒေးရှင်း၊ POINT အဖွဲ့နှင့် မကွေးစိမ်းရောင်စိုကွန်ရက်အဖွဲ့တို့မှ အဖွဲ့ဝင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ ဤအစီရင်ခံစာ မူကြမ်းအဆင့်တွင် အသေးစိတ် စိစစ်သုံးသပ်၍ အပြီးသတ် အစီရင်ခံစာအား ခိုင်မာအားကောင်းစေမည့် အကြံပြုချက်များ ထောက်ပံ့ပေးခဲ့သော ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များဖြစ်ကြသည့် Hugh Speechly၊ ဦးမျိုးမင်း၊ ဦးဆလိုင်းကျိုးလျန်ထောင်း၊ Kevin Woods, Art Blundell, Shreya Mitrs, Markus Mayer နှင့် Phil Vernon တို့အားလည်း ကျေးဇူးအထူးတင်ရှိပါသည်။ ဤဆန်းစစ်လေ့လာချက်တွင် အမှားတစ်စုံတစ်ရာပါဝင်ခဲ့ပါက ကျွန်ုပ်တို့ စာတမ်းပြုစုသူများ၏ တာဝန်သာ ဖြစ်ပါသည်။

ဤသုတေသနလုပ်ငန်းကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာန (DFID)/UKAID) က ယင်း၏ သစ်တောအုပ်ချုပ်မှု၊ ဈေးကွက်နှင့် ရာသီဥတု (FGMC) ဆိုင်ရာ ရန်ပုံငွေထောက်ပံ့ရေး လုပ်ငန်းစဉ်မှတစ်ဆင့် ရန်ပုံငွေထောက်ပံ့ခဲ့ပါသည်။ International Alert အဖွဲ့အနေဖြင့် မဟာဗျူဟာမြောက် အလှူရှင်များဖြစ်ကြသည့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားဆက်ဆံရေးနှင့် ကုန်သွယ်ရေးဌာနတို့အား အမျိုးမျိုးသော အထောက်အပံ့များ ပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ဤအစီရင်ခံစာပါ ထင်မြင်ချက်များသည် International Alert အဖွဲ့၏ အာဘော်များသာဖြစ်ပြီး၊ ထိုအလှူရှင်များ၏ ထင်မြင်ချက်များ၊ မူဝါဒများကို ထင်ဟပ်ထားခြင်း မရှိကြောင်း ထုတ်ဖော်ကြေငြာလိုပါသည်။

# မာတိကာ

**အတိုကောက်စာလုံးများ** ---------- ၄

**အစီရင်ခံစာ အကျဉ်းချုပ်** ---------- ၅

**၁။ နိဒါန်း** ---------- ၈

၁.၁ သုတေသန နည်းစနစ် ---------- ၁၁

**၂။ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး - VPA အတွက် အဘယ်ကြောင့် အရေးပါရပါသနည်း။** ---------- ၁၂

၂-၁ VPA နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အကြား ချိတ်ဆက်မှု ---------- ၁၄

**၃။ ပဋိပက္ခဖြစ်စေနိုင်သော အကြောင်းအရင်းများနှင့် ဆက်စပ်မှုပြဇယား** ---------- ၁၈

၃-၁ ပူးပေါင်းပါဝင်ခြင်း ---------- ၂၁

၃-၂ ဆက်သွယ်ပြန်ကြားရေး ---------- ၂၂

၃-၃ ကျားမ တန်းတူညီမျှမှု ---------- ၂၄

၃-၄ ဒေသခံပြည်သူများအား လုပ်ပိုင်ခွင့်ပေးခြင်း ---------- ၂၅

**၄။ သစ်တောစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ ပြဿနာများကို ဆန်းစစ်လေ့လာခြင်း** ---------- ၂၈

၄-၁ သစ်ကုန်သွယ်မှု၏ နိုင်ငံရေး ဘောဂဗေဒ အခြေအနေ ---------- ၂၈

၄-၂ တရားမဝင် သစ်ထုတ်ခြင်းနှင့် တရားမဝင်သစ်ဖြစ်မှုစနစ်တွင် စိန်ခေါ်မှုများ ---------- ၃၁

၄-၃ တရားမဝင် သစ်ထုတ်မှုကို ဆန့်ကျင်ရန် ဒေသခံပြည်သူများကိုယ်တိုင် ဆောင်ရွက်သော
လုပ်ငန်းများ ---------- ၃၄

၄-၄ မြေယာစီမံအုပ်ချုပ်ရေးစနစ် ---------- ၃၈

၄-၅ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ---------- ၄၄

၄-၆ ကျား/မ တန်းတူညီမျှမှု ---------- ၅၁

**၅။ နိဂုံးချုပ်သုံးသပ်ချက်** ---------- ၅၅

နောက်ဆက်တွဲ - သုတေသနနည်းစနစ် ---------- ၅၇

# အတိုကောက်စာလုံးများ

| | |
|---|---|
| CFC | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဆောင်ရွက်ခွင့်လက်မှတ် (Community forestry certificate) |
| CFI | ၁၉၉၅ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (1995 Community Forestry Instructions) |
| CFUG | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအုပ်စု (Community forest user group) |
| CSO | အရပ်ဖက်အဖွဲ့အစည်း (Civil society organisation) |
| EAG/O | တိုင်းရင်းသား လက်နက်ကိုင်အုပ်စု/အဖွဲ့ (Ethnic armed group/organisation) |
| EU | ဥရောပသမဂ္ဂ (European Union) |
| FD | သစ်တောဦးစီးဌာန (Forest Department) |
| FLEGT | တရားဝင် သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာလုပ်ငန်း (Forest Law Enforcement, Governance and Trade) |
| FO | သစ်တောအရာရှိ (Forest officer) |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (General Administration Department) |
| GoM | မြန်မာနိုင်ငံတော်အစိုးရ (Government of Myanmar) |
| IPA | ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူညီချက် (Investment Protection Agreement) |
| ITF | ကြားဖြတ်လုပ်ငန်းအဖွဲ့ (Interim Task Force) |
| KESAN | ကရင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုလုပ်ငန်းကွန်ရက် (Karen Environmental and Social Action Network) |
| KIO | ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (Kachin Independence Organisation) |
| MOALI | လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (Ministry of Agriculture, Livestock and Irrigation) |
| MONREC | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (Ministry of Natural Resources, and Environmental Conservation) |
| MSG | သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group) |
| MTE | မြန်မာ့သစ်လုပ်ငန်း (Myanma Timber Enterprise) |
| MTLAS | မြန်မာနိုင်ငံ၏ တရားဝင်ဖြစ်ကြောင်း အာမခံသည့်စနစ် (Myanmar Timber Legality Assurance System) |
| NLD | အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) |
| RECOFTC | ဒေသတွင်း အစုအဖွဲ့ပိုင်သစ်တောသင်တန်းဌာန - ပြည်သူနှင့်သစ်တောများအတွက် ဗဟိုဌာန (Regional Community Forestry Training Center – The Center for People and Forests) |
| REDD+ | သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစား ကျဆင်းခြင်းမှ ထုတ်လွှတ်မှုများကို လျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation) |
| SGBV | ကျားမအခြေပြုလိင်အကြမ်းဖက်မှု (Sexual and gender-based violence) |
| TNI | Transnational Institute |
| VPA | နှစ်နိုင်ငံ မိတ်ဖက်သဘောတူ သစ်ကုန်သွယ်ရေးစာချုပ် (Voluntary Partnership Agreement) |

# အစီရင်ခံစာ အကျဉ်းချုပ်

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် တရားဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ် ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း နှစ်နိုင်ငံ မိတ်ဖက်သဘောတူ သစ်ကုန်သွယ်ရေးစာချုပ် (FLEGT -VPA) ကို ဆွေးနွေးညှိနှိုင်းရာတွင် ပါဝင်နေကြသည့် အကျိုးဆက်စပ်သူအားလုံးတို့အား မြန်မာနိုင်ငံ သစ်တောအုပ်ချုပ်မှု စနစ်အတွင်းရှိ ပဋိပက္ခကြောင့် ထိရှလွယ်မှုအကြောင်း ဆန်းစစ်လေ့လာ တွေ့ရှိချက်များကို ထောက်ပံ့ပေးရန်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဖြစ်ရပ်လေ့လာမှုများမှ ထုတ်နုတ်ကောက်ချက်ချထားသည့် ဤအစီရင်ခံစာတွင် ပဋိပက္ခအမျိုးမျိုးတို့က သစ်တောအုပ်ချုပ်မှုနှင့် မည်သို့ ဆက်စပ်နေကြသည်ကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် သစ်တောအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၏ ကောင်းကျိုးဆိုးကျိုး သက်ရောက်မှုများက မြန်မာနိုင်ငံ၏ FLEGT-VPA လုပ်ငန်းစဉ်တွင် ကျင့်သုံးမည့် "ပဋိပက္ခကြောင့် ထိရှလွယ်မှု" ချဉ်းကပ်နည်းအား မည်သို့ကူညီပံ့ပိုး ပေးနိုင်မည်ကိုလည်းကောင်း ခြုံငုံဖော်ပြရန် ကြိုးစားထားသည်။

မြန်မာနိုင်ငံသည် ဆယ်စုနှစ် (၆) စုကြာမြင့်ခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခအား ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ရန် ကြိုးစားနေသော ရှုပ်ထွေး၊ ရှည်ကြာပြီး၊ မရေရာသည့် လုပ်ငန်းစဉ်တစ်ခုအလယ်တွင် ရောက်ရှိနေပါသည်။ တစ်ချိန်တည်းတွင်ပင် စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီနည်းလမ်းဖြင့် အုပ်ချုပ်ရေးစနစ်ဆီသို့ အသွင်ကူးပြောင်းနေဆဲလည်းဖြစ်ပါသည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဓိက ပြဿနာတစ်ရပ်မှာ ပဋိပက္ခများဖြစ်ပွားရာ ဒေသများတွင် ပေါများစွာ တွေ့ရှိရသည့် ကျွန်း၊ ပိတောက်/တမလန်းနှင့် အခြားအဖိုးတန်သစ်မျိုးများ အပါအဝင်၊ မြန်မာနိုင်ငံ၏ အဖိုးတန် သဘာဝသယံဇာတများအား အနာဂတ်ကာလတွင် မည်သို့ စီမံအုပ်ချုပ်မည်နည်းဟူသော မေးခွန်းများပင်ဖြစ်သည်။ သဘာဝသယံဇာတများအား အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် VPA ကဲ့သို့သော ဆွေးနွေးမှုများမှာ တခါတရံတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသော နစ်နာမှုများကို မရည်ရွယ်ဘဲ ပိုဆိုးစေနိုင်သည့် အန္တရာယ်ရှိနေပါသည်။ ထို့အပြင် နိုင်ငံတွင်း တင်းမာမှုများနှင့် ပဋိပက္ခအရွေ့များကလည်း သဘာဝအားဖြင့် VPA ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်ကို လွှမ်းမိုးသက်ရောက်နေမည်ဖြစ်သည်။ ပဋိပက္ခနှင့် VPA လုပ်ငန်းစဉ်အကြား ဤသို့ နှစ်လမ်းသွား အပြန်အလှန်သက်ရောက်နေမှုကို အသိအမှတ်ပြုထားခြင်းသည် ပဋိပက္ခကြောင့် ထိရှလွယ်မှုချဉ်းကပ်နည်း၏ ဖြေရှင်းရန်ခက်ခဲမှုကို အသိအမှတ်ပြုထားခြင်းပင် ဖြစ်ပါသည်။

ဤစာတမ်းတွင် VPA လုပ်ငန်းစဉ်၌ ပါဝင်ပတ်သက်နေကြသော အကျိုးဆက်စပ်သူများက VPA နှင့် ဆက်စပ်နေသည့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးပြဿနာကြီးများတွင် ဖြစ်လာနိုင်သော အခွင့်အလမ်းများကို သတ်မှတ်ဖော်ထုတ်ရာတွင်လည်းကောင်း၊ အန္တရာယ်ရှိမှု (risks) များကို သတ်မှတ်ဖော်ထုတ်၊ စောင့်ကြည့်စစ်ဆေး၍ လျှော့ချရာတွင်လည်းကောင်း ကူညီပေးရန်အတွက်၊ "ပဋိပက္ခကြောင့် အန္တရာယ် ဖြစ်နိုင်မှုကို သရုပ်ခွဲဆန်းစစ်ခြင်း (conflict risk analysis)" ဟု ခေါ်ဆိုသော ရိုးရှင်းသည့် နည်းလမ်းတစ်ခုကို ဖော်ထုတ်၍ အဆိုပြုတင်ပြထားသည်။ ဤစာတမ်းပါ ဆွေးနွေးချက်များကို စတင်ရာတွင်၊ စောင့်ကြည့်စစ်ဆေးနေရမည့် အောက်ပါအဓိကပြဿနာ (၄) ရပ်ကို အဆိုပြုလိုပါသည် -

- ပူးပေါင်းပါဝင်ခြင်း (Participation) – အဖွဲ့အားလုံးတို့သည် VPA လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နိုင်သည့် အခွင့်အလမ်းတစ်ရပ်ကို မည်သည့်အတိုင်းအတာအထိ ရရှိပါသနည်း။ ဖယ်ထုတ်ခံထားရသော အကျိုးဆက်စပ်သူများ ရှိနေပါသလား။
- ဆက်သွယ်ပြန်ကြားခြင်း (Communication) – လုပ်ငန်းစဉ်သည် တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းတိကျသော ဆက်သွယ်ပြောကြားမှု ရှိပါသလား။ လုပ်ငန်းစဉ်သည် အကျိုးဆက်စပ်သူများ အကြားတွင် ယုံကြည်မှု ပိုမိုတည်ဆောက်ပေးနိုင်ပါသလား။
- ကျား/မ တန်းတူညီမျှမှုရှိခြင်း (Gender) – အမျိုးသမီးများသည် VPA အကြောင်း တိုင်ပင်ဆွေးနွေးရာတွင်ဖြစ်စေ၊ ဆွေးနွေးညှိနှိုင်းရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင်ဖြစ်စေ မည်သည့်အတိုင်းအတာအထိ အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်နေပါသနည်း။ အမျိုးသမီးများ၏ လိုလားချက်များကို ထည့်သွင်းစဉ်းစားထားပါသလား။
- ရပ်ရွာပြည်သူများအား လုပ်ပိုင်ခွင့်ပေးအပ်ခြင်း (Community empowerment) – VPA လုပ်ငန်းစဉ်နှင့် မျှော်မှန်းရလဒ်များသည် ရပ်ရွာပြည်သူများ၊ လူမှုအသိုက်အဝန်းများ၊ အထူးသဖြင့် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် ဒေသခံပြည်သူများ အပါအဝင် အပယ်ခံပြည်သူများအား ပိုမိုပါဝင် ကိုယ်စားပြုနိုင်၍ ပိုမိုပူးပေါင်းပါဝင်နိုင်သော သစ်တောအုပ်ချုပ်မှုစနစ် ရရှိစေရေးအတွက် မည်သည့်အတိုင်းအတာအထိ လုပ်ပိုင်ခွင့်ပေးထားပါသနည်း။

ဤအချက်သည် အဘယ်ကြောင့် အရေးကြီးပါသနည်း။ ပူးပေါင်းပါဝင်ခြင်း၊ ဆက်သွယ်ပြန်ကြားခြင်း၊ ကျား/မ တန်းတူညီမျှမှုရှိခြင်းနှင့် ပြည်သူများအား လုပ်ပိုင်ခွင့်ပေးခြင်းတို့မှာ ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်း မရှိပါက၊ တင်းမာမှုများ ပိုတိုးလာစေမည့် အချက်များပင်ဖြစ်ပါသည်။ လုပ်ငန်းစဉ်တလျှောက်လုံးနှင့် ဆုံးဖြတ်ချက် မှန်နေစဉ်အတွင်းတွင် ပွင့်လင်းမြင်သာမှု မရှိပါက ထိုလုပ်ငန်းစဉ်နှင့် အုပ်ချုပ်ရေးစနစ်အပေါ် ယုံကြည်မှုရှိတော့မည် မဟုတ်ချေ။ သို့ရာတွင် ဤအချက်များကို ကောင်းစွာစီမံခန့်ခွဲနိုင်ပါက မတူညီသော တိုင်းရင်းသားပြည်သူအစုအဖွဲ့များ၊ ဒေသန္တရနှင့် ပြည်ထောင်စုအဆင့် အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လက်နက်ကိုင်အဖွဲ့များအကြားတွင် အပြုသဘောဆောင်သော ဆက်ဆံရေးများကို ပိုမိုတည်ဆောက်နိုင်ပါလိမ့်မည်။ ကြားဖြတ်လုပ်ငန်းအဖွဲ့ (ITF) သို့မဟုတ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG)[1] သည် ဤအန္တရာယ် ဖြစ်နိုင်ခြေအချက်များကို ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းအားဖြင့် ပဋိပက္ခတင်းမာမှုများ တိုးလာခြင်းကို ရှောင်ရှားနိုင်ပြီး၊ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချနိုင်ကာ၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဆီသို့ ရှေ့ဆက်သွားနေမှုကို အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ပွင့်လင်းမြင်သာသော နှစ်လမ်းသွား ဆက်သွယ်ပြန်ကြားရေးလမ်းကြောင်းကို အခြေခံလျှက် အရေးဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားအုပ်စုများက အားလုံးပူးပေါင်းပါဝင်ခြင်းသည်လည်း ဤအချက်ကို ရရှိစေရေးအတွက် အဓိကကျပါသည်။

မြန်မာနိုင်ငံတွင် FLEGT VPA လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်စေရေးအတွက် ဤစာတမ်းတွင် မြန်မာနိုင်ငံ၏ သစ်တောအုပ်ချုပ်မှုစနစ်နှင့် တရားမဝင် သစ်ထုတ်ခြင်းတို့ကိုလည်း ကျယ်ပြန့်သောအမြင်ဖြင့် လေ့လာတင်ပြထားသည်။ သစ်တော သယံဇာတများအား အုပ်ချုပ်မှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကူညီနေကြောင်း သေချာစေရေးအတွက်

1 VPA ဆွေးနွေးညှိနှိုင်းမှုများကို ပြင်ဆင်နိုင်ရေးအတွက် ကြားဖြတ်လုပ်ငန်းအဖွဲ့ (ITF) ကို အစိုးရ၊ အရေးဖက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခဲ့သည်။ လက်ရှိ ကြိုတင်ပြင်ဆင်ရေးအဆင့်ပြီးဆုံးသွားပါက ITF အဖွဲ့ကို ရပ်ဆိုင်းမည်ဖြစ်ပြီး၊ EU နှင့် အစိုးရအကြား VPA ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်အတွက် နိုင်ငံအဆင့် ဆွေးနွေးပွဲများ ပြုလုပ်နိုင် ရေးအတွက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) ကို (တူညီသော ကဏ္ဍများမှ ကိုယ်စားလှယ်များဖြင့်) အဖွဲ့ဝင်များ ထပ်မံတိုးချဲ့၍ ဖွဲ့စည်းမည်ဖြစ်သည်။

ဖြေရှင်းပေးရန် လိုအပ်သော သစ်နှင့်ပတ်သက်သည့် နိုင်ငံရေးနှင့် စီးပွားရေး၊ ရပ်ရွာပြည်သူအစုအဖွဲ့ပိုင် မြေနှင့် သစ်တောဆိုင်ရာ အခွင့်အရေးများစသည့် အဓိကပြဿနာများကို သတ်မှတ်ဖော်ထုတ်တင်ပြထားသည်။

အကျိုးဆက်စပ်သူများအနေဖြင့် VPA လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှား နိုင်ရန်အတွက် လက်ရှိပြုလုပ်နေဆဲဖြစ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေး ဆွေးနွေးပွဲများထက် အလွန် အကျူး ရှေ့မရောက်စေရန် သတိထားသင့်ကြောင်းကိုလည်း ဤစာတမ်းတွင် အကြံပြုထားသည်။ ငြိမ်းချမ်းရေး တည်ဆောက်သည့် ချဉ်းကပ်နည်းလမ်းသည် နိုင်ငံရေးဆွေးနွေးဝိုင်းများကို ပုံစံတကျ ဖွဲ့စည်းဆောင်ရွက်ခြင်းအပြင်၊ အကျိုးဆက်စပ်သူများစွာဖြင့် အားလုံးပါဝင်သော ဆွေးနွေးပွဲများ (ဥပမာ - VPA လုပ်ငန်းစဉ်အတွက် မျှော်မှန်းထားသော ပေါင်းကူးဆွေးနွေးဝိုင်းများ) ဖြင့်လည်းကောင်း၊ ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို တိုးတက်စေခြင်းဖြင့် လည်းကောင်း သစ်တောများကို မှီခိုနေရသော ဒေသခံပြည်သူများ၏ ဘဝများကို တိုးတက်စေမည့် အုပ်ချုပ်ရေးစနစ် တိုးတက်မှုများကို ရရှိစေရန် မျှော်မှန်းထားသည်။ ဤသို့ ရရှိစေရေးအတွက် တိုင်းရင်းသားအသီးသီးတို့မှ အမျိုးသမီး များ၊ လူငယ်များနှင့် ကျေးလက်နေ အကျိုးဆက်စပ်သူများက အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်ရန်လည်း အဓိကကျပါသည်။

ဤစာတမ်းတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပြင်၊ မြန်မာနိုင်ငံသစ်တောကဏ္ဍရှိ အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲ ရမည့် အဓိကနယ်ပယ်အချို့ကိုလည်း ဖော်ထုတ်သတ်မှတ်ထားသည်။ ဤစာတမ်းတွင် သစ်တောအုပ်ချုပ်မှု အားနည်း ခြင်းကြောင့် ဒေသခံပြည်သူများ ရင်ဆိုင်နေရသည့် မြေပိုင်ဆိုင်မှု မသေချာခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း၊ ပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများ၌ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ စသည်တို့ ပါဝင်သည့် အထူးစိန်ခေါ်မှုများကိုလည်းကောင်း၊ ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ဒေသခံပြည်သူအဆင့် ချဉ်းကပ်နည်း များကိုလည်းကောင်း ဖြစ်ရပ်လေ့လာမှု (၅)ခုမှ ထုတ်နုတ်လျက်တင်ပြထားသည်။

> **"တရားမဝင် သစ်ထုတ်တာတွေ ရပ်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးရတဲ့အထိ စောင့်နေမယ်ဆိုရင် ဘာသယံဇာတမှ ကျန်တော့မှာ မဟုတ်ဘူး၊ ကျွန်တော်တို့က အခုအချိန်မှာ ဘာလုပ်နိုင်တယ်ဆိုတာကို သိဖို့လိုနေပြီ၊ FLEGT လုပ်ငန်းကတဆင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုမဲ့ နည်းလမ်းတွေ ရှာဖို့လိုနေပြီ"**
>
> အရပ်ဖက်အဖွဲ့အစည်းမှ ITF အဖွဲ့ဝင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းချက်
> (ရန်ကုန်၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ)

ဤစာတမ်း၏ အဆုံးသတ်အနေဖြင့် VPA လုပ်ငန်းစဉ်တွင် ပါဝင် ပတ်သက်နေကြသည့် အကျိုးဆက်စပ်သူများက ငြိမ်းချမ်းရေးကို ကူညီပေးနိုင်မည့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ စတင်ရေး အတွက် VPA လုပ်ငန်းစဉ်အား အသုံးချလိုသည့် အတိုင်းအတာကို ဆုံးဖြတ်နိုင်ရန် အပါအဝင်၊ မြန်မာနိုင်ငံတွင် VPA လုပ်ငန်းစဉ်၏ နယ်ပယ်နှင့် ရည်မှန်းချက်တို့ကို သတ်မှတ်ဆုံးဖြတ်နိုင်ရေးအတွက် ခိုင်မာသော အကြံပြုချက်များကိုလည်း တင်ပြထားသည်။ တဖက် တွင်လည်း အကျိုးဆက်စပ်သူများက ရည်မှန်းချက်များ သတ်မှတ် ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ထိုရည်မှန်းချက်များအား ရရှိစေမည့် ခိုင်မာသော နည်းလမ်းများကို လမ်းညွှန်ပေးရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်း များအတွက် အရေးကြီးသော အခက်အခဲ ပြဿနာအချို့ကိုလည်း မီးမောင်းထိုးပြထားပါသည်။

© Gail Palethorpe/Shutterstock.com

ဧရာဝတီမြစ်ကမ်းတွင်တည်ရှိသော သစ်ဆိပ်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်၊ ၂၀၁၂

# ၁။ နိဒါန်း

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ကြွယ်ဝသော်လည်း၊ အမည်သတင်းကျော်ကြားသော သစ်တော သယံဇာတများမှာမူ လျင်မြန်စွာ လျော့နည်းလာနေပါသည်။ ၁၉၉၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှု စုစုပေါင်း၏ လေးပုံတစ်ပုံကျော်ကို ဆုံးရှုံးခဲ့ရာ၊[2] ထိုနှုန်းမှာ ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှုနှုန်း တတိယ အမြင့်ဆုံးဖြစ်ကြောင်း ခန့်မှန်းထားကြသည်။[3] ဤသို့လျော့နည်းမှုများရှိနေသော်လည်း၊ သစ်တောများသည် မြန်မာနိုင်ငံလူဦးရေအနက် ၈၀% ခန့် (အထူးသဖြင့် ဆင်းရဲစွာနေထိုင်ရသော၊ လျစ်လျူရှုခြင်း ခံနေရသော၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် နေထိုင်နေရသော ပြည်သူများ၏) အသက်မွေးဝမ်းကျောင်း စနစ်များကို အထောက်အကူပြုနေသည်ဟု ခန့်မှန်းထားပါသည်။[4] မြန်မာနိုင်ငံ၏ သဘာဝတောကျန် အများစုမှာ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်တစ်လျှောက်အပါအဝင် နယ်စပ်ဒေသများတွင် တည်ရှိနေသည်။ ထိုဒေသများတွင် အစိုးရနှင့် လက်နက်ကိုင် အုပ်စုအများအပြားတို့အကြား တစိတ်တပိုင်းအားဖြင့် သဘာဝသယံဇာတများအား စီမံအုပ်ချုပ်ရေးနှင့် ဆက်နွယ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနစ်နာမှုများကြောင့် တွန်းအားပေးဖြစ်ပေါ်လာခဲ့သည့် နှစ် (၆၀) ကျော်ကြာမြင့်ခဲ့သော လက်နက်ကိုင် ပဋိပက္ခများကို တွေ့မြင်နေရဆဲဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် FLEGT VPA လုပ်ငန်းစဉ်အတွက် ဥရောပသမဂ္ဂ (EU) နှင့် ဆွေးနွေးညှိနှိုင်းရန် ပြင်ဆင်နေပါသည်။ ဥရောပသမဂ္ဂ၏ FLEGT လုပ်ငန်းစီမံချက်ကို ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး၊ ရေရှည်တည်တံ့၍ တရားဝင်သော သစ်တောစီမံအုပ်ချုပ်မှုကို ခိုင်မာအားကောင်းစေခြင်း၊ အုပ်ချုပ်ရေးစနစ် တိုးတက်စေခြင်း၊ တရားဝင် ထုတ်လုပ်သည့် သစ်များကုန်သွယ်မှုကို မြှင့်တင်ပေးခြင်းအားဖြင့် တရားမဝင် သစ်ထုတ်လုပ်မှုကို လျော့ချရန်

2 E. Htusan, Myanmar forest-cutting continues despite government efforts, 2 September 2016,

3 FAO, Global Forest Resources Assessment 2015: How are the world's forests changing? Rome: FAO, 2015

4 G. Kissinger et al, Background report for identifying the drivers of deforestation and forest degradation in Myanmar, UNREDD and MONREC, 2017, p.24

ရည်ရွယ်ထားသည်။ FLEGT VPA လုပ်ငန်းစဉ်ဆိုသည်မှာ ဥရောပသမဂ္ဂနှင့် ပြင်ပမှ သစ်တင်ပို့ရောင်းချသူ နိုင်ငံတစ်နိုင်ငံတို့အကြားတွင် ဆွေးနွေးညှိနှိုင်းထားသည့် နှစ်နိုင်ငံချင်း ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ဖြစ်ပြီး၊ ပြင်ပနိုင်ငံတစ်နိုင်ငံမှ ဥရောပသမဂ္ဂသို့ တင်ပို့လာသော သစ်နှင့်သစ်ထွက်ပစ္စည်းများသည် ထိုနိုင်ငံ၏ ဥပဒေများကို ကိုက်ညီလိုက်နာထားစေရန် ရည်ရွယ်ထားသည်။ ထိုသို့သော သဘောတူညီချက်တစ်ရပ်ရှိထားပါက မြန်မာနိုင်ငံ၏ သစ်ပြည်ပပို့ကုန်များအတွက် ဥရောပဈေးကွက်ကို ပိုမိုလက်လှမ်းမှီလာခြင်း၊ သစ်တောကဏ္ဍပြုပြင်ပြောင်းလဲရေးကို အထောက်အပံ့ဖြစ်စေခြင်း၊ သစ်နှင့်သစ်ထွက်ပစ္စည်းကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည် ဖြစ်ပေသည်။

VPA သဘောတူညီချက်တစ်ရပ်အတွက် ဆွေးနွေးညှိနှိုင်းသည့် လုပ်ငန်းစဉ်မှာ အခြားသော နှစ်နိုင်ငံချင်း ကုန်သွယ်ရေး သဘောတူညီချက်များ၊ အခြားဆက်စပ်မူဘောင်များ (ဥပမာ - ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူညီချက်များ[5]) ဆွေးနွေးခြင်းနှင့် များစွာကွာခြားသည်။ EU နှင့် နိုင်ငံတစ်နိုင်ငံ၏ အစိုးရတို့အကြား VPA သဘောတူညီချက်အတွက် တရားဝင်ဆွေးနွေးမှုများ လုပ်ဆောင်နေစဉ်တွင်ပင်၊ သက်ဆိုင်ရာနိုင်ငံ၌လည်း အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ အကျိုးဆက်စပ်သူများစွာ ပါဝင်သော ပူးပေါင်းပါဝင်ပြီး ရှည်လျားသော လုပ်ငန်းစဉ်တစ်ရပ်ဖြင့် ယင်းသဘောတူညီချက်ပါ အချက်များကို ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် အစိုးရမဟုတ်သော နိုင်ငံအဆင့် အကျိုးဆက်စပ်သူများသည် "တရားဝင်သစ်" အား မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုမည်ကို ဆုံးဖြတ်ပေးနိုင်စွမ်းရှိကြသည်။ ထို့အပြင်၊ VPA သဘောတူညီချက်တစ်ခု၏ လုပ်ငန်းစဉ်နှင့်အကြောင်းအရာပိုင်းနှစ်မျိုးလုံးတွင် ဥပဒေနှင့် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများလည်း ပါဝင်နေသည်။ ထိုပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကြိုတင်ဆုံးဖြတ် သတ်မှတ်ထားခြင်း မရှိသော်လည်း၊ VPA သဘောတူညီချက်အားယုံကြည်မှု ရှိ စေရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည်ဟု အကျိုးဆက်စပ်သူများက သတ်မှတ်ဖော်ထုတ်လိုက်သော လုပ်ငန်းများဖြစ်ကြပါသည်။ VPA ဆွေးနွေးညှိနှိုင်းခြင်းနှင့် အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးဆိုင်ရာ မက်လုံးများနှင့် ပူးတွဲဆောင်ရွက်သည့် အကျိုးဆက်စပ်သူ များစွာ ပါဝင်သော ချဉ်းကပ်နည်းလမ်းမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပူးပေါင်းပါဝင်မှုတို့ကို တိုးတက်စေပြီး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဦးတည်ချက်များ ရရှိစေရန် ရည်ရွယ်၍ ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်နောင်းပိုင်းတွင် FLEGT VPA လုပ်ငန်းစဉ်အပေါ် စိတ်ဝင်စားကြောင်း တရားဝင်ကြေငြာခဲ့ပြီးနောက်၊ ၂၀၁၅ ခုနှစ်တွင် အကြိုဆွေးနွေးညှိနှိုင်းရေးအဆင့်အတွက် ပြင်ဆင်မှုများ စတင်ခဲ့သည်။ ထိုပြင်ဆင်ရေးလုပ်ငန်းများ စတင်ခဲ့သည့်အချိန်တွင်ပင် မြန်မာနိုင်ငံသည် ဆယ်စုနှစ် (၆) စုကြာ မြင့်ခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခအား ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ရန် ကြိုးစားနေသော ရှုပ်ထွေး၊ ရှည်ကြာပြီး၊ မရေရာသည့် လုပ်ငန်းစဉ်တစ်ခု အလယ်တွင် ရောက်ရှိနေခဲ့ပြီး၊ တစ်ချိန်တည်းတွင်ပင် စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီနည်းလမ်းဖြင့် အုပ်ချုပ်ရေး စနစ်ဆီသို့ အသွင်ကူးပြောင်းနေဆဲလည်း ဖြစ်ပါသည်။ ဤအခြေအနေမျိုးတွင် သဘာဝသယံဇာတ အုပ်ချုပ်မှုပြောင်းလဲရေးနှင့် ပတ်သက်သည့် VPA ကဲ့သို့သော ဆွေးနွေးမှုများမှာ တခါတရံတွင်

5 လက်ရှိတွင် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးသဘောတူညီချက်တစ်ရပ် ရရှိရန် ဆွေးနွေးညှိနှိုင်းနေသည်။ ယင်းစာချုပ်အရ မြန်မာနိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်မည့် EU ရင်းနှီးမြှုပ်နှံသူများအား အထူးအာမခံ ချက်များ ပေးပါလိမ့်မည်။ ကုမ္ပဏီများ၏ တရားဥပဒေကြောင်းအရ သေချာမှုနှင့် ကြိုတင်ခန့်မှန်းနိုင်စွမ်းကို တိုးတက်စေခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးလာစေရန် ကူညီပေးနိုင်သော်လည်း ထိုသို့သော သဘောတူညီချက်မျိုးမှာ မြန်မာနိုင်ငံအတွက် အန္တရာယ်ဖြစ်နိုင်မှု (risk) မရှိသည်ကားမဟုတ်ပေ။ E Röell, The pending EU-Myanmar Investment Protection Agreement: Risks and opportunities, The ACT Alliance, 2017.

ပဋိပက္ခကို သတိပြုနားလည်မှု (Conflict sensitivity) ဆိုသည်မှာ အခြေအနေတစ်ရပ် အတွင်းတွင် ပြုလုပ်လိုက်သည့် ကြားဝင်ဆောင်ရွက်မှု တစ်ခုကြောင့် ယင်းအခြေအနေ အပေါ် သက်ရောက်မှုရှိခြင်းနှင့် ယင်းအခြေအနေကြောင့်ပင် ကြားဝင်ဆောင်ရွက်မှုအပေါ် သက်ရောက်မှုရှိခြင်းဟူသော နှစ်လမ်းသွား အရွေ့တစ်ခုကို အသိအမှတ်ပြုသည့် အသုံးအနှုန်းတစ်ခုဖြစ်သည် (ဥပမာ-အုပ်ချုပ်မှုဆိုင်ရာ ပြုပြင် ပြောင်းလဲရေး)။

သစ်တောစီမံအုပ်ချုပ်မှု (Forest governance) ဆိုသည်မှာ သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် လူများနှင့် အဖွဲ့အစည်းများက ယင်းသစ်တောများကို စည်းမျဉ်းစည်းကမ်းဖြင့် ကြီးကြပ်အုပ်ချုပ်သော ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များကိုဆိုလိုသည်။ သစ်တောအုပ်ချုပ်မှုတွင် သစ်တောများ အသုံးချမှု၊ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုတို့အတွက် စီမံချက်ရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ ထိန်းချုပ်ခြင်းများ အပါအဝင် ဝင်ရောက်အသုံးပြုခွင့်နှင့် အကျိုးကျေးဇူးများအား ခွဲဝေပေးခြင်း/လုံခြုံမှုရှိစေခြင်းတို့နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များလည်း ပါဝင်သည်။ တရားမျှတသော ဆုံးဖြတ်ချက်ချမှတ်၍ အကျိုးကျေးဇူး ဖြန့်ဝေပေးရေး လုပ်ငန်းစဉ်တို့ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရပါမည်။ အုပ်ချုပ်ရေးစနစ်ကောင်း တစ်ရပ်၏ အခြေခံစည်းမျဉ်းများနှင့် ချိန်ကိုက်ကြည့်ပါက သစ်တောအုပ်ချုပ်မှုအတွက် (က) မူဝါဒနှင့်ဥပဒေမူဘောင် (ခ) စီမံချက်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းအဆင့်ဆင့် (ဂ) အကောင်အထည်ဖော်ခြင်း၊ အရေးယူခြင်းနှင့် လိုက်နာ မှုရှိခြင်းဟူသည့် မဏ္ဍိုင် (၃) ရပ်လုံးတွင် တာဝန်ခံမှု၊ ထိရောက်မှု၊ အကျိုးရှိမှု၊ တရားမျှတမှု/ တန်းတူညီမှု၊ ပူးပေါင်းပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ ရှိရမည်ဖြစ်သည်။

ဇယားမြစ် - Pillar and Principles of Good Governance, FAO and PROFOR, Framework for assessing and monitoring Forest Governance, 2011, www.fao.org/climatechange/27526-0cc61ecc084048c7a9425f64942df70a8.pdf, p.10

နက်ရှိုင်းစွာ အမြစ်တွယ်နေသော နစ်နာမှုများကို ပိုဆိုးစေနိုင်သည့် အန္တရာယ် (risk) ရှိနေပြီး၊ နိုင်ငံတွင်း တင်းမာမှုများနှင့် ပဋိပက္ခ အရွေ့များကလည်း သဘာဝအားဖြင့် VPA ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်ကို လွှမ်းမိုးသက်ရောက်နေမည်ဖြစ်သည်။ ပဋိပက္ခနှင့် VPA လုပ်ငန်းစဉ်အကြား ဤသို့နှစ်လမ်းသွား အပြန်အလှန် သက်ရောက်နေမှုကို အသိအမှတ်ပြုထားခြင်းသည် ပဋိပက္ခကြောင့် ထိရှလွယ်မှု ချဉ်းကပ်နည်း၏ ဖြေရှင်းရန်ခက်ခဲမှုကို အသိအမှတ် ပြုထားခြင်းပင် ဖြစ်ပါသည်။

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ VPA သဘောတူညီချက် ဆွေးနွေးညှိနှိုင်းရေး လုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံသစ်တော အုပ်ချုပ်မှုစနစ်အား ခြုံငုံဆန်းစစ် လေ့လာတွေ့ရှိချက်များကို ထောက်ပံ့ပေးရန်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဖြစ်ရပ်လေ့လာမှုများမှ ထုတ်နုတ်ကောက်ချက်ချထားသည့် ဤအစီရင်ခံစာတွင် ပဋိပက္ခ အမျိုးမျိုးတို့က သစ်တောအုပ်ချုပ်မှုနှင့် မည်သို့ ဆက်စပ်နေကြသည်ကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် သစ်တောအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၏ ကောင်းကျိုးဆိုးကျိုး သက်ရောက်မှုများက မြန်မာနိုင်ငံ၏ FLEGT-VPA လုပ်ငန်းစဉ်တွင် ကျင့်သုံးမည့် "ပဋိပက္ခကြောင့် ထိရှလွယ်မှု" ချဉ်းကပ်နည်းအား မည်သို့ ကူညီပံ့ပိုး အသိပေးနိုင်မည်ကိုလည်းကောင်း ဆန်းစစ်ဖော်ပြရန် ကြိုးစားထားသည်။ ဖြစ်ရပ်လေ့လာမှုများတွင် အောက်ပါတို့ ပါဝင်သည် -

- မြေယာအသုံးပြုခွင့်၊ ရွှေ့ပြောင်းခံရခြင်းနှင့် ပဋိပက္ခများ အကြား ချိတ်ဆက်မှုများကို ဖော်ပြနေသည့် ပဲခူးရိုးမနှင့် ပအို့ဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့မှ နမူနာများ။
- တရားမဝင် သစ်ထုတ်ခြင်း၏ သက်ရောက်မှုများကိုလည်းကောင်း၊ အန္တရာယ် (risk) ရှိနိုင်သော်လည်း ဒေသခံပြည်သူအဆင့်တွင် တရားမဝင် သစ်ထုတ်မှုကို ကိုင်တွယ်နိုင်ရန် ကြိုးပမ်းအားထုတ်မှုများကိုလည်းကောင်း မီးမောင်းထိုးပြထားသည့် မကွေးတိုင်းဒေသကြီးမှ ဖြစ်ရပ်တစ်ခု။
- ပဋိပက္ခကြောင့် ထိခိုက်ခံနေရသည့် ဒေသခံများ၏ မြေယာ၊ သစ်တောနှင့် ရေအရင်းအမြစ်များကို ကာကွယ်နိုင်ရန်အတွက် ငြိမ်းဖောင်ဒေးရှင်အဖွဲ့က အစုအဖွဲ့ပိုင်သစ်တောနည်းလမ်းဖြင့် ကူညီပေးနေသော ကချင်ပြည်နယ်မှ ဥပမာတစ်ခု။

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေးကို အထောက်အကူပြုပေးနိုင်သော သစ်တောစီမံအုပ်ချုပ်မှု ခိုင်မာအားကောင်းစေမည့် နည်းလမ်းများအား သတ်မှတ်ဖော်ထုတ်ရန်အတွက် ဖြစ်ရပ်လေ့လာမှုများအား သက်ဆိုင်ရာနောက်ခံအကြောင်းအရာများနှင့် ယှဉ်တွဲ၍ ညွှန်ပြနိုင်ရန် ကြိုးစားထားသည်။ ကျား/မ တန်းတူ ညီမျှမှုရှိခြင်းနှင့် ယင်းသို့ ရှိလာစေရန် အသွင်ကူးပြောင်းရေးတို့သည် ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ငြိမ်း ချမ်းရေးတည်ဆောက်မှုတို့၏ အရေးကြီးသော သွင်ပြင်ရှုထောင့်များဖြစ်ကြသည့်အတွက် ဤအစီရင်ခံစာ၏ ကျား/မတန်းတူညီမျှမှုအပိုင်းတွင် ဤပြဿနာအား အဘယ်ကြောင့် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ကိုလည်းကောင်း၊ လက်တွေ့တွင် ကျား/မ တန်းတူညီမျှမှုကို မည်သို့ပေါင်းစပ် ထည့်သွင်းနိုင်မည်ကိုလည်းကောင်း ရှင်းလင်းတင်ပြထားသည်။

## ၁ - ၁ သုတေသနနည်းစနစ်

ဤစာတမ်းသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်၊ နေပြည်တော်၊ မကွေးနှင့် ကချင်ဒေသများရှိ သစ်တောကို မှီခိုနေရသော ဒေသခံပြည်သူများ၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍစသည့် သက်ဆိုင်ရာ အကျိုးဆက်စပ်သူ အမျိုးမျိုးတို့နှင့် ပြုလုပ်ခဲ့သော ဦးတည်အုပ်စုလိုက်ဆွေးနွေးခြင်း (၄) ကြိမ်၊ တစိတ်တပိုင်း ပုံစံချထားသော အရည်အသွေးပြ တွေ့ဆုံမေးမြန်းမှု (၂၀) ကြိမ်နှင့် စာအုပ်စာတမ်းလေ့လာမှုများကို အခြေခံထားသည်။ သုတေသနအဖွဲ့ဝင်များ၊ တွေ့ဆုံမေးမြန်းခဲ့သူများ စာရင်းနှင့် သုတေသန မေးခွန်းလွှာများကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ကြည့်နိုင်ပါသည်။ ထိုနောက်ဆက်တွဲတွင်ပင် ဤသုတေသန လုပ်ငန်း၏ နည်းစနစ်ပိုင်းနှင့် ပတ်သက်သည့် အကန့်အသတ်များကိုလည်း ဆွေးနွေးထားသည်။ ဤလေ့လာမှုတွင် သစ်တောမူဝါဒ၊ တရားဝင်သစ်ဖြစ်မှု၊ သစ်တောဖုံးလွှမ်းမှု၊ တရားမဝင်သစ် ထုတ်မှုတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ရပ်လုံးကိုလည်းကောင်း ဘက်စုံဆန်းစစ် လေ့လာရန် ရည်ရွယ်ထားခြင်းမရှိပါ။ ထိုပြဿနာများနှင့်ပတ်သက်သည့် အမြင်များအားလုံးကို ကိုယ်စားပြုနိုင်သည့် ဆန်းစစ်မှုမျိုး ပြုလုပ်ထားသည်ဟုလည်း မဆိုလိုပါ။ [6]

6 ITF အဖွဲ့နှင့် ဆွေးနွေးထားချက်အရ ဤလေ့လာမှုတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAGs) ၏ အာဘော်အမြင်များကို ထည့်သွင်းရန်လည်း ရည်ရွယ်ထားခြင်းမရှိပါ။

# ၂။ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး - VPA အတွက် အဘယ်ကြောင့် အရေးပါရပါသနည်း။

မြန်မာနိုင်ငံတွင် ပဋိပက္ခ[7]နှင့် ငြိမ်းချမ်းရေးဟု ရည်ညွှန်းပြောဆိုကြရာ၌ ပဋိပက္ခနှင့်ပတ်သက်၍ အလွှာအမျိုးမျိုး ရှိကြောင်းသိထားရမည်ဖြစ်ပြီး၊ (ပြင်းထန်မှုအမျိုးမျိုးရှိသော) အကြမ်းဖက် ပဋိပက္ခများနှင့် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်သော သဘောကွဲလွဲမှုများဟူ၍ ခွဲခြားထားရပါမည်။ အကြမ်းဖျင်း ခွဲခြားကြည့်ပါက ရပ်တန့်မရလောက်အောင်ပင် အပြန်အလှန် ဆက်နွယ်ချိတ်ဆက်နေကြသော အောက်ပါပဋိပက္ခ "အလွှာများ"ကို တွေ့ရပါမည်-

- နိုင်ငံအဆင့်တွင် လူမှုရေးနိုင်ငံရေးဆိုင်ရာ နစ်နာမှုများ၊ နယ်မြေထိန်းချုပ်ရေး ပြဿနာများ၊ မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ် သို့မဟုတ် လွတ်လပ်စွာ အုပ်ချုပ်ခွင့်နှင့် အုပ်ချုပ်မှုအတွက် ဖွဲ့စည်းပုံများစသည်တို့အတွက် အစိုးရ၊ လက်နက်ကိုင်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အမျိုးမျိုးတို့အကြား ဖြစ်ပေါ်နေသည့် လက်နက်ကိုင် တိုက်ခိုက်သည့် နိုင်ငံရေးပဋိပက္ခများ ရှိကြသည်။ အကြီးမားဆုံးနှင့် စုစည်းမှု အကောင်းဆုံးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAGs) သည် ၄င်းတို့ ဗဟိုပြုလှုပ်ရှားနေသည့် နယ်မြေများတွင် သို့မဟုတ် များသောအားဖြင့် အစိုးရ၏ အုပ်ချုပ်မှုစနစ်နှင့်ထပ်လျှက် (ထိုနယ်မြေများကို "အာဏာရောထွေးနေသော" သို့မဟုတ် "စင်ပြိုင်" ဒေသများဟု ခေါ်ဆိုကြသည်) ဒေသခံပြည်သူများကို နှစ်ပေါင်း (၆၀) ကြာ အုပ်ချုပ်နေခဲ့ကြသည်။ မြန်မာ့တပ်မတော်သည် အထူးသဖြင့် ကချင်၊ ရှမ်း၊ ကယား၊ ကရင်၊ မွန်နှင့် တနင်္သာရီဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တိုက်ခိုက်နေခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ဒေသအမျိုးမျိုးတို့တွင် ဆယ်စုနှစ်ပေါင်းများစွာ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ လတ်တလောတွင်ပင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ ပြင်းထန်သော ထိတွေ့တိုက်ပွဲများ ဖြစ်ပေါ်ခဲ့ပြီး၊ နိုင်ငံ၏ အခြားအစိတ်အပိုင်းများတွင်မူ အချိန်မရွေး ကျိုးပေါက်နိုင်သော အပစ်ရပ်စဲထားခြင်းများ ရှိနေပါသည်။

- အလယ်အလတ်အဆင့်တွင်၊ အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီအမျိုးမျိုးတို့က မြေသိမ်းခြင်း ကဲ့သို့သော ပြဿနာများ၊ စစ်ပွဲများနှင့်ဆက်စပ်၍ ဆယ်စုနှစ်များစွာကြာမျှ ရွှေ့ပြောင်းခံရခြင်း၊ မူလနေရာသို့ ပြန်သွားရန် အစီအစဉ်များ နောင့်နှေးခြင်းစသည်တို့အတွက် တစ်ဦးချင်း ပုဂ္ဂိုလ်အမျိုးမျိုးနှင့် ဒေသခံပြည်သူများအကြား တွင်လည်းကောင်း၊ ဆည်များ (ဥပမာ- မြစ်ဆုံ)၊ သတ္တုတွင်းများ (ဥပမာ- လက်ပံတောင်းကြေးနီမိုင်း) ကဲ့သို့သော ဖွံ့ဖြိုးရေး စီမံကိန်းကြီးများအတွက် ဒေသခံပြည်သူများနှင့် အစိုးရ/ပုဂ္ဂလိက အဖွဲ့အစည်းများ အကြားတွင်လည်းကောင်း ပဋိပက္ခများ ရှိကြသည်။ ပြဿနာများကို ကြည့်ပါက အရပ်ဖက်အဖွဲ့အစည်း (CSOs) များနှင့် အစိုးရ အဖွဲ့အစည်းများအကြားတွင်လည်းကောင်း၊ အစိုးရ အဖွဲ့အစည်းများ အကြားတွင်

7 "ပဋိပက္ခ (Conflict)" ဆိုသည်မှာ မတူညီသော တစ်ဦးချင်းပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့များကြားတွင် အတွေးအခေါ်များ၊ လုပ်ငန်းများနှင့်ပတ်သက်၍ သဘောကွဲလွဲခြင်း သို့မဟုတ် ဆန့်ကျင်ဖက်ဖြစ်နေခြင်းကို ရည်ညွှန်းပါသည်။ ပဋိပက္ခဟူသော အသုံးအနှုန်းမှာ မူလအဓိပ္ပါယ်အားဖြင့် ဆိုးရွားခြင်းမရှိပါ၊ လူများအကြားတွင်ဖြစ်စေ၊ အဖွဲ့အစည်းများကြားတွင်ဖြစ်စေ မတူညီမှုများ၊ တင်းမာမှုများကြောင့် မလွှဲမရှောင်သာ ထွက်ပေါ်လာသော ရလဒ်တစ်ခုသာဖြစ်သည်။ "တိုးတက်မှုရှိစေရန်အတွက် ပဋိပက္ခအနည်းငယ်လိုအပ်သည်၊ အဘယ်ကြောင့်ဆိုသော် တိုးတက်မှုဟူသည် ပြောင်းလဲမှုကို လိုအပ်နေပြီး ပြောင်းလဲမှုကလည်း ပဋိပက္ခကို ထွက်ရှိစေသည့်အတွက်ဖြစ်သည်။ International Alert အဖွဲ့အတွက်မူ ပဋိပက္ခဆိုသည်မှာ သာမန် သဘောကွဲလွဲမှုမျိုး မဟုတ်ဘဲ၊ ပြဿနာတစ်ရပ်အဖြစ် ရှုမြင်ခံရသည့် ပြင်းထန်ကျယ်ပြန့်သော ပဋိပက္ခကိုဆိုလိုပါသည်" International Alert, Programming Framework for International Alert – Design, monitoring and evaluation, London: International Alert, 2010, p.5

လည်း (ဥပမာ - သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း)၊ ဝန်ကြီးဌာနများ အကြားတွင်လည်းကောင်း (ဥပမာ - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၊ ဝန်ကြီးဌာနတစ်ခုတည်း အတွင်းတွင်လည်းကောင်း (ဥပမာ - တစ်ဦးချင်းပုဂ္ဂိုလ်များအကြား သို့မဟုတ် ဗဟိုအဆင့်နှင့် ဒေသန္တရအဆင့် အာဏာပိုင်များအကြား တင်းမာမှုများ) ရှုပ်ထွေးသော ဆက်နွယ်မှုများရှိနေကြသည်။ ဝန်ကြီးဌာနများအချင်းချင်းတွင် ထိုသို့သော ပြဿနာများ ရှိပါက ပဋိပက္ခကြောင့် ထိခိုက်ခံနေရသည့် တိုင်းရင်းသားအုပ်စုများနှင့် အစိုးရကြား သဘောကွဲလွဲမှုများကို ပိုဆိုးလာစေသည်။ ကချင်ပြည်နယ်ဥပမာတွင် သစ်တောအသုံးပြုသူအဖွဲ့များသည် ၄င်းတို့၏ အစုအဖွဲ့ပိုင် သစ်တောများအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေမှ ခွင့်ပြုချက် ရရှိရန် မစွမ်းဆောင်နိုင်ခဲ့ကြပေ။[8] (ဖြစ်ရပ်လေ့လာမှု - ၃ ကိုကြည့်ပါ)။

- အခြေခံလူတန်းစားအဆင့်တွင်မူ တစ်ဦးချင်း တောင်သူလယ်သမားများနှင့် သစ်တောအသုံးပြုသူများ အကြား ရပ်ရွာအဆင့် မြေအသုံးပြုမှုဆိုင်ရာ အသေးစားပဋိပက္ခများ ရှိကြသည်။ (များသော အားဖြင့် ရပ်မိ ရပ်ဖများ၊ ခေါင်းဆောင်များနှင့် ဒေသခံအစိုးရဝန်ထမ်းများက ငြိမ်းချမ်းစွာ ဖြေရှင်းပေးတတ်ကြသည်)။ ဥပဒေ ကြောင်းအရ အခွင့်အရေးများနှင့် မိရိုးဖလာ အခွင့်အရေးများ အကြားတွင်လည်းကောင်း၊ ရွှေ့ပြောင်းခံရသည့် နေရာများသို့ ပြန်လာသူများနှင့် လက်ရှိဝင်ရောက် လုပ်ကိုင်နေသူများအကြားတွင်လည်းကောင်း ဖြစ်ပွားသည့် ပဋိပက္ခများမှာ အထူးသဖြင့် အခြားသော ပဋိပက္ခအလွှာများနှင့် အပြန်အလှန်ချိတ်ဆက်နေပါက ဖြေရှင်းရန် ခက်ခဲပါသည်။ တနင်္သာရီဒေသကြီးတွင် တိုက်ပွဲများကြောင့် ရွှေ့ပြောင်းခံရသည့် လူများသည် သူတို့၏ မိရိုးဖလာ ပိုင်ဆိုင်သည့် မြေ သို့မဟုတ် တစ်ဦးချင်းပိုင်/မိသားစုပိုင်မြေများ (ထိုမြေများအတွက် တရားဝင် အမည်ပေါက် စာရွက်စာတမ်းများ မရှိကြပါ) ကို ကုမ္ပဏီတစ်ခုသို့ လုပ်ပိုင်ခွင့်ချထားပေးလိုက်ခြင်းကြောင့်သော်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက သစ်တော ကြိုးပိုင်း/သဘာဝ ထိန်းသိမ်းရေး နယ်မြေအဖြစ် သတ်မှတ်လိုက်သည့် မြေနေရာတွင် ပါဝင် ကျရောက်သွား၍သော်လည်းကောင်း၊ မြေမြုပ်မိုင်းများ ချထားခြင်းကြောင့်သော်လည်းကောင်း မိမိတို့ နေအိမ်နေရာများသို့ ပြန်လာရန်အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ [9]

International Alert အတွက်မူ၊ ငြိမ်းချမ်းရေးဆိုသည်မှာ အကြမ်းဖက်တိုက်ခိုက်မှုများ မရှိခြင်းထက် ပိုမိုကျယ်ဝန်းပါသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ လူများက သူတို့၏ ပဋိပက္ခများအား တိုက်ခိုက်မှုမရှိဘဲ ဖြေရှင်းနိုင်စွမ်းရှိခြင်းနှင့် ဘဝအရည်အသွေး တိုးတက်စေရေးအတွက် လက်တွဲအလုပ်လုပ်နိုင်ခြင်းပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးကို တိုင်းတာရာတွင် ထိတွေ့တိုက်ခိုက်သည့် ဖြစ်ရပ်အရေအတွက်ကိုသာမက၊ "ငြိမ်းချမ်းရေးညွှန်းကိန်းများ (peace factors)" ဖြင့်လည်း တိုင်းတာကြသည်။

8 ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်များ၊ မြို့နယ်များတွင် စီမံအုပ်ချုပ်ပေးခြင်းဖြင့် ပြည်နယ်/တိုင်းဒေသကြီး၏ အရပ်ဖက်အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်သည် ။

9 S. Leckie and J. Arraiza, Restitution in Myanmar. Building lasting peace, national reconciliation and economic prosperity through a comprehensive housing, land and property restitution programme, Displacement Solutions and Norwegian Refugee Council, 2017; and Tarkapaw et al, Green Desert – Communities in Tanintharyi renounce the MSPP Oil Palm Concession, Myanmar: Environmental Investigation Agency and ALARM, 2016

တနည်းအားဖြင့် အောက်ပါအခြေအနေများရှိပါက အပြုသဘောဆောင်သော ငြိမ်းချမ်းရေး ရှိသည်ဟု International Alert အဖွဲ့က သတ်မှတ်ပါသည် -

- လူတိုင်းက တိုက်ခိုက်ခံရမည်ကို ကြောက်ရွံ့မှု သို့မဟုတ် ခြိမ်းခြောက်မှုမရှိဘဲ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ခြင်း သို့မဟုတ် ဥပဒေတွင်လည်းကောင်း၊ လက်တွေ့ဘဝတွင်သော်လည်းကောင်း မည်သည့်တိုက်ခိုက်မှုကိုမျှ သည်းမခံခြင်း။
- လူတိုင်းက ဥပဒေ၏ ရှေ့မှောက်တွင် ညီတူညီမျှရှိခြင်း၊ တရားစီရင်ရေးစနစ်များကို ယုံကြည်ရခြင်း၊ တရားမျှတ၍ ထိရောက်သော ဥပဒေများက ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်ပေးထားခြင်း။
- လူတိုင်းက နိုင်ငံရေးဆုံးဖြတ်ချက်များ ဖော်ဆောင်ရာတွင် ပူးပေါင်းပါဝင်နိုင်စွမ်းရှိခြင်းနှင့် အစိုးရက ပြည်သူများကို တာဝန်ခံခြင်း။
- လူတိုင်းက မိမိတို့၏ ကျန်းမာပျော်ရွှင်ရေးအတွက် အခြေခံ လိုအပ်ချက်များကို တရားမျှတစွာဖြင့် ညီတူညီမျှ လက်လှမ်းမီခြင်း (အစားအစာ၊ သန့်ရှင်းသော ရေ၊ နေစရာ၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သင့်တော်သော နေထိုင်မှုပတ်ဝန်းကျင်စသည်ဖြင့်)
- လူတိုင်းတွင် ကျား/မ၊ တိုင်းရင်းသားလူမျိုး၊ အခြားသတ်မှတ်ချက်အားဖြင့် ခွဲခြားခံရခြင်းမရှိဘဲ၊ အလုပ်လုပ်ကိုင် နေထိုင်ရန် ညီမျှသော အခွင့်အလမ်းရှိခြင်း။

ဤစံနှုန်းကိုက် ရည်မှန်းချက်များ ရရှိစေရေးအတွက် လုပ်ဆောင်သည့် လုပ်ငန်းစဉ်မှာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဟု ရည်ညွှန်းကြသော လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ရရှိရမည့် သို့မဟုတ် ထိန်းထားရမည့် ငြိမ်းချမ်းရေးညွှန်းကိန်း (peace factors) များကို ဖန်တီးပေးနိုင်စွမ်းရှိမည့် ဖြစ်ရပ်များ၊ စနစ်များ၊ လုပ်ငန်းစဉ်များနှင့် ပါဝင်သက်ရောက်သူ (actors) များကို လွှမ်းမိုးနိုင်ရန် ဒီဇိုင်းရေးဆွဲ ပြင်ဆင်ထားသည့် လုပ်ငန်းများနှင့် ကြားဝင်ဆောင်ရွက်မှုများ ပါဝင်ကြသည်။ ဤရည်မှန်းချက်မှာ တိုက်ခိုက်မှုများကို ကြိုတင်ကာကွယ်ခြင်း၊ ရပ်တန့်စေခြင်းထက်လည်းကောင်း၊ (ဤအချက်မှာ ငြိမ်းချမ်းရေးရရန် လိုအပ်သော အချက်တစ်ချက်ဖြစ်သော်လည်း)၊ ပဋိပက္ခများကို ဖြေရှင်းပေးခြင်းထက်လည်းကောင်း များစွာပိုမိုကြီးမားပါသည်။

## ၂-၁ VPA နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အကြား ချိတ်ဆက်မှု

မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ခု ရရှိရေးကို ရှေးရှုလျှက်၊ အခြေခံအဆင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများနှင့်အပြိုင် ပုံစံတကျ ဆောင်ရွက်နေသော နိုင်ငံအဆင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုကို ဆောင်ရွက်နေဆဲဖြစ်သည်။ နိုင်ငံအဆင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့[10] (၂၁) ဖွဲ့အနက် (၈) ဖွဲ့က လက်မှတ်ရေးထိုးထားပြီးဖြစ်သော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) အပါအဝင် ယခင် သမ္မတဦးသိန်းစိန်လက်ထက်က ရရှိခဲ့သော

10 ယခုအစီရင်ခံစာတွင် အခြားသူများက "အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (non-state armed groups)" ဟု ခေါ်ဆိုကြသည်ကို "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့"များဟု ရည်ညွှန်းသုံးထားပါသည်။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များဟူသော အသုံးအနှုန်းမှာ NCA တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့တိုင်းသည် တိုင်းရင်းသားအဖွဲ့မဟုတ်ဟူသော အချက်ကို ထင်ဟပ်စေရန်သုံးကြခြင်းဖြစ်သည်။ (မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ်ကျောင်းသားတပ်ဦး - ABSDF - သည် အဓိကအားဖြင့် ဗမာလူမျိုးကျောင်းသားများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်)

တိုးတက်မှုများကို အခြေခံတည်ဆောက်ထားသည်။[11] ၂၀၁၅ ခုနှစ်တွင် ရွေးကောက်တင်မြှောက် ခံခဲ့ရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရသစ်၏ ထိပ်တန်းဦးစားပေးလုပ်ငန်းမှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံးနှင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိရန်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ထိုရည်မှန်းချက် ရရှိစေရေးအတွက် နိုင်ငံတဝှမ်းတွင် တွေ့ရှိရသည့် သစ်တောသယံဇာတများ အပါအဝင် သဘာဝသယံဇာတများနှင့် ပတ်သက်သည့် တောင်းဆိုချက်အမျိုးမျိုးကို စေ့စပ်ဖြေရှင်းပေးရန် လိုအပ်ပါသည်။

အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် NCA လက်မှတ်ထိုးထားသည့် အဖွဲ့များအကြား နိုင်ငံရေး ဆွေးနွေးပွဲ ပြုလုပ်ရန် မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဖွဲ့စည်းပုံဒီဇိုင်းမှာ ရှုပ်ထွေးပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိုင်းရင်းသားလူမျိုးအလိုက်၊ ပြဿနာရပ်အလိုက်၊ ဒေသအလိုက် ဆွေးနွေးပွဲများ ပြုလုပ်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီဟု ခေါ်ဆိုသောအဖွဲ့သို့ ဆက်လက်တင်ပြပြီးနောက်၊ ထိုကော်မတီက ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အကျေအလည် ဆွေးနွေးရမည့် အဆိုပြုချက်များ ပြင်ဆင်ရသည်။ နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်တစ်ခုကို သဘောတူညီမှု ရရှိထားပြီး၊ ယင်းတွင် ခေါင်းစဉ်ကြီး (၅)ခုဖြင့် ခွဲခြားဆွေးနွေးထားသည်။[12] ယင်းခေါင်းစဉ် (၅)ခုအနက် တစ်ခုမှာ မြေယာ၊ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ အပိုင်းဖြစ်သည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ နိုင်ငံရေးဆွေးနွေးပွဲအတွက် အခြေခံအုတ်မြစ် ချမှတ်ပေးမည့် အစပျိုး ငြိမ်းချမ်းရေးကွန်ဖရင့်များ၊ ကြိုတင်ပြင်ဆင်ရေး ဆွေးနွေးပွဲများကို ပြုလုပ်နေပြီး၊ ကနဦးအဆင့်တွင်သာ ရှိနေသေးသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ကျား/မ၊ အသက်အရွယ်၊ တိုင်းရင်းသားလူမျိုးမရွေး အမိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်နိုင်ရေး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ အချို့နေရာများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် NCA တွင် လက်မှတ်မထိုးရသေးသော လက်နက်ကိုင်အဖွဲ့များ ပါဝင်လာစေရေးတို့ အပါအဝင် စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ လွယ်ကူစွာ အဖြေမထွက်နိုင်သည့် သိမ်မွေ့သော ပြဿနာများစွာကို ဆွေးနွေးရမည့် ရေရှည်လုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာနေပါသည်။ သဘာဝသယံဇာတများအား အကျိုးအမြတ် ခွဲဝေသည့်ရှုထောင့်၊ ဆုံးဖြတ်ချက်ချမှတ်သည့် ရှုထောင့်နှစ်မျိုးလုံးတွင် မည်သို့ စီမံအုပ်ချုပ်မည်၊ သယံဇာတ စီမံအုပ်ချုပ်မှုကို အနာဂတ်ကာလ ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် မည်သို့ချိတ်ဆက်မည်ဆိုသည်မှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အောင်မြင်ရေးနှင့် ငြိမ်းချမ်းရေးတည်တံ့စေရေးတို့အတွက် အရေးကြီးသော အချက်တစ်ချက် ဖြစ်လာပါလိမ့်မည်။

သစ်တောအုပ်ချုပ်မှု အပါအဝင် မြေယာနှင့် သယံဇာတများအကြောင်း ဆွေးနွေးရန် မျှော်မှန်းထားသည့် နိုင်ငံအဆင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို စတင်နေပြီဖြစ်သည့်အတွက် FLEGT VPA ဆိုင်ရာ ဆွေးနွေးမှုများကို နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်နှင့် ချိတ်ဆက်နိုင်မည်လား သို့မဟုတ် ချိတ်ဆက်သင့်ပါသလား (အကယ်၍ ချိတ်ဆက်မည်ဆိုပါက မည်သို့ချိတ်ဆက်မည်နည်း) ဟူသော မေးခွန်းတစ်ခုပေါ်ထွက်လာပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် FLEGT VPA

11 KNU, RCSS, CNF, PNLO, DKBA, ALP, ABSDF နှင့် KPC တို့က NCA တွင် လက်မှတ်ရေးထိုးထားသည်။ UNFC အဖွဲ့ဝင်များ (SSPP, LDU, WNO, KNPP, NMSP, ANC)နှင့် KIO, UWSA, NDAA, NSCN-K တို့က လက်မှတ်မရေးထိုးသေးပါ။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည့် ၂၁ ရာစုပင်လုံညီလာခံတွင် AA, TNLA, နှင့် MNDAA အဖွဲ့ (၃)ဖွဲ့ မပါဝင်ပေ။ UWSA အဖွဲ့ သည် NCA ကို လက်မှတ်ရေးထိုးခြင်းမပြုဘဲ၊ အစိုးရ၊ တပ်မတော်တို့နှင့် သီးခြားစတင်ဆွေးနွေးနိုင်ရန် ကြိုးစားနေသည်။

12 အခြားခေါင်းစဉ် (၄)ခုမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လုံခြုံရေးအပိုင်းတို့ဖြစ်ကြသည်။ Burma News International, Deciphering Myanmar's peace process: A reference guide 2016, Chiang Mai: Burma News International, 2017, p.48

လုပ်ငန်းစဉ် နှစ်မျိုးလုံးမှာ ရည်မှန်းချက်အားဖြင့်လည်းကောင်း၊ ဖြေရှင်းရမည့် ပြဿနာအားဖြင့်လည်းကောင်း ရှုပ်ထွေးကြီးမားပြီး၊ မတူညီသော အကျိုးစီးပွားများ၊ အမျိုးမျိုးသော ချဉ်းကပ်နည်းများ၊ အကန့်အသတ်ရှိသော စွမ်းဆောင်ရည်နှင့် တစ်ဦးကိုတစ်ဦး ကျဉ်းမြောင်းသော ယုံကြည်မှုများရှိနေသည့် အကျိုးဆက်စပ်သူ အမျိုးမျိုးတို့က အဓိပ္ပါယ်ရှိစွာ ချိတ်ဆက်ပါဝင်ကြရန်လည်း လိုအပ်သည်။ လုပ်ငန်းစဉ်နှစ်မျိုးလုံးအတွက် အချိန်များစွာ ကုန်မည်လည်း ဖြစ်ပြီး၊ နိုင်ငံရေးအရ စိန်ခေါ်မှုများ ရှိနေသည့် အခိုက်အတန့်များကိုလည်း ကြုံရဖွယ်ရှိနေပါသည်။

တစ်ဦးချင်း အကျိုးဆက်စပ်သူများက ITF ဆွေးနွေးပွဲများတွင်လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးပွဲ၏ မြေယာနှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေးအပိုင်းတွင်လည်းကောင်း၊ နှစ်မျိုးလုံးတွင် ပုံစံတကျ သို့မဟုတ် အလွတ်သဘောဖြင့် ပါဝင်တက်ရောက် ဆွေးနွေးနေကြသော်လည်း၊ လက်ရှိ VPA နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကြားတွင် ပုံစံတကျ ချိတ်ဆက်ဆောင်ရွက်မှုများ မရှိသေးပါ။ ပုံစံတကျ ချိတ်ဆက်မှုများ လိုအပ်ခြင်းရှိမရှိနှင့် ပတ်သက်၍လည်း ကွဲပြားသော အမြင်များရှိထားကြသည်။ အချို့က ငြိမ်းချမ်းရေး သဘောတူညီချက် အပြည့်အဝမရရှိပါက (ပဋိပက္ခ ကြောင့် ထိခိုက်ခံနေရသော အကျိုးဆက်စပ်သူ အုပ်စုများက VPA ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းစဉ်တွင် အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်နိုင်စွမ်း မရှိသည့်အတွက်) နိုင်ငံအဆင့် VPA လုပ်ငန်းစဉ်အား ဥပဒေကြောင်းအရ အောင်မြင်စွာ သဘောတူညီမှု မရနိုင်မည်ကို စိုးရိမ်ကြသည်။[13] တဖက်တွင်လည်း အခြားသူများက ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိပြီးနောက်ပိုင်းတွင်ပင် VPAလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးသည်ဟုထင်မြင်ကြပါသည်။[14]

ဤလေ့လာမှုအတွင်း တွေ့ဆုံမေးမြန်းခဲ့သူ အများစုတို့ကမူ VPA လုပ်ငန်းစဉ်ကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်အပြိုင် တဖြည်းဖြည်းချင်း တိုးတက်ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်ကြောင်း ပြောကြားခဲ့ကြသည်။ ITF အဖွဲ့ဝင်တစ်ဦး ဖြစ်သည့် လူနည်းစု တိုင်းရင်းသားလူမျိုးတစ်ဦး၏ ပြောစကားအရဆိုပါက "ကျွန်တော်တို့က အခုအချိန်မှာ ဘာလုပ်နိုင်တယ်ဆိုတာကို သိဖို့လိုနေပြီ၊ FLEGT လုပ်ငန်းကတဆင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုမဲ့ နည်းလမ်းတွေ ရှာဖို့ လိုနေပြီ" ဖြစ်ပါသည်။[15] ထို ITF အဖွဲ့ဝင်ကပင် "တရားမဝင် သစ်ထုတ်တာတွေ ရပ်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးရတဲ့ အထိ စောင့်နေမယ်ဆိုရင် ဘာသယံဇာတမှ ကျန်တော့မှာမဟုတ်ဘူး" ဟု အလေးထား ပြောကြားခဲ့ပါသည်။[16] သစ်တောပြန်းတီးမှုနှုန်းကို ထည့်သွင်းစဉ်းစားပါက၊ တရားမဝင်သစ်ထုတ်မှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အမှန်တကယ်လည်း အချိန်များ မဆုံးရှုံးသင့်တော့ပါ။

FLEGT VPA လုပ်ငန်းစဉ်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထက် အလွန်အကျွံ ရှေ့ရောက်နေခြင်းမှ ရှောင်ရှားနိုင်ရေး အတွက် အနည်းဆုံးအားဖြင့် လုပ်ငန်းစဉ်နှစ်ခုကို တစ်နည်းနည်းဖြင့် ဆက်လက်ချိတ်ဆက်ထားရမည်ဟူသော အချက်မှာလည်း အရေးကြီးပါသည်။ ဥပမာအားဖြင့် တရားဝင်သစ်ဖြစ်မှု သို့မဟုတ် တရားဝင်သစ်ဖြစ်ကြောင်း စစ်ဆေးသည့်စနစ်တို့အား အကြံပယူဆွေးနွေးမှုများ လုံလောက်စွာ မပြုလုပ်ဘဲ အဓိပ္ပါယ်ဖွင့်ဆို ဆုံးဖြတ်လိုက်ပါက

13 ဤလေ့လာမှုဆောင်ရွက်သည့်အချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား တွေ့ဆုံမေးမြန်းနိုင်ရန်အတွက် မတရားအသင်းအက်ဥပဒေကဲ့သို့သော အဓိကအဟန့်အတားများရှိခဲ့ပြီး၊ ITF အဖွဲ့ဝင်များကလည်း ထိုအကျိုးဆက်စပ်သူများကို တွေ့ဆုံမေးမြန်းခြင်း မပြုရန် ညွှန်ကြားခဲ့သည်။ ထို့ကြောင့် ပဋိပက္ခဖြစ်ပွားရာဒေသများမှ အကျိုးဆက်စပ်သူများကို တွေ့ဆုံမေးမြန်းရန် လက်လှမ်းမမီခြင်း သာမက၊ ထိုသို့သော အတားအဆီးများဆက်လက်ရှိနေပါက VPA ဆွေးနွေးညှိနှိုင်းရာတွင် ထိုဒေသများမှ အကျိုးဆက်စပ်သူများက မည်သည့် နည်းလမ်းဖြင့် အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်မည်နည်းဟူသော မေးခွန်းတစ်ရပ်ထွက်ပေါ်လာပါသည်။

14 စာတမ်းပြုစုသူများက ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့တွင် တွေ့ဆုံ မေးမြန်းခဲ့သည့် ITF အဖွဲ့ဝင်များနှင့် ဆက်စပ်အရေပ်ဖက်အဖွဲ့စည်းများ။

15 စာတမ်းပြုစုသူများက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ တွေ့ဆုံမေးမြန်းခဲ့သည့် CSO မှ ITF အဖွဲ့ဝင်တစ်ဦး။

16 အထက်ပါအတိုင်း။

နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နေသည့် အကျိုးဆက်စပ်သူများအကြား ယုံကြည်မှုကို ထိခိုက်စေနိုင်ပါသည်။ နိုင်ငံအဆင့် အကျိုးဆက်စပ်သူများသည် VPA လုပ်ငန်းစဉ်နှင့် နိုင်ငံရေး ဆွေးနွေးပွဲများအား ချိတ်ဆက်ရန်အတွက် တိကျသည့် နည်းလမ်းများကို ဖော်ထုတ်ပေးရမည်ဖြစ်ပါသည်။ သို့သော် ဤလုပ်ငန်းမှာလည်း အဖွဲ့ဝင်အားလုံးတွင် တူညီသော သတင်းအချက်အလက်များ ရရှိထားကြောင်း သေချာစေရေးအတွက် MONREC ကိုယ်စားလှယ်များက ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့သည့် မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ ဆွေးနွေးချက်များအား ITF အစည်းအဝေးများတွင် အချိန်နှင့် တပြေးညီ ပြန်လည်တင်ပြဆွေးနွေးပေးရန် လိုအပ်ပါလိမ့်မည်။ ထို့အပြင် VPA နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်မျိုးလုံးတွင် တရားဝင်သစ်ဖြစ်မှုသာမက၊ သစ်တောကို အားကိုးနေရသော ဒေသခံ ပြည်သူများ၏ဓလေ့ထုံးတမ်း အခွင့်အရေးများကိုလည်း ဆွေးနွေးရန်ဖြစ်ပြီး၊ အဓိကကိစ္စရပ်များကို နိုင်ငံအဆင့် ဆွေးနွေးပွဲတွင် ခြုံငုံတင်ပြနိုင်ရန်အတွက် ထိုဆွေးနွေးချက်များကို အသုံးပြုရပါမည်။

# ၃။ ပဋိပက္ခဖြစ်စေနိုင်သော အကြောင်းအရင်းများနှင့် ဆက်စပ်မှုပြဇယား

မြန်မာနိုင်ငံတွင် အဓိကအပိုင်းများ (အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ အရပ်ဖက်အဖွဲ့များ၊ ဒေသခံပြည်သူများ၊ ပုဂ္ဂလိကကဏ္ဍ) အကြားတွင်လည်းကောင်း၊ ထိုအပိုင်းတစ်ပိုင်းချင်းစီ၏ ဂိုဏ်းကွဲများနှင့် ပါဝင်သူ (actors) များအကြားတွင်လည်းကောင်း မတူညီသော လိုလားချက်များ၊ အနေအထားများကြောင့် အပိုင်းပိုင်းကွဲနေခြင်းနှင့် ပဋိပက္ခများဖြင့် ကိုယ်စားပြုထားသည့် ရှုပ်ထွေးသော စီးပွားနိုင်ငံရေးနှင့် လူမှုနိုင်ငံရေး နောက်ခံတစ်ရပ်ရှိနေပါသည်။ ဤအချက်မှာ VPA လုပ်ငန်းစဉ်တွင် ပဋိပက္ခကြောင့် အန္တရာယ်ဖြစ်နိုင်မှုများကို ရင်ဆိုင်နေရသည့် ထိခိုက်လွယ်သော နောက်ခံအကြောင်းအရာပင် ဖြစ်ပါသည်။ အောက်ပါဇယား (၁) တွင် ပဋိပက္ခကြောင့် အန္တရာယ်ဖြစ်နိုင်မှု (conflict risks) များကို အကြမ်းဖျဉ်း ဖော်ပြထားရာ၊ ယင်းဇယား၏ စာတိုင် (၁)တွင် မြန်မာနိုင်ငံ၏ အခြေအနေ အရွေ့များကြောင့် သက်ရောက်မှုရှိနိုင်သည့် ပဋိပက္ခဆိုင်ရာ အဓိကအကြောင်းအရင်းများကိုလည်းကောင်း၊ စာတိုင် (၃) တွင် VPA လုပ်ငန်းစဉ်အပေါ် သက်ရောက်နိုင်မှုများကိုလည်းကောင်း သတ်မှတ်ဖော်ထုတ်ထားသည်။ အပြန်အလှန်အားဖြင့် VPA လုပ်ငန်းစဉ်ကြောင့် ပိုမိုကျယ်ပြန့်သော ပဋိပက္ခအရွေ့များအပေါ် သက်ရောက်နိုင်မှုများကို စာတိုင် (၄) တွင် ဖော်ပြထားသည်။ ဤအပြန်အလှန် သက်ရောက်မှုအရွေ့ကို အသိအမှတ်ပြုထားခြင်းသည် ပဋိပက္ခကို သတိပြုနားသည်မှု၏ မရှိမဖြစ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။

ဤဇယားမှာ ကိုလံဘီယာနိုင်ငံ၏ စီးပွားဖြစ်သစ်တော ပြန်လည်ထူထောင်ရေးကဏ္ဍတွင် ပဋိပက္ခဖြစ်စေမှုကို သတိပြုနားသည်သော စီးပွားရေးဆိုင်ရာ အလေ့အကျင့်များကို လမ်းညွှန်ပေးရန်အတွက် International Alert အဖွဲ့က ဖော်ထုတ်ထားခြင်းဖြစ်ပြီး၊ နိုင်ငံလွှမ်းခြုံအဆင့် ပဋိပက္ခကြောင့် အန္တရာယ်ဖြစ်နိုင်မှုများအား ဆန်းစစ်ခြင်းနည်းလမ်း (Macro Conflict Risk Analysis tool) ကို အခြေခံသုံးထားသည်။[17] ထို့အပြင် အာရှဒေသရှိ REDD + လုပ်ငန်းများနှင့် ပတ်သက်သည့် ပဋိပက္ခကြောင့် အန္တရာယ်ဖြစ်နိုင်မှုများကို သတ်မှတ်ဖော်ထုတ်ရန်အတွက် RECOFTC အဖွဲ့က အသုံးပြုထားသော နည်းလမ်းကိုလည်း ထည့်သွင်းအသုံးပြုထားသည်။[18] ဤဇယားသည် ဆွေးနွေးပွဲများကို ပံ့ပိုးပေးရန်သာ ရည်ရွယ်ထားခြင်းဖြစ်ပြီး၊ FLEGT VPA လုပ်ငန်းစဉ်ကို သက်ရောက်သည့် သို့မဟုတ် FLEGT VPA လုပ်ငန်းစဉ်ကြောင့် သက်ရောက်နိုင်သည့် ပဋိပက္ခဖြစ်စေနိုင်သော အကြောင်းအရင်းများ အားလုံးကို အပြီးသတ် ပြည့်စုံစွာ ဖော်ပြရန် ရည်ရွယ်ထားခြင်းမရှိပါ။ မြန်မာနိုင်ငံ၏ FLEGT VPA လုပ်ငန်းစဉ်တွင် ပါဝင်ကြသည့် အကျိုးဆက်စပ်သူများက အကြံပြုနိုင်၊ ထပ်မံတည်ဆောက်နိုင်၍ တိုးတက်အောင် မွမ်းမံပြင်ဆင်နိုင်သည့် မူကြမ်းအရှင်တစ်ခုအဖြစ် တင်ပြထားခြင်းဖြစ်ပါသည်။

ဤဇယားမှာ VPA လုပ်ငန်းစဉ်သည် ပဋိပက္ခကြောင့် ထိရှလွယ်မှုရှိသည်ဟူသော အချက်ကို ITF အဖွဲ့က အသိအမှတ်ပြု နားလည်စေရေးအတွက် အထူးဒီဇိုင်း ရေးဆွဲထားခြင်းဖြစ်သည်။ သို့သော် ပိုမိုကျယ်ပြန့်သော သစ်တောအုပ်ချုပ်မှုတွင် ပါဝင်နေသူများကလည်း စိတ်ဝင်စားမှုရှိနိုင်ပါသည်။ ဤဇယား၏ စာတိုင် (၂) တွင် လက်ရှိ

17 M. Leonhardt and J. M. Orozco, Conflict-sensitive business practice: Guidance for commercial reforestation in Colombia, Deutsche Gesellschaft für Technische Zusammenarbeit (GTZ) GmbH, International Alert and Global Compact, 2006

18 RECOFTC, Conflict in REDD+: Analysis of sources of conflict based on case studies from South and Southeast Asia, Bangkok, Thailand: RECOFTC – The Center for People and Forests, 2016, p.6

အခြေအနေကို ဆန်းစစ်နိုင်ရန်အတွက် (ဤလေ့လာမှု၏ တွေ့ရှိချက်များကို အခြေခံထားသည့်) မေးခွန်းများကိုလည်း ဖော်ပြထားသည်။ စာတိုင် (၅) တွင်မူ ထိုအခြေအနေကို အပြန်အလှန်စစ်ဆေးနိုင်မည့် ညွှန်းကိန်းများကို အကြံပြု တင်ပြထားသည်။ အားလုံးသော ပဋိပက္ခဆန်းစစ်ရေး လုပ်ငန်းများကဲ့သို့ပင်၊ ဤတွေ့ရှိချက်များက လာမည့် လအနည်းငယ် သို့မဟုတ် နှစ်အနည်းငယ်အတွင်း မကြာခဏ ပြောင်းလဲသွားနိုင်သည့် ပြောင်းလဲမှုများ၏ လက်ရှိ အခြေအနေကို ဖော်ပြထားခြင်းဖြစ်သည်။ ဤဇယားကို စိတ်ဝင်စားသည့် ITF အဖွဲ့ဝင်များ သို့မဟုတ် ဆက်စပ် အရပ်ဖက် အဖွဲ့အစည်းများအနေဖြင့် နောက်ဆုံးရ အချက်များဖြင့် ပုံမှန် (ဥပမာ - သုံးလတစ်ကြိမ်) မွမ်းမံပေးသင့် ပါသည်။

လေ့လာဆန်းစစ်ထားသည့်အဆင့်မှ လက်တွေ့ဆောင်ရွက်မှုဆီသို့ သွားနိုင်ရန် အားပေးသည့်အနေဖြင့် ဤဇယား၏ စာတိုင် (၆) တွင် ပဋိပက္ခကြောင့် အန္တရာယ်ဖြစ်နိုင်မှုတစ်ခုချင်းအတွက် ဖြစ်နိုင်သော လျှော့ချရေး မဟာဗျူဟာများကို စုစည်းတင်ပြထားပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဖြင့် ပါဝင်ကူညီနိုင်မည့် လုပ်ငန်းများကို ဖော်ပြထား သည်။ ITF/MSG အဖွဲ့သည် ဤပဋိပက္ခ ညွှန်းကိန်းများကို ပုံမှန်စောင့်ကြည့်၊ စစ်ဆေးခြင်းအားဖြင့် ပဋိပက္ခကြောင့် တင်းမာမှု တိုးလာခြင်းကို ရှောင်ရှားနိုင်ရန်၊ အန္တရာယ်ဖြစ်နိုင်မှု (risks) များကို လျှော့ချရန်နှင့် ငြိမ်းချမ်းရေးဆီသို့ ဦးတည်နေမှုကို အထောက်အကူပြုစေရန်အတွက် လိုအပ်သော လုပ်ငန်းများဆောင်ရွက်နိုင်ပါမည်။

## ဇယား (၁) - ပဋိပက္ခဖြစ်စေနိုင်သော အကြောင်းအရင်းများ နှင့် ဆက်စပ်မှုပြဇယား

| ပဋိပက္ခဖြစ်စေ နိုင်သော အကြောင်း အရင်းများ | စဉ်းစားရမည့် မေးခွန်းနမူနာများ | VPA လုပ်ငန်းစဉ် ကြောင့် သက်ရောက်နိုင်မှု | VPA လုပ်ငန်းစဉ်အပေါ် သက်ရောက်နိုင်မှု (အန္တရာယ်ဖြစ်နိုင်ခြေ) | ဖြစ်နိုင်သော ညွှန်းကိန်းများ | ဖြစ်နိုင်သော လျော့ပါးရေး မဟာဗျူဟာ |
|---|---|---|---|---|---|
| **ပူးပေါင်းပါဝင်မှု မရှိခြင်း** | ဆွေးနွေးညှိနှိုင်းမှုများ သည် ကိုယ်စားပြုမှု၊ လက်လှမ်းမီမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိပါသလား။ ထိခိုက်ခံရသည့် တိုင်းရင်းသား အုပ်စုများ အားလုံး ပူးပေါင်းပါဝင်ပါသလား။ | အားလုံးပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှု မရှိပါက လက်ရှိနစ်နာမှုများကို ပိုဆိုးစေနိုင်သည် သို့မဟုတ် ပဋိပက္ခများ ဖြစ်စေနိုင်သည်။ | ယုံကြည်မှုနှင့် ပူးပေါင်းပါဝင်မှု မရှိခြင်းကြောင့် ထိရောက်မှုနှင့် ပွင့်လင်းမြင်သာမှု နည်းပြီး၊ VPA လည်း အောင်မြင်မှု နည်းပါမည်။ | မတူညီသော အကျိုးဆက်စပ်သူ အုပ်စုများ (တိုင်းရင်းသား၊ အသက်အရွယ်၊ ကျား/မ စသည်ဖြင့်) မှ တက်ကြွစွာ ပူးပေါင်းပါဝင်သည့် အဖွဲ့ဝင် အရေအတွက် | ရှင်းလင်းတိကျစွာ ဆက်သွယ် ပြန်ကြားခြင်း၊ နိုင်မာအားကောင်း၍ စဉ်ဆက်မပြတ်သော အားလုံး ပူးပေါင်းပါဝင်မှုနှင့် တာဝန်ခံမှု ဖြစ်စေသော နည်းလမ်းများ |
| **ဆက်သွယ် ပြန်ကြားမှု မရှိခြင်း** | အကျိုးဆက်စပ်သူ အားလုံးက လက်လှမ်းမီနိုင်သည့် FLEGT အကြောင်း ဆက်သွယ် ပြန်ကြားမှုများသည် ရှင်းလင်းတိကျမှု ရှိပါသလား။ | ရှင်းလင်းတိကျသော ဆက်သွယ်ပြန်ကြားမှု မရှိပါက အကျိုးဆက်စပ်သူအချို့ (အထူးသဖြင့် ဝေးလံဒေသများ) က လုပ်ငန်းစဉ် အပေါ် မယုံကြည်တော့ပါ။ | ယုံကြည်မှု နည်းပါးခြင်းကြောင့် ဆက်သွယ်ပြန်ကြားရေးကို ခက်ခဲစေသည်၊ တိုင်းရင်းသား ဘာသာ စကားမျိုးစုံကို စဉ်းစားသင့်သည်၊ အကျိုးဆက်စပ် သူများသို့ "ရောက်ရှိရန် ခက်ခဲခြင်း" ဆိုင်ရာ စိန်ခေါ်မှုများရှိသည်။ | ထုတ်ဝေသည့် ဆက်သွယ် ပြန်ကြားရေး စာတမ်းစာစောင်များ အရေအတွက်၊ အကြံဉာဏ် ဆွေးနွေးပွဲ အရေအတွက်၊ အကြံဉာဏ် ဆွေးနွေးပွဲ ပြုလုပ်သည့် နေရာ အရေအတွက် | စာတမ်းစာစောင်များ ကို တိုင်းရင်းသား ဘာသာစကားသို့ ဘာသာပြန်ဆိုခြင်း၊ ဖြန့်ကြက်ရောက်ရှိရေး အစည်းအဝေးများ ပြုလုပ်ခြင်း၊ သတင်းစာ ရှင်းလင်းပွဲများ ပြုလုပ်ခြင်း |
| **ကျား/မ တန်းတူ ညီမျှမှု** | VPA ဆွေးနွေး ညှိနှိုင်းမှုများတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်နေကြပါသလား။ | VPA တွင် အမျိုးသမီးများ၏ စိုးရိမ်မှုများ အဓိပ္ပါယ်ရှိစွာ မပါဝင်ပါက ကျား/မ တန်းတူ မညီမျှကို ပိုဆိုးစေသည်ဟု အမြင်ခံရပါမည် | VPA ဆွေးနွေးပွဲများ တွင် အမျိုးသမီးများ အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်နိုင်ရန် အတား အဆီးများ ရင်ဆိုင်ရနိုင်သည် (စွမ်းဆောင်ရည်၊ ယဉ်ကျေးမှု စံနှုန်းများ၊ အလားတူ အတွေ့အကြုံမရှိခြင်း စသည်ဖြင့် ) | VPA အစည်းအဝေးများ တွင် တက်ရောက်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း (ဆွေးနွေးခြင်း) နှစ်မျိုးလုံးဖြင့် ပါဝင်ကူညီသော အမျိုးသမီး အရေအတွက်<br><br>သစ်တောအသုံးပြုမှုနှင့် သစ်တောစီမံ အုပ်ချုပ်မှုတွင် ထည့်သွင်းစဉ်းစားသော အမျိုးသမီးများ၏ အခန်းကဏ္ဍ အရေအတွက် | ကျား/မ သီးသန့် ခွဲတမ်း သို့မဟုတ် သီးသန့်ရည်မှန်းချက်၊<br><br>အမျိုးသမီးများ ပူးပေါင်းပါဝင်စေမည့် အထူးအကူအညီများ |

| | | | | | |
|---|---|---|---|---|---|
| **ဒေသခံ များက ရိုတ် ဆက် ပါဝင်မှုမရှိခြင်း** | သစ်တောစီမံ အုပ်ချုပ်ရေးစနစ် တိုးတက်လာခြင်းကြောင့် ဒေသခံပြည်သူများက အကျိုးကျေးဇူး ရကြပါသလား။ | သစ်တော စီမံအုပ်ချုပ်ရေးစနစ်တွင် ဒေသခံပြည်သူ အခွင့်အရေးများကို ပိုမိုကာကွယ်ပေးခြင်းနှင့် ပိုမိုအားကောင်းစေခြင်း (ဥပမာ - အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း) | သစ်တော စီမံအုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေးတွင် အရပ်ဖက် အဖွဲ့အစည်း/ ဒေသခံပြည်သူများက သွင်းအားစုများ ထည့်သွင်းနိုင်ရန် ပွင့်လင်းမြင်သာမှုနှင့် အခွင့်အလမ်းမရှိခြင်းကြောင့် မယုံကြည်မှုများ ပိုမိုများပြားလာပြီး၊ VPA ကို ညှိနှိုင်း ဆွေးနွေးရန်နှင့် အကောင်အထည်ဖော်ရန် ပိုမိုခက်ခဲစေသည်။ | VPA သဘောတူညီချက်အရ တရားဝင်သစ်ဖြစ်မှုကို ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ အခွင့်အရေးနှင့် အခန်းကဏ္ဍများကို ရည်ညွှန်းခြင်း | VPA လုပ် ငန်းစဉ်နှင့် အခြား ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတွင် အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်နိုင်ရေး အတွက် အရပ်ဖက် လူမှုအဖွဲ့အစည်းများ နှင့် ဒေသခံပြည်သူ အဖွဲ့အစည်းများအား ရန်ပုံငွေ ထောက်ပံ့ပေးခြင်း |

*မှတ်ချက်။ ။အတိုင် (၁) တွင် ဖော်ပြထားသည့် ခေါင်းစဉ်တစ်ခုချင်းစီကို အောက်တွင်အသေးစိတ် ထပ်မံဆွေးနွေး ထားပါသည်။*

## ၃-၁ ပူးပေါင်းပါဝင်ခြင်း

အဓိက ပြဿနာတစ်ရပ်မှာ အထူးသဖြင့် ပဋိပက္ခ/တိုက်ပွဲများဖြစ်နေခြင်း၊ ဥပဒေနှင့် နိုင်ငံရေးဆိုင်ရာ ပြဿနာများ၊ စွမ်းဆောင်ရည်ဆိုင်ရာ စိန်ခေါ်မှုများနှင့် အခြားအကြောင်းပြချက်များကြောင့် လက်ရှိတွင် ပုံစံတကျ ပူးပေါင်းပါဝင်ခြင်း မရှိကြသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ သို့မဟုတ် ယင်းတို့၏ နိုင်ငံရေးအဖွဲ့များ အပါအဝင် အကျိုးဆက်စပ်သူ အားလုံးတို့က FLEGT လုပ်ငန်းစဉ်တွင် လုံလောက်စွာ ပူးပေါင်းပါဝင်လာစေရန် မည်သို့ဆောင်ရွက် မည်နည်းဟူသော မေးခွန်းဖြစ်ပါသည်။ ယခုအချိန်အထိ စေ့စပ်ညှိနှိုင်း ဖြေရှင်းနည်းတစ်ခုမှာ နိုင်ငံအဆင့် ဆွေးနွေးပွဲများတွင် အကျိုးဆက်စပ်သူ အရပ်ဖက်တိုင်းရင်းသားများက တိုင်းရင်းသားအဖွဲ့များ၏ အမြင်များကို ကိုယ်စားပြု တင်ပြပေးခြင်းဖြစ်သည်။ ဤနည်းလမ်းမှာလည်း လက်တွေ့ကျမှုနှင့် ထောက်ပံ့ဖြည့်ဆည်းမှုအရလည်းကောင်း၊ ကိုယ်စားပြုမှုအရလည်းကောင်း စိန်ခေါ်မှုအများအပြားရှိနေပါသည်။ တခါတရံတွင် တိုင်းရင်းသား CSO အဖွဲ့ဝင်များသည် ရန်ကုန်နှင့် နေပြည်တော်တွင် ပြုလုပ်သော ITF အဖွဲ့အစည်းအဝေး အားလုံးသို့ တက်ရောက်နိုင်စွမ်း မရှိကြပါ။ ITF အဖွဲ့၏ လက်ရှိ ကိုယ်စားလှယ်များကို ၂၀၁၅ ခုနှစ် အစောပိုင်းတွင် ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုခ္ခ ပထဝီဒေသကို အခြေခံ၍ ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ရာ၊ ITF အဖွဲ့တွင်းရှိ လက်ရှိ CSO ကိုယ်စားလှယ် (၈) ဦးတို့သည် မြန်မာနိုင်ငံ၏ အဓိကတိုင်းရင်းသား (၈) မျိုးနှင့် ပြည်နယ် (၇) ခု၊ တိုင်းဒေသကြီး (၇) ခုတို့ရှိ တိုင်းရင်းသား လူမျိုးစုငယ် (၁၀၀) ကျော်တို့အပါအဝင် မြန်မာနိုင်ငံ၏ အရပ်ဖက် လူမှုအသိုက်အဝန်းတစ်ခုလုံးကို ကိုယ်စားပြုမည်ဟု မျှော်လင့်ထားပါသည်။ အရေအတွက် အကန့်အသတ်ရှိသော အရပ်ဖက် လူမှုအသိုက်အဝန်းကိုယ်စားလှယ် အနည်းငယ်တို့က (ထိုကိုယ်စားလှယ်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဦးစားပေး လုပ်ငန်းများကိုလည်းကောင်း၊ နောက်ခံဘဝနှင့် တိုင်းရင်းသားဖြစ်မှုကို အခြေခံ၍ ပုံဖော်ထားသော ပုဂ္ဂိုလ်ရေးအမြင်များကိုလည်းကောင်း မလွှဲမရှောင်သာ ယူဆောင်လာကြသေးသည်) အလွန်များပြားသော အုပ်စုများ၏ အမြင်များကို မည်သည့်နည်းလမ်းဖြင့် အဓိပ္ပါယ်ရှိစွာ ကိုယ်စားပြုနိုင်မည်နည်း။ ထိုကိုယ်စားလှယ်များက ကိုယ်စားပြုမည်ဟု မျှော်မှန်းထားသည့် အုပ်စု အမျိုးမျိုးတို့၏ ထင်မြင်ချက်များ၊ ဦးစားပေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှောင်လွှဲမရနိုင်သော ကွဲပြားခြားနားမှုများကို မည်သို့ကိုင်တွယ်ကြမည်နည်း။ ထိုအုပ်စု

များ၏ မူဝါဒညွှန်ကြားချက်များကို မည်သို့ပေးမည်နည်း။ ကိုယ်စားလှယ်များက ထိုအုပ်စုများကို မည်သည့်နည်းလမ်းဖြင့် တာဝန်ခံမည်နည်း။

အဓိပ္ပါယ်ရှိသော ကိုယ်စားပြုခြင်းအတွက် စနစ်ကျ၍ ပွင့်လင်းမြင်သာမှုရှိသော အကြံဉာဏ်ဆွေးနွေးခြင်း လုပ်ငန်းစဉ်တစ်ရပ်နှင့် အုပ်စုများ၊ ဒေသခံအဖွဲ့များအားလုံး၏ ဦးစားပေးလုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ရန် လိုအပ်ပါသည်။ သို့မှသာ CSO ကိုယ်စားလှယ်များအနေဖြင့် ITF အစည်းအဝေးတွင် ရှင်းလင်းတိကျသော သွင်းအားစုအမြင်များနှင့် ဦးစားပေးလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ပါလိမ့်မည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် EITI လုပ်ငန်းစဉ်[19]အတွက် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်နှင့် အကြံဉာဏ်ဆွေးနွေးပွဲများအကြားတွင် အကျိုးဆက်စပ်သူများအဖွဲ့ အပါအဝင် အပြိုင်ဆောင်ရွက်ရသည့် ကိစ္စရပ်များ ရှိနေပါသည်။ EITI လုပ်ငန်းစဉ်မှ ရရှိသည့် သင်ခန်းစာတစ်ခုမှာ အဖွဲ့ဝင် (၅၀၀) ခန့်ဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာ မဟာမိတ်အဖွဲ့ဟု ခေါ်ဆိုသော CSO အဖွဲ့များဆိုင်ရာ "အတွင်းရေးမှူးရုံး" ဖြစ်သည်။[20] CSO အဖွဲ့များအား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် "အရပ်ဖက် အဖွဲ့အစည်း" ဟူသော အကျိုးဆက်စပ်သူအုပ်စု၏ မတူကွဲပြားသော အဖွဲ့ဝင်များနှင့် အမြင်များအကြားရှိ အဓိကအချက်များကို သဘောတူညီမှုရရှိစေရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုသို့သော အဖွဲ့တစ်ဖွဲ့ တည်ထောင်ခြင်းမှာ အချိန်ယူရသည့်အပြင်၊ တိုင်းရင်းသားအုပ်စုများ၏ ယုံကြည်မှုရရှိထားပြီး၊ ဆွေးနွေးညှိနှိုင်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ရန် တာဝန်ပေးအပ်ခြင်း ခံထားရသော အတွေ့အကြုံရှိ ဆွေးနွေးပွဲ ပံ့ပိုးကူညီပေးသူ (facilitator) များ၊ နည်းပညာကျွမ်းကျင်သူများထံမှ ထပ်တိုးစွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း သို့မဟုတ် ပံ့ပိုးကူညီပေးခြင်းလည်း လိုအပ်နိုင်ပါသည်။ ဆွေးနွေးပွဲများတွင် (အကောင်းဆုံးမှာ) အားလုံး၏ သဘောတူညီချက်ဖြင့် ရှင်းလင်းတိကျသော ဆုံးဖြတ်ချက်များ ရရှိနိုင်ရေးနှင့် ချန်လှပ်ခံထားရသည်ဟု ခံစားနေရသော အကျိုးဆက်စပ်သူများအား လုပ်ငန်းစဉ်ကြောင့် နစ်နာမှုများ မဖြစ်စေရေးအတွက် အတွေ့အကြုံရှိ၍ ယုံကြည်ထိုက်သော ပံ့ပိုးကူညီသူ (facilitators) များထံမှ နည်းပညာ အကူအညီများကို မရှိမဖြစ်လိုအပ်ပါလိမ့်မည်။

## ၃-၂ ဆက်သွယ်ပြန်ကြားရေး

FLEGT VPA ဆွေးနွေးညှိနှိုင်းမှုများမှာ သယံဇာတပိုင်ဆိုင်မှု၊ တရားဝင်ဖြစ်မှုစသည့် ထိရှလွယ်သော ပြဿနာများနှင့် တရားဝင်ဖြစ်မှု သေချာစေရန် အကျိုးဆက်စပ်သူအမျိုးမျိုး၏ အခန်းကဏ္ဍများကို လွှမ်းခြုံနိုင်မည့် အလားအလာရှိသည့်အတွက်၊ ရှင်းလင်းတိကျသော ဆက်သွယ်ပြန်ကြားရေးမှာ မရှိမဖြစ် လိုအပ်ပါသည်။ ပြည့်စုံသော FLEGT လုပ်ငန်းစဉ်၏ ရှုထောင့်အားလုံး (လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များ၊ ပါဝင်သည့်အဆင့်များ၊ ယနေ့အထိ တိုးတက်မှုများ၊ အချိန်ဇယားများ၊ ပါဝင်ဆောင်ရွက်သူများနှင့် မဟာမိတ်များ၊ ပူးပေါင်းပါဝင်နိုင်သည့် အခွင့်အလမ်းများ၊ ဆွေးနွေးပွဲများတွင် တင်ပြသည့်အချက်များ၊ ဆွေးနွေးနေသည့်အချက်များ၊ ဆွေးနွေးဆဲ ရွေးချယ်စရာနည်းလမ်းများစသည်ဖြင့်) အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ပြန်ကြားရေးတို့ကို အကျိုးဆက်စပ်သူအားလုံးနှင့် နိုင်ငံသား အားလုံးတို့က မြန်မာဘာသာစကားဖြင့်လည်းကောင်း၊ တိုင်းရင်းသားဘာသာစကားများဖြင့်လည်းကောင်း သင့်တော်သကဲ့သို့ လွယ်ကူစွာ လက်လှမ်းမီ ရရှိသင့်ပါသည်။ ဤအဆင့်တွင် အမျိုးသားနှင့် အမျိုးသမီးအကြား၊ မြို့ပြနှင့် ကျေးလက်အကြား ရှိနေသည့် မတူညီသော ဘာသာစကား၊ အသိပညာနှင့် (လက်လှမ်းမီမှုအတွက်) အတားအဆီးများကိုလည်း

19 သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာရှိစေရေးအစပျိုးလုပ်ငန်း (EITI) ဆိုသည်မှာ ရေနံ၊ ဓါတ်ငွေ့နှင့် သတ္တုများအပါအဝင် တူးဖော်ထုတ်လုပ်နိုင်သော သယံဇာတများအား ပွင့်လင်း၍ တာဝန်ခံမှုရှိစွာ ဖြင့် စီမံအုပ်ချုပ်ရေးကို မြှင့်တင်ပေးသည့် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းတစ်ခုဖြစ်သည်။

20 ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စာတမ်းပြုစုသူများနှင့် ဆွေးနွေးခဲ့သည့် International Alert အဖွဲ့ဝင်များ

© Roberto Cornacchia/Alamy Stock Photo

၂၀၁၆ ခုနှစ် ကယားပြည်နယ်အတွင်း ခုတ်လဲထားသောသစ်များကို သယ်ယူပို့ဆောင်နေပုံ

ထည့်သွင်းစဉ်းစားသင့်ပါသည်။ CSO အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ALARM နှင့် ဥရောပသမဂ္ဂ သစ်တောအဖွဲ့ (EFI) တို့အပါအဝင် Palladium အဖွဲ့ (မြန်မာနိုင်ငံ၏ FLEGT လုပ်ငန်းစဉ်ကို ကူညီပေးရန် DFID အဖွဲ့မှ ကန်ထရိုက်ရရှိထားသည့်အဖွဲ့)နှင့် ITF အဖွဲ့ဝင်များသည် သတင်းနှင့် ပညာပေး စာတမ်းစာစောင်များ ထုတ်ဝေခြင်း၊ (FLEGT VPA အကြောင်း အချက်အလက်များ ပါဝင်သည့်) "VPA unpacked" စာတမ်းကို မြန်မာဘာသာပြန်ဆိုခြင်း၊ FLEGT အတွင်းရေးမှူးရုံးတွင် ပြန်ကြားရေးကို ဦးတည်သည့် စာတိုက်စနစ်တည်ထောင်ရန် ရန်ပုံငွေထောက်ပံ့ခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးများတွင် လတ်တလော ဆောင်ရွက်ခဲ့သည့် ဖြန့်ကြက်ရေး အစည်းအဝေးများအား ရန်ပုံငွေ ထောက်ပံ့ခြင်းတို့ဖြင့် ဆက်သွယ်ပြန်ကြားရေး လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် စတင်ဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် ဥရောပသမဂ္ဂကလည်း ITF အဖွဲ့အား ဆက်သွယ်ပြန်ကြားရေး မဟာဗျူဟာရေးဆွဲရန် အကူအညီပေးမည့် အကြံပေးပုဂ္ဂိုလ်တစ်ဦးအတွက် ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ ဤအချက်များမှာ (ဖြန့်ဝေခဲ့သော ဦးတည်နယ်ပယ်များတွင် ထိရောက်မှုများရှိခဲ့ပြီး[21]) ကောင်းမွန်သော အစလုပ်ငန်းများဖြစ်သော်လည်း၊ ဆွေးနွေးပွဲများ ဆက်လက်ပြင်ဆင်လာသည်နှင့်အမျှ များစွာပိုမိုကျယ်ပြန့်သော ပြည်သူလူထုများဆီသို့ ဖြန့်ကြက်ရောက်ရှိနိုင်ရန် တိုးချဲ့နိုင်ရပါမည်။

ပြန်ကြားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းတိကျမှုတို့သည် ITF/MSG အဖွဲ့မှ ပိုမိုကျယ်ပြန့်သော လူထုများဆီသို့လည်းကောင်း၊ ဒေသခံပြည်သူအဆင့်မှ ITF/MSG အဖွဲ့သို့ (အိမ်ထောင်စု၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးစသည်ဖြင့်) အဆင့်ဆင့် ကိုယ်စားလှယ်များဖြင့် တင်ပြခြင်းဖြင့်လည်းကောင်း လမ်းကြောင်း (၂) ခုလုံးတွင် စီးဆင်းနေသင့်ပါသည်။ အမြင်ကွဲပြားမှုများ ပေါ်ထွက်လာနိုင်သည်နှင့်အမျှ၊ အငြင်းပွားမှုများ သို့မဟုတ် တိုင်ကြားချက်များကို ဖြေရှင်းပေးမည့် လုပ်ငန်းစဉ်များကို ဖွဲ့စည်းတည်ထောင်၍ ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲကာ တိကျသော နောက်ဆက်တွဲလုပ်ငန်းများ ဆောင်ရွက်ရပါမည်။[22] ဤလုပ်ငန်းကြောင့် မရင့်ကျက်သေးသော အမြင်များ ရှိကြသည့် လူများက ဆိုးကျိုးရလဒ်များအား လက်ခံလာလိမ့်မည်ဟု အာမခံချက်မပေးနိုင်သော်လည်း၊ ပွင့်လင်း

21 မြစ်ကြီးနားတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်မှ ၁၉ ရက်အထိ ပြုလုပ်ခဲ့သော CSO များနှင့် ဦးတည်အုပ်စုလိုက်ဆွေးနွေးပွဲ

22 ဤလုပ်ငန်းတွင် တိုင်ကြားချက်များအား မှတ်ပုံတင်နိုင်ရန် သို့မဟုတ် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများအား နောက်ဆက်တွဲ အရေးယူဆောင်ရွက်ထားရှိမှုများကို မေးမြန်းနိုင်သည့် အရေးပါဖုန်းလိုင်းများ၊ ဝဘ်ဆိုဒ်များလည်း ပါဝင်နိုင်ပါသည်။

မြင်သာ၍ တာဝန်ခံမှုရှိသော လုပ်ငန်းစဉ်များမှတဆင့် ယုံကြည်မှု ဖန်တီးပေးခြင်းဖြင့် အဆိုပါ ရလဒ်များကို လက်ခံလာနိုင်သည့် အလားအလာကို သိသာစွာ တိုးမြှင့်ပေးပါလိမ့်မည်။ မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းမှုများ (ဥပမာ - ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးမှုများ) ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု မရှိကြောင်း အရပ်ဖက်အဖွဲ့အစည်းများ၏ စောဒကတက်မှုများ ရှိနေခြင်းသည် ဥရောပသမဂ္ဂနှင့် အထူးပင်သက်ဆိုင်မှု ရှိနေပါသည်။[23]

## ၃-၃ ကျားမ တန်းတူညီမျှမှု

အမျိုးသမီးများနှင့် သူတို့၏ ဘဝများအပေါ် သက်ရောက်နေသည့် သစ်တောအုပ်ချုပ်ရေးစနစ်အပါအဝင်၊ သစ်တော သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဿနာများအား ဆုံးဖြတ်ချက်ချမှတ်ရာ၌ ပူးပေါင်းပါဝင်ရန်မှာ အမျိုးသမီးများ၏ အခွင့်အရေးဖြစ်ပါသည်။ အားလုံးက အဓိပ္ပါယ်ရှိစွာ ပါဝင်ခြင်းဖြင့် အကျိုးဆက်စပ်သူများစွာ ပါဝင်သော လုပ်ငန်းစဉ်များကို ပိုမိုခိုင်မာအားကောင်းစေပြီး၊ ငြိမ်းချမ်းရေးအတွက် ပါဝင်ကူညီနိုင်မှု အလားအလာကိုလည်း တိုးတက်စေပါလိမ့်မည်။ FLEGT VPA/MSG နှင့် အရပ်ဖက် အဖွဲ့အစည်းများမှ ဆောင်ရွက်သော စီမံကိန်းများနှင့် အထောက်အကူပြု လုပ်ငန်းများ၏ အဆင့်အားလုံးတွင်လည်းကောင်း၊ တိုင်ပင်ဆွေးနွေးပွဲများနှင့် ဆွေးနွေးညှိနှိုင်းပွဲများတွင်လည်းကောင်း အမျိုးသမီးများက အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်၍ သင်တန်းများ၊ စွမ်းဆောင်ရည် တည်ဆောက်ရေး လုပ်ငန်းများကဲ့သို့သော ဆက်စပ်အကျိုးကျေးဇူးများ အားလုံးကိုလည်း လက်လှမ်းမီရရှိသင့်သည်။

FLEGT နှင့်ပတ်သက်သည့် လုပ်ငန်းများတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည် -

- ပူးပေါင်းပါဝင်ရာတွင် အမျိုးသမီးများ ရင်ဆိုင်နေရသည့် အတားအဆီးများ (ဥပမာ- တိုင်းရင်းသား ပြည်နယ်မှ ရန်ကုန်/နေပြည်တော်သို့ ခရီးသွားခြင်းကဲ့သို့သော ခရီးဝေးထွက်ခြင်း သို့မဟုတ် အစည်းအဝေး တက်ရောက်ခြင်းကို ဟန့်တားနေသည့် အိမ်ထောင်မှု တာဝန်များနှင့် လူမှုဆိုင်ရာ ရှေးရိုးစွဲစံနှုန်းများ) - ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးပွဲများတွင် အမျိုးသမီးများ တက်ရောက်၍ ဆွေးနွေးနိုင်ရန် အထူးဖော်ပြ၍ ဖိတ်ကြားခြင်း၊ ကလေးထိန်းစရိတ်များ သို့မဟုတ် လိုအပ်ပါက ကလေးထိန်းအတွက် ခရီးစရိတ်များ ကျခံပေးခြင်း၊ အိမ်ထောင်မှုတာဝန်များကို စီစဉ်နိုင်ရေးအတွက် အစည်းအဝေးများ ရှိကြောင်း ကြိုတင်အသိပေးခြင်း၊ ပံ့ပိုးကူညီသူများက အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုနှင့် အကျေအလည် ဆွေးနွေးချက်များကို တန်ဖိုးထားကြောင်းနှင့် (အထူးသဖြင့် အမျိုးသား အထက်အရာရှိများနှင့် CSO အဖွဲ့များမှ ငယ်ရွယ်သော အမျိုးသမီးများအကြား လုပ်ပိုင်ခွင့်မညီမျှမှုများ ရှင်းလင်းစွာ ပေါ်ပေါက်နေသော အခြေအနေမျိုးတွင်) အမျိုးသမီးများ၏ တင်ပြဆွေးနွေးချက်များကို လစ်လျူရှုထားခြင်း မရှိကြောင်း ရှင်းလင်းစွာ နားလည်ထားခြင်း စသည်တို့ဖြင့် ဖြေရှင်းပေးနိုင်ပါသည်။
- တောတောင်ဒေသ ပတ်ဝန်းကျင် သို့မဟုတ် ခရီးသွားလာခြင်းတွင် လိင်အကြမ်းဖက်မှုနှင့် ကျား/မ ခွဲခြားအကြမ်းဖက်မှု[24]နှင့် ပတ်သက်၍ အမျိုးသမီးများ၏ အထူးထိခိုက်လွယ်မှု - အစည်းအဝေးများ၊ သင်တန်းများကို အလင်းရောင်ကောင်းစွာရရှိ၍ ဘေးကင်းလုံခြုံသော နေရာများတွင် ပြုလုပ်ခြင်း၊ စိုးရိမ်မှုများကို ဘေးအန္တရာယ်

23 E. Röell, The pending EU-Myanmar Investment Protection Agreement: Risks and opportunities. ACT Alliance, 2017, http://actalliance.org/wp-content/uploads/2017/04/EU-Myanmar-IPA-Risks-and-Opportunities.pdf

24 တစ်စုံတစ်ဦး၏ ကျား/မ ဖြစ်တည်နေမှုကို အခြေပြုပြီး ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ နှုတ်အားဖြင့်သော်လည်းကောင်း၊ စိတ်ခံစားမှုဖြင့်သော်လည်းကောင်း၊ စီးပွါးရေးအရသော်လည်းကောင်း အကြမ်းဖက်မှု ခံရခြင်း

ကင်းရှင်းစွာ မျှဝေပြောကြားနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်း၊ အစီအစဉ်အရ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိသားစု သို့မဟုတ် ရပ်ရွာပြည်သူများက မည်သို့တုန့်ပြန်နိုင်သည်ကို ထည့်သွင်းစဉ်းစားပေးခြင်း၊ တက်ကြွလှုပ်ရှားသူများအပေါ် သက်ရောက်နိုင်သည့် ပုဂ္ဂိုလ်ရေး အန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှုတို့ကို ထည့်သွင်းစဉ်းစားပေးခြင်း၊ ဝေးလံသော ဒေသများတွင် ဖုန်းဖြင့် ပုံမှန်ဆက်သွယ် စောင့်ကြည့်ပေးခြင်း သို့မဟုတ် GPS ဖြင့် လမ်းကြောင်းမှတ်သား စောင့်ကြည့်ပေးခြင်းစသည့် နည်းလမ်းများကို စဉ်းစားပေး သင့်ပါသည်။

- ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် သစ်တောအုပ်ချုပ်မှု လုပ်ငန်းစဉ်တွင် အမျိုးသားကြီးစိုးရေးဝါဒက အမျိုးသားများ၏ ပူးပေါင်းပါဝင်မှုအား မည်သို့ပုံဖော်နေသည်ကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ဤအချက်ကြောင့် ဆွေးနွေးညှိနှိုင်းပွဲများတွင်ဖြစ်စေ၊ (အားလုံးသဘောတူညီမှုဖြင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း သို့မဟုတ် ဆွေးနွေးခြင်းဖြင့် တီထွင်ဆန်းသစ်သော ဖြေရှင်းနည်းများကို စူးစမ်းရှာဖွေခြင်းမျိုး မဟုတ်ဘဲ) လုပ်ပိုင်ခွင့်နှင့် ရာထူးနေရာကို အခြေခံသော ဆုံးဖြတ်ချက် ချမှတ်ရာတွင်ဖြစ်စေ ကျား/မတန်းတူညီမျှမှုနှင့် လုပ်ပိုင်ခွင့်အရွေ့များအပေါ် တုန့်ပြန်ထင်ဟပ်နေပါလိမ့်မည်။ ထို့အပြင် ငြိမ်းချမ်းရေး သဘောတူညီချက် ရနိုင်သည့် အလားအလာရှိလာပါက ယခင်လက်နက်ကိုင် တပ်သားဟောင်းများ၏ လတ်တလော အသက်မွေးဝမ်းကြောင်းအတွက် ထုတ်လုပ်ရေး အခန်းကဏ္ဍများမည်သို့ ဖြစ်လာနိုင်သည်ကိုလည်း အသေးစိတ်စဉ်းစားရမည်ဖြစ်သည်။ မိသားစုဝင်များအား ထောက်ပံ့ပေးရမည့် ငွေရေးကြေးရေး ဖိအားများကြောင့် အမျိုးသားများ (ယခင်လက်နက်ကိုင်ဟောင်းများ) က ပဋိပက္ခ ဇုန်များရှိ လက်ကျန်သစ်တောများမှ တရားမဝင်သစ်ထုတ်မှုများ မတိုးလာကြောင်း သေချာအောင် ဆောင်ရွက်ရပါမည်။

## ၃-၄ ဒေသခံပြည်သူများအား လုပ်ပိုင်ခွင့်ပေးခြင်း

မြန်မာနိုင်ငံရှိ အစိုးရနှင့် အရပ်ဖက် လူမှုအသိုက်အဝန်းတို့သည် ကွဲပြားခြားနားသော အမြင်များရှိနေလင့်ကစား၊ FLEGT VPA လုပ်ငန်းစဉ်အား အကောင်းဆုံးတိုးတက်စေရေးအတွက် ပွင့်လင်းသော ဆွေးနွေးပွဲ ပတ်ဝန်းကျင်တစ်ခုဖြင့် ပူးတွဲလုပ်ဆောင်သင့်ပါသည်။ ဆွေးနွေးပွဲများမှတဆင့် ရယူနိုင်ပြီး၊ FLEGT ကို ပံ့ပိုးကူညီပေးမည့် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ တစိတ်တပိုင်းအနေဖြင့် အာဏာပိုင်များသည် နိုင်ငံတော်နှင့် ပြည်သူများအကြား ငြိမ်းချမ်းသော ဆက်သွယ်ပြန်ကြားရေးလမ်းကြောင်းများ ဖွင့်ပေးခြင်းအားဖြင့် ဒီမိုကရေစီ ဖော်ဆောင်သည့် အမှတ်တံဆိပ်တစ်ခုဖြစ်သော ဒေသခံပြည်သူများ၊ အရပ်ဖက်လူမှုအသိုက်အဝန်းများ၏ အမြင်တွင် ပိုမိုပွင့်လင်းမှုရှိရန် လိုအပ်ပါသည်။ ဆက်လက်တင်ပြမည့် ဖြစ်ရပ်လေ့လာမှုများတွင် လုံခြုံမှုမရှိသည့် အနေအထား၌ ဒေသခံပြည်သူများ၏ကိုယ်စား မြေယာနှင့် သစ်တောအသုံးပြုမှု သို့မဟုတ် တရားမဝင်သစ်ထုတ်မှုအကြောင်း ပြောကြားသည့် တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် ခြိမ်းခြောက်ခံရမှုနှင့် အခြားသော အန္တရာယ်ဖြစ်နိုင်ခြေများကြောင့် မည်သည့်အတိုင်းအတာအထိ ထိခိုက်လွယ်နိုင်ကြောင်းကို ဖော်ပြထားသည်။ ယေဘုယျအားဖြင့် ငြိမ်ဝပ်ပိပြားမှုရှိနေသော်လည်း၊ အများမြင်ကွင်းရှေ့တွင် ထုတ်ဖော်ပြောကြားပါက ရပ်ရွာတွင်း သီးသန့်ခြိမ်းခြောက် ခံရနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေ (risks) များ ပေါ်ထွက်လာနိုင်သည်။ ဤကိစ္စမျိုးမှာ ကချင်၊ ရှမ်းကဲ့သို့သော သီးသန့်ဒေသများရှိ တိုင်းရင်းသားလူမျိုး အချို့တွင်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီများ သို့မဟုတ် တရားမဝင် သစ်ထုတ်သူများ ကဲ့သို့သော ပုဂ္ဂလိက အကျိုးစီးပွားရှိသူများအား ကြောက်ရွံ့စေသော တက်ကြွလှုပ်ရှားမှု သို့မဟုတ် လှုံ့ဆော်အားပေးမှု ပြုခဲ့သူများအတွက်လည်းကောင်း ပိုမိုတွေ့ရှိရတတ်သည်။ တစ်ချိန်တည်းတွင်ပင် အစိုးရဝန်ထမ်းများ အတွင်းတွင်လည်း အထက်အောက်အမိန့်ပေးသည့် ခိုင်မာသော ဖွဲ့စည်းပုံကြောင့် တစ်ဦးချင်းပုဂ္ဂိုလ်များက တာဝန်ခံ ပြောကြားမှုများ အကန့်အသတ်ဖြင့်သာရှိပြီး၊ အငြိမ်းစားပြည်သူ့ဝန်ထမ်းများက ပိုမိုလွတ်လပ်စွာ ပြောဆိုနိုင်ကြသည်။

ထို့အတူပင် လူမှုမီဒီယာများတွင် မိမိ၏ အမြင်များကို ပြောကြားကြသူများကိုလည်း ဥပဒေအရ တရားစွဲဆိုမှုများ ပိုမိုများပြားလာနေသည်။ ထို့ကြောင့် အားလုံးတွင် ဖမ်းဆီးခံရခြင်း၊ အဆိုးတုန့်ပြန်ခံရခြင်း၊ လုပ်ကြံခံရခြင်းစသည့် "အန္တရာယ်ဖြစ်နိုင်ခြေ" ရှိနေသည်ဟူသော အမြင်ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနေပြီး၊ ပြည်သူများအတွက် FLEGT ဆိုင်ရာ ခေါင်းစဉ်များ အပါအဝင် ပြဿနာရပ်များအား ထုတ်ဖော်ပြောဆိုရန် အတားအဆီးများဖြစ်စေပါသည်။[25] ၂၀၁၅ ခုနှစ်တွင် NLD အစိုးရကို ရွေးကောက်တင်မြှောက်လိုက်ခြင်းကြောင့် ပြောင်းလဲရန် မျှော်လင့်ချက်များ မြင့်တက်လာခဲ့သော်လည်း၊ ဗျူရိုကရေစီစနစ်များကို ပြောင်းလဲသည့် လုပ်ငန်းစဉ်မှာမူ နှေးကွေးစွာ ပြောင်းလဲနေသော အနေအထားတစ်ရပ်ဖြစ် ဦးတည်သွားနေပါသည်။

FLEGT နှင့် ဆက်စပ်ဆောင်ရွက်သော အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေးသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် သစ်တောစီမံအုပ်ချုပ်မှုကို ရပ်ရွာအစုအဖွဲ့အဆင့်အထိ ပြည်သူများနှင့် ပိုမိုနီးကပ်စေပြီး၊ (ပိုမိုရေရှည် တည်တံ့၍ ငြိမ်းချမ်းသော ရွေးချယ်နည်းများအစား) ကာလတို ငွေကြေးအကျိုးအမြတ်ကိုသာကြည့်သော စနစ်တကျ အဂတိလိုက်စားမှုများနှင့် သစ်တောသယံဇာတ အလွန်အကျွံထုတ်ယူမှုများကို ကိုင်တွယ်ဖြေ ရှင်းနိုင်မည့် ထိရောက်၍ ပူးပေါင်းပါဝင်သော စောင့်ကြည့်စစ်ဆေးရေးစနစ်တစ်ခု ရရှိစေမည့် အခွင့် အလမ်းတစ်ရပ်ကို ယူဆောင်လာပါသည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်တွင် ပူးပေါင်းပါဝင်မည့် အရပ်ဖက်လူမှုအသိုက်အဝန်းအတွက် နိုင်ငံရေးအရ ရပ်တည်ရာနေရာများ တိုးတက်စေခြင်းသည်လည်း FLEGT ၏ အရေးကြီးသော ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်ပြီး၊ ငြိမ်းချမ်းရေး တည်ဆောက်မှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်ပါသည်။ ယခင်က မှတ်ချက်ပြုထားသကဲ့သို့ပင်၊ ရန်ကုန်ပြင်ပရှိ တိုင်းရင်းသားပြည်နယ်များတွင် အခြေပြုသော အဖွဲ့များအပါအဝင် CSOs များအား "ITF စားပွဲဝိုင်းတွင် ပါဝင်နိုင်မည့်နေရာများ" ရှိစေရေးအတွက် အရေးပါသော တိုးတက်မှုအချို့ ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းအားလုံး (အထူးသဖြင့် ဆုံးဖြတ်ချက် ချမှတ်ရာတွင်) တွင် အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်ရေးနှင့် မတူညီသော တိုင်းရင်းသား လူမျိုးစုငယ်များ ပူးပေါင်းပါဝင်ရေးတို့နှင့် စပ်လျဉ်း၍ စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။

FLEGT လုပ်ငန်းစီမံချက်အရ VPA ဆွေးနွေးညှိနှိုင်းရေး လုပ်ငန်းစဉ်သည် ဒေသခံပြည်သူအစုအဖွဲ့များနှင့် အရပ်ဖက်လူမှုအသိုက်အဝန်းတို့အား ပိုမိုကျယ်ပြန့်စွာ လုပ်ပိုင်ခွင့်ပေးအပ်ထားကြောင်း သေချာစေရန်လည်း အထူးပြုထားသည်။ FLEGT လုပ်ငန်းစီမံချက်ကို ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အကူအညီ တစ်ရပ်အဖြစ် ဒီဇိုင်းရေးဆွဲထားခြင်း မဟုတ်သော်လည်း၊ VPA အရ အကျိုးဆက်စပ်သူ များစွာပါဝင်သော ဆွေးနွေးပွဲများ ဖန်တီးပေးခြင်းဖြင့် အကျိုးဆက်စပ်သူ အမျိုးမျိုးတို့က သစ်ထုတ်ခြင်း၊ သစ်ကုန်ချော အဖြစ်ပြောင်းလဲခြင်း၊ သစ်တောပြုန်းတီးမှုကြောင့် သစ်တောများကို မှီခိုနေရသည့် ဒေသခံပြည်သူ အစုအဖွဲ့များအပေါ် လူမှုဆိုင်ရာ သက်ရောက်မှုများ၊ သစ်ထုတ်လုပ်ငန်းများမှ လျော်ကြေးပေးစေခြင်းနှင့် အကျိုးအမြတ် မျှဝေရေးစသည့် ပြဿနာများကို စားပွဲဝိုင်း၌ ဆွေးနွေးနိုင်သည့် ပေါင်းကူးစင်္ကြန်တစ်ခုကို ထောက်ပံ့ပေးသည့်အတွက်၊ ငြိမ်းချမ်းရေး တည်ဆောက်ရေး စားပွဲဝိုင်းအတွက် အရေးပါသော အကျိုးကျေးဇူးများ ထွက်ရှိစေသည်ဟု သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်သည်။ ဥပမာအားဖြင့် ကင်မရွန်း၊ ဂါနာ၊ လိုက်ဘေးရီးယားနှင့် အင်ဒိုနီးရှားတို့ရှိ CSOs အဖွဲ့များသည် VPA လုပ်ငန်းစဉ်က "CSOs အဖွဲ့များအား အပြောင်းအလဲကို ဖော်ဆောင်သော ကိုယ်စားလှယ်များအဖြစ် ပိုမိုဆောင်ရွက်နိုင်စွမ်းရှိစေသည့် နိုင်ငံရေး ရပ်တည်ရာ နေရာများ၊ အဖွဲ့အစည်းများဖြစ်လာစေရန်" ထောက်ပံ့ပေးခြင်းအားဖြင့် သက်ဆိုင်ရာ သစ်တောအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး ကဏ္ဍများတွင် ပေါင်းစပ်ညှိနှိုင်းမှုနှင့် တာဝန်ခံမှုတို့ တိုးတက်စေမည့် အဓိကအချက်အဖြစ် ရှုမြင်

25 စာတမ်းပြုစုသူများက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်၌ တွေ့ဆုံမေးမြန်းခဲ့သည့် CSO မှ ITF အဖွဲ့ဝင်တစ်ဦး

ထားကြသည်။[26] ဆွေးနွေးပွဲ လုပ်ငန်းစဉ်၏ အပြုသဘောဆောင်သော အကျိုးရလဒ် ဥပမာအချို့မှာ (ဟွန်ဒူရပ်စ် နိုင်ငံရှိ ဌာနေတိုင်းရင်းသား လူမျိုးများ ကဲ့သို့သော) အစဉ်အလာအားဖြင့် ဖယ်ထုတ်လျစ်လျူရှုခြင်း ခံထားရသည့် အုပ်စုများအားလုံး ပါဝင်လာပြီး၊ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်သည့် ၎င်းတို့၏ စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုရန်အတွက် VPA ဆွေးနွေးညှိနှိုင်းပွဲများတွင် ချိတ်ဆက်ပါဝင်လာကြခြင်းဖြစ်သည်။ [27]

ဤအစီရင်ခံစာတွင် ပါဝင်သည့် ဖြစ်ရပ်လေ့လာမှုများက မြန်မာနိုင်ငံ၏ ဒေသအမျိုးမျိုးတို့တွင် ဒေသခံပြည်သူ အစုအဖွဲ့များက တရားမဝင်သစ်ထုတ်မှုကို တွန်းလှန်ရေးနှင့် သစ်တောအုပ်ချုပ်မှုစနစ် တိုးတက်စေရေးအတွက် ဆောင်ရွက်ခဲ့သော ကြိုးပမ်းအားထုတ်မှုအချို့ကို သရုပ်ဖော်ပြနေပါသည်။ သို့ရာတွင် ထိုကြိုးပမ်းအားထုတ်မှုများ၏ ထိရောက်မှုကို အတားအဆီးဖြစ်စေသည့် အဖွဲ့အစည်းဆိုင်ရာ ပြဿနာများစွာ ဆက်လက်ကျန်ရှိနေဆဲဖြစ်ပါသည်။ ဥပမာအားဖြင့် ထိုပြဿနာများတွင် သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံပြည်သူအဖွဲ့အစည်းများအကြား ယုံကြည်မှုမရှိခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော ဆောင်ရွက်ခွင့်လက်မှတ် သို့မဟုတ် မြေပိုင်ဆိုင်မှု/ အသုံးချမှုလက်မှတ်များ ထုတ်ပေးရာတွင် နှောင့်နှေးမှုများနှင့် ကြိုးနီစနစ် အတားအဆီးများရှိခြင်း၊ သစ်တောကဏ္ဍတွင် တရားမဝင် သစ်ထုတ်မှု၊ အဂတိလိုက်စားမှု၊ ကိုယ်ကျိုးစီးပွားရှာမှုများအား ထုတ်ဖော်ပြောကြားသည့် ဒေသခံ အစုအဖွဲ့များက ရင်ဆိုင်ရသည့် လုံခြုံရေးဆိုင်ရာ အန္တရာယ်များ စသည်တို့လည်း ပါဝင်ကြသည်။ မြန်မာနိုင်ငံ၏ VPA လုပ်ငန်းစဉ်တွင် ကတိပြုထားသော အုပ်ချုပ်ရေးစနစ်ဆိုင်ရာ အကျိုးကျေးဇူးများ ပေးစွမ်းနိုင်ရေးအတွက် ထိုစိန်ခေါ်မှုများကို ဖော်ထုတ်ဖြေရှင်း ရမည်ဖြစ်ပါသည်။

26 FERN, Do FLEGT VPAs improve governance? Examining how FLEGT VPAS are changing the way forests are owned and managed, FERN, 2016, http://www.fern.org/sites/fern.org/files/impactreport_lowres.pdf

27 European Commission, Evaluation of the EU Action Plan for Forest Law Enforcement Governance and Trade (FLEGT), Brussels: European Commission, 2016

# ၄။ သစ်တောစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ ပြဿနာများကို ဆန်းစစ်လေ့လာခြင်း

မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍသည် ပဋိပက္ခအရွေ့များကြောင့် လွှမ်းမိုးခံနေရပြီး၊ အပြန်အလှန်အားဖြင့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ်သို့လည်း တန်ပြန်သက်ရောက်နေသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါသည်။ ထိုစိန်ခေါ်မှုများကို ပိုမိုနားလည်စေရန်အတွက်၊ ဤအခန်းတွင် နိုင်ငံလွှမ်းခြုံအဆင့် အဓိက ပြဿနာများဖြစ်ကြသည့် သစ်ကုန်သွယ်မှု၏ စီးပွားရေးနိုင်ငံရေး အခြေအနေ၊ တရားမဝင်သစ်ထုတ်ခြင်းနှင့် တရားဝင်သစ်ဖြစ်မှုစနစ်၏ စိန်ခေါ်မှုများ၊ မူဝါဒညွှန်ကြားချက်များနှင့် အကောင်အထည်ဖော်မှုများ ပါဝင်နေသည့် သမိုင်းစဉ်တစ်လျှောက် စိန်ခေါ်မှုများ၊ မြေယာအသုံးပြုခွင့်နှင့်ပတ်သက်သည့် အခြေခံပြဿနာများ၊ ကျား/မ တန်းတူညီမျှမှုမရှိခြင်း၏ သက်ရောက်မှုများစသည်တို့ကို ဆွေးနွေးတင်ပြထားသည်။ ဤအခန်းတွင်ပင် ဒေသခံပြည်သူ အစုအဖွဲ့များကိုယ်တိုင် တရားမဝင်သစ်ထုတ်ခြင်းအား ဆန့်ကျင်သည့် လုပ်ဆောင်ချက်များကို ဖြစ်ရပ်လေ့လာမှုများမှ ထုတ်နုတ်၍လည်းကောင်း၊ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအား ငြိမ်းချမ်းရေး တည်ဆောက်သည့် နည်းလမ်းတစ်ရပ်အဖြစ် အသေးစိတ် လေ့လာဆန်းစစ်ခြင်းဖြင့်လည်းကောင်း ဒေသခံပြည်သူအစုအဖွဲ့အဆင့်တွင် ထိုစိန်ခေါ်မှုများကြောင့် သက်ရောက်မှုများနှင့် တုန့်ပြန်ဆောင်ရွက်ချက်များကိုလည်း ဆန်းစစ်တင်ပြထားသည်။

## ၄-၁ သစ်ကုန်သွယ်မှု၏ နိုင်ငံရေး ဘောဂဗေဒ အခြေအနေ

သမိုင်းအရ တန်ဖိုးမြင့်သစ် (အထူးသဖြင့် ကျွန်း) ကုန်သွယ်ရေးကို ထိန်းချုပ်ခြင်းနှင့် အခွန်ကောက်ခံခြင်းမှ ရရှိသည့် အကျိုးအမြတ် အခွင့်အလမ်းများကြောင့် ၁၉ ရာစုတွင် ပထမအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲနှင့် ဆက်လက်၍ ဗမာဟု သိလာကြသည့် မြန်မာနိုင်ငံအား ကိုလိုနီအဖြစ်သိမ်းပိုက်ခံရသည်အထိ ဖြစ်လာခဲ့သည်။[28] ဤလေ့လာမှုတွင် တွေ့ဆုံမေးမြန်းခံခဲ့သူများကလည်း ကျယ်ပြန့်သော မြန်မာစာပေ အထောက်အထားများနှင့် ညီညွတ်စွာပင်[29] မြန်မာနိုင်ငံတွင် တွေ့ရှိရသော ကျွန်း၊ ပိတောက်/တမလန်းနှင့် အခြားအဖိုးတန် သစ်မျိုးများအပါအဝင် တန်ဖိုးမြင့်သစ်များအား ကုန်သွယ်ခြင်းသည် မြန်မာနိုင်ငံ၏ လက်ရှိ ပဋိပက္ခများ၏ မူလအကြောင်းတရား မဟုတ်ကြောင်း အကျေအလည် ဆွေးနွေးပြောကြားခဲ့ကြသည်။ လက်ရှိ ပဋိပက္ခများမှာ တိုင်းရင်းသားအမျိုးမျိုးနှင့် အကျိုးစီးပွားရှိနေသည့် အုပ်စုများက အနာဂတ်ကာလ မြန်မာနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ သဘာဝကို ပုံဖော်ခြင်းနှင့် ဆက်စပ်နေသည့် နိုင်ငံရေးသဘော ကွဲလွဲမှုများဖြစ်ကြသည်ဟု ရှုမြင်ကြပါသည်။ သို့ရာတွင် သစ်အပါအဝင် သဘာဝသယံဇာတများအား ထုတ်ယူခြင်းမှာ ပဋိပက္ခအတွက် "(နိုင်ငံရေး) ဇာတ်လမ်းကို လောင်စာထိုးပေးနေသည်"ဟု ကျယ်ပြန့်စွာ သဘောတူညီကြပါသည်။ [30]

28 K. Htun, Myanmar Forestry Outlook Study, Bangkok: Food and Agricultural Organisation, 2009, http://www.fao.org/3/a-am252e.pdf

29 M. Gravers and F. Ytzen (eds.), Burma/Myanmar – Where now? Nordic Institute of Asian Studies, Asia Insights series, no. 3, 2014; A. South, Ethnic politics in Burma: States of conflict, London: Routledge, 2008; M. Callahan, Making enemies – War and state building in Burma, New York: Cornell University Press, 2005

30 စာတမ်းပြုစုသူများက ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်၌ တွေ့ဆုံမေးမြန်းခဲ့သည့် CSO မှ ITF အဖွဲ့ဝင်တစ်ဦး

အထူးသဖြင့် တရားမဝင်ထုတ်ယူသည့် သစ်များအား တရားမဝင် ကုန်သွယ်မှုများ အပါအဝင် သစ်ကုန်သွယ်မှုအား ထိန်းချုပ်ခြင်းမှရရှိသည့် ဝင်ငွေများဖြင့် လက်နက်ကိုင်ပဋိပက္ခများကို ငွေကြေးပံ့ပိုးနေသည်ဟူသော အချက်ကို ကျယ်ပြန့်စွာ မှတ်တမ်းတင်ထားပြီးဖြစ်ပါသည်။ ဥပမာအားဖြင့် သစ်ထုတ်ခြင်းနှင့် သစ်ကုန်သွယ်မှုမှ ရရှိသော ဝင်ငွေများကို မြန်မာ၊ လိုက်ဘေးရီးယား၊ ကမ္ဘောဒီးယား၊ ဗဟိုအာဖရိက ရီပတ်ဘလစ်နှင့် အခြားနိုင်ငံများတွင် လက်နက်ကိုင် ပဋိပက္ခများကို ရန်ပုံငွေထောက်ပံ့ကြကြောင်း သက်သေပြထားပြီးဖြစ်သည်။[31] မြန်မာနိုင်ငံတွင် "နယ်စပ်ဒေသရှိ သစ်မှရရှိသော ဝင်ငွေနှင့် သစ်ကုန်သွယ်မှု ထိန်းချုပ်ခြင်းဖြင့် တိုင်းရင်းသား သောင်းကျန်းသူများက လက်နက်ကိုင် တိုက်ပွဲများပြုလုပ်ရန် ရန်ပုံငွေ ထောက်ပံ့နိုင်စွမ်း ရှိစေခဲ့သည်"[32] မြန်မာအမျိုးသမီးများ အဖွဲ့ချုပ် (Women's League of Burma) က "မြန်မာနိုင်ငံ၏ ပဋိပက္ခများသည် တစိတ်တပိုင်းအားဖြင့် တိုင်းရင်းသားဒေသများရှိ ပေါများသော သဘာဝသယံဇာတများအား ထိန်းချုပ်လိုခြင်းကို ကျောရိုးပြုထားသည်၊ စစ်တပ်နှင့် ယင်း၏ ခရိုနီများ သည် တိုင်းရင်းသားဒေသများတွင် ကာလကြာမြင့်စွာကပင် များပြားသော စီးပွားရေး အကျိုးစီးပွားများ ရှိထားကြ သည်" ဟု ဖော်ပြထားသည်။[33] Harwell နှင့် Blundell တို့ကလည်း တရားမဝင်သစ်ထုတ်ခြင်းနှင့် ဆက်စပ်လုပ်ငန်း များမှ ရရှိသောဝင်ငွေများသည် တရားဥပဒေ စိုးမိုးရေးကို လျော့ပါးဖြိုဖျက်နိုင်ပြီး၊ အဂတိလိုက်စားမှုကို လောင်စာထိုး ပေးကာ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်သည်ဟု ထပ်မံမှတ်တမ်းတင်ထားပါသည်။[34]

လွန်ခဲ့သော နှစ် (၆၀) ကျော်မှစ၍ နယ်စပ်တိုင်းရင်းသားဒေသများအား အစိုးရ၏ ထိန်းချုပ်မှု တိုးချဲ့ရာတွင် "အပစ် အခတ်ရပ်စဲရေး အရင်းရှင်စနစ်" ဟု ခေါ်ဆိုကြသော သဘာဝသယံဇာတများအား မဟာဗျူဟာမြောက် စီမံအုပ်ချုပ်ရေး စနစ်သည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။[35] ဥပမာအားဖြင့် ရှမ်းပြည်နယ် လွတ်မြောက်ရေးအတွက် ဆယ်စုနှစ်များစွာ တိုက်ခိုက်ခဲ့ပြီးနောက်တွင် "အင်အား ၂၀၀၀ ခန့် ရှိ သည့် အားကောင်းသော ရှမ်းပြည်တပ်မတော် သည် ၁၉၈၉ ခုနှစ်တွင် ရန်ကုန် (အစိုးရ)နှင့် ငြိမ်းချမ်းရေးယူခဲ့ပြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သီပေါဒေသမှ သစ်ထုတ်လုပ်ငန်းများကို လုပ်ပိုင်ခွင့်ရရှိခဲ့သည်"[36] Vanda Felbab-Brown ကလည်း အခြားအုပ်စုများနှင့် ဆောင်ရွက်ခဲ့သည့် အလားတူအစီအစဉ်များကို မှတ်တမ်းတင်ထားခဲ့ရာ မူးယစ်ဆေးဝါးကဲ့သို့သော တရားမဝင် ပစ္စည်းများလည်း ပါဝင်ခဲ့သည်။[37]

31 Global Witness, Logs of war: the timber trade and armed conflict, Programme for international cooperation and conflict resolution. FAFO report 379, 2002; Global Witness, Blood timber – How Europe helped fund war in the Central African Republic, Global Witness, 2015

32 Global Witness, A conflict of interest – The uncertain future of Burma's forests, 2003, p.7; and O. Springate-Baginski et al, Democratising timber: An assessment of Myanmar's emerging 'Forest Law Enforcement, Governance and Trade' (FLEGT) process, Forest Policy and Economics, 48, 2014, pp.33–45

33 Women's League of Burma, CEDAW Shadow Report 2016 – Long way to go: Continuing violations of human rights and discrimination against ethnic women in Burma, Chiang Mai, Thailand: Women's League of Burma, 2016, p.2

34 E. Harwell, Forests in fragile and conflict-affected states, Washington DC: Program on Forests (PROFOR), 2010; A. G. Blundell, Forests and conflict: The financial flows that fuel war, Washington DC: Program on Forests (PROFOR), 2010

35 K. Woods, Ceasefire capitalism: military–private partnerships, resource concessions and military–state building in the Burma–China borderlands, The Journal of Peasant Studies, 38:4, 2011, pp.747–770; and A. G. Blundell, Forests and conflict: The financial flows that fuel war, Washington DC: Program on Forests (PROFOR), 2010

36 B. Lintner and M. Black, Merchants of madness: The methamphetamine explosion in the Golden Triangle, Chiang Mai, Thailand: Silkworm Books: 2009, p.30

37 V. Felbab-Brown, (2017) Myanmar maneuvers – How to break political-criminal alliances in contexts of transition, Tokyo: United Nations University – Centre for Policy Research, 2017.

FLEGT VPA လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားရမည့် ထင်ရှားသော ပြဿနာတစ်ခုမှာ တရားမဝင် သစ်ထုတ်မှု တိုက်ဖျက်ခြင်းကို ပဋိပက္ခဖြစ်ပွားလာနိုင်ရန် အကြောင်းအရင်းတစ်ရပ် သို့မဟုတ် စစ်ရေးလှုပ်ရှားမှုများကို တရားဝင်ဖြစ်စေရန် အသုံးပြုလာနိုင်ခြင်းပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် လွန်ခဲ့သော (၃)နှစ်ကျော်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် မြင်တွေ့ရသည်မှာ တပ်မတော်က ကချင်ပြည်နယ်ရှိ ကချင်လွတ်မြောက်ရေးတပ် နေရာများကို တိုက်ခိုက်ခဲ့ချိန်တွင် တခါတရံ တရားမဝင် သစ်ထုတ်စခန်းများ/သစ်မှောင်ခိုမှုများကို ဦးတည်သော စစ်ရေးလှုပ်ရှားမှုများ ဖြစ်သည်ဟူ၍ သတင်းစာရှင်းလင်းပွဲများတွင် ဖော်ပြခဲ့ကြသည်။[38] တခါတရံတွင် ထိုကြေငြာချက်ကို ထောက်ခံသည့် သက်သေအထောက်အထား မရှိပါ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး NGO တစ်ခုဖြစ်သည့် ALARM သည် "ကချင်ပြည်နယ်တွင် ဖမ်းဆီးရမိသော (တရားမဝင်) သစ်အများစုမှာ စင်စစ်အားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တောင်ပိုင်း ကဲ့သို့သော အစိုးရထိန်းချုပ်ထားသည့် ဒေသများမှ လာခြင်းဖြစ်သည်" ဟု တွေ့ရှိထားရာ[39]၊ သီအိုရီအရဆိုပါက ထိုသစ်များကို ကချင်ပြည်နယ်သို့ မရောက်ရှိမီ အစိုးရ ထိန်းချုပ်ထားသည့် ဒေသများတွင်ပင် ဖမ်းဆီးရမိခဲ့သင့်ပါသည်။ တစ်ချိန်တည်းတွင်ပင် တိုင်းရင်းသားများဖက်ကလည်း ၎င်းတို့၏ မိရိုးဖလာ သစ်တောစီမံ အုပ်ချုပ်ရေးနည်းလမ်းများသည် နိုင်ငံတော်က ဆောင်ရွက်သည်ထက် ပိုမိုအောင်မြင်ကြောင်း ချေပပြော ဆိုကြသည်။[40] နိုင်ငံရေးဇာတ်ကွက်များတွင် သစ်တောသယံဇာတများအား ဖြုန်းတီးပစ်နေကြောင်း တဖက်ကိုတဖက် အပြန်အလှန်စွပ်စွဲနေကြသည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ၊ တိုက်ပွဲပဋိပက္ခများ ပြီးဆုံးလာသည့်နောက်ပိုင်းတွင် အမှန်တကယ်အားဖြင့် တရားဝင်နှင့် တရားမဝင်သစ်ထုတ်မှု နှစ်မျိုးလုံးကြောင့် သစ်တောပြုန်းတီးမှုများ ပိုဆိုးလာသည်ဟူသော အခြားနိုင်ငံများမှ သက်သေသာဓကများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။[41] ဤကဲ့သို့ ထည့်သွင်းစဉ်းစားရန် အဓိက အကြောင်းရင်း (၂)ချက်ရှိသည်။ ပထမအချက်မှာ သစ်ထုတ်သူများက တိုက်ပွဲမရှိသော ဒေသများတွင် သစ်ခုတ်လှဲခြင်း၊ သစ်နှင့် အခြားသစ်ထွက် ပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်းတို့ကို ပိုမိုဘေးကင်း၊ လွယ်ကူ၍ ကုန်ကျစရိတ် ထိရောက်သက်သာစွာ ဆောင်ရွက်နိုင်ကြသည်။ ဒုတိယအချက်မှာ ငြိမ်းချမ်းရေး ရရှိနေသည့် ကာလများတွင် စိုက်ပျိုးရေး အခြေခံသော စီးပွါးရေး လုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံရန် စွဲဆောင်နိုင်ကြသည်။ မြန်မာနိုင်ငံတွင် ကြီးမားသော သစ်တောမြေများကို ကုမ္ပဏီများသို့ ခွဲဝေချထားပေးခဲ့ပြီး၊ သစ်ပင်များကို ခုတ်လှဲ၍ ရရှိသော သစ်များကို ရောင်းချခြင်း

38 ကချင်လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် ဖြစ်သူ ဗိုလ်ချုပ် ဂွမ်မော်က "ဗမာစစ်တပ်က တရားမဝင်သစ်ကုန်သွယ်သူများအား နှိမ်နင်းသည်ဟုဆိုကာ မိမိတို့၏ ရှေ့တန်းစခန်းများကို တိုက်ခိုက်နေ"ဟု စွပ်စွဲလိုက်ခြင်း။ တိုက်ခိုက်ခံရပြီးနောက်တွင် ကချင်သူပုန်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ပြောကြား - Gun Maw, The Irrawaddy, 17 February 2014, https://www.irrawaddy.com/in-person/interview/attacks-kachin-rebels-must-rethink-peace-process-gun-maw.html; ထို့အတူ http:// panglongenglish.blogspot.com/2015/03/ceasefire-debacle-and-illegal-logging.html တွင်လည်း ကြည့်နိုင်ပါသည်။ (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဝင်ကြည့်သည်)

39 B. O'Toole, Doubts over log export ban, The Myanmar Times, 10 April 2014, http://www. mmtimes.com/ index.php/ in-depth/10154-doubts-over-log-export-ban.html. ကချင်ပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးက "တချို့အမှု တွေမှာ (ဖမ်းဆီးရမိတဲ့ တရားမဝင်) သစ်တွေက စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်က သယ်လာတာတွေ့ရတယ်" ဟု သဘောတူညီခဲ့ပါသည်။ Kachin state authorities continue illegal timber seizures, Myanmar official says, Radio Free Asia, 18 February 2016, http://www.rfa.org/ english/news/myanmar/kachin-state-authorities-continue-illegal-timber-seizures-myanmar-official-says-02182016160853. html

40 စာတမ်းပြုစုသူများက ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်၌ တွေ့ဆုံမေးမြန်းခဲ့သည့် CSO အဖွဲ့များ

41 R. de Koning and D. Capistrano, Sustainable forest management for peace building – Advance unedited version, 2007, http://www.un.org/esa/forests/wp-content/uploads/2015/06/SFM-for-PeaceBuilding.pdf (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဝင်ကြည့်သည်)

ဖြင့် အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ဤအချက်မှာ အစိုးရက ပဋိပက္ခအလွန် စီးပွားရေး တိုးတက်စေရန်နှင့် အလုပ်အကိုင်ဖန်တီးရန်အတွက် သဘာဝသယံဇာတများအား တက်ကြွစွာ ထုတ်ယူခြင်း နှင့်လည်း ကိုက်ညီနေသည်။ ဤလုပ်ငန်းတွင် "မြေအသုံးချပြောင်းလဲမှုမှ ထွက်ရှိသောသစ်" ဟု ခေါ်ဆိုကြသည့် ထုတ်လုပ်မှုကိုသာ ရလဒ်ဖြစ်စေခဲ့သည်။ အစိုးရသစ်သည် ဤပြဿနာကို ထည့်သွင်းစဉ်းစားခဲ့ပြီး၊ ၂၀၁၇ ခုနှစ် မေလတွင် ပဋိပက္ခကြောင့် ထိခိုက်ခံနေရသည့်ဒေသ (လုံခြုံရေး ကန့်သတ်ချက်ရှိသည့်ဒေသ) များမှ ထွက်ရှိသည့် သစ်နှင့် "မြေအသုံးချပြောင်းလဲမှုမှ ထွက်ရှိသောသစ်"မှ ထုတ်လုပ်သည့် သစ်ထွက်ပစ္စည်းများအား ပြည်ပတင်ပို့ခွင့် ပိတ်ပင်သည့် အမိန့်ကြော်ငြာစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ဤအစီရင်ခံ စာရေးသားချိန်တွင် ဤအမိန့်ကြော်ငြာစာ အရ မည်သို့အရေးယူဆောင်ရွက်မည် သို့မဟုတ် "ပဋိပက္ခ"အား မည်သို့အဓိပ္ပါယ်ဖွင့်ဆိုမည်ကို ဆက်လက်ကြည့်ရှု ရဦးမည်ဖြစ်ပါသည်။

## ၄-၂ တရားမဝင်သစ်ထုတ်ခြင်းနှင့် တရားဝင်သစ်ဖြစ်မှုစနစ်တွင် စိန်ခေါ်မှုများ

FLEGT VPA လုပ်ငန်းများသည် အခြေခံအားဖြင့် ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည့် သစ်များ၏ တရားဝင်ဖြစ်မှုကို သေချာစေသည့် နိုင်ငံအဆင့် စနစ်တစ်ရပ်အား ခိုင်မာအားကောင်းစေရန် ရည်ရွယ်ထား သည်။ မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ် သစ်တောဥပဒေနှင့် ၁၉၉၅ ခုနှစ် သစ်တောမူဝါဒများဖြင့် ချမှတ်ထား သော နိုင်ငံအဆင့် သစ်တောမူဝါဒမူဘောင်[42]မှာ အတော်အသင့်အားကောင်းသည်ဟု ယူဆနိုင်ပါသည်။ သို့ရာတွင် ထိုမူဝါဒများအား အကောင်အထည်ဖော်ရာတွင်မူ သိသာထင်ရှားသော စိန်ခေါ်မှုများ ရှိခဲ့ပါသည်။

နိုင်ငံအဆင့်တွင် သစ်ထုတ်ခြင်းနှင့် ရောင်းချခြင်းကို နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့သစ်လုပ်ငန်း ကသာ တရားဝင် အုပ်ချုပ်လုပ်ကိုင်လျက်ရှိသည်။ သစ်ထုတ်ခြင်းကို ကြီးကြပ်ထိန်းညှိပေးသော မြန်မာ့ရွေးချယ် ခုတ်လှဲနည်းစနစ် (MSS) မှာ သီအိုရီအရ ကောင်းစွာလေးစားခံရသည့် စနစ်တစ်ခုဖြစ်သည်။ "နိုင်ငံရေးနှင့် စီးပွားရေး ဖိအားများကြောင့် လွန်ခဲ့သော ဆယ်စုနှစ်များစွာအတွင်း မြန်မာ့ရွေးချယ် ခုတ်လှဲနည်းစနစ်ကို ကောင်းစွာမလိုက်နာ ခဲ့ကြောင်းကို အစိုးရက အသိအမှတ်ပြုထားပါသည်"။[43] သစ်အလွန်အကျွံထုတ်ယူမှုမှာ (၂၀၁၄ ခုနှစ်အတွက် ကြိုတင် ကြေငြာခဲ့သည့်) ၂၀၁၄ ခုနှစ်တွင် သစ်အလုံးလိုက် ပြည်ပတင်ပို့မှုပိတ်ပင်သည့် အချိန်အထိ အမြင့်ဆုံးတွင် ရှိနေခဲ့ သည်။[44] Chatham House ၏ အချက်အလက်များအရ မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၄ ဘီလီယံ တန်ဖိုးရှိသော သစ်မှထွက်ရှိသောပစ္စည်းတန် ၂.၁ သန်းကို ပြည်ပသို့ တရားဝင်တင်ပို့ခဲ့ကြောင်း ဖော်ပြ နေသည်။[45] သစ်ကုန်သွယ်မှုပမာဏများကို အစိုးရကိန်းဂဏန်းများတွင် မှတ်တမ်းတင်ထားမှုမရှိခြင်းနှင့် ဤကာလ

42 မူဝါဒမူဘောင်အကြောင်းကို အခြားစာတမ်းများတွင် အသေးစိတ်ဆွေးနွေးထားပြီးဖြစ်သည်။ ဥပမာအနေဖြင့် B.Wode et al, Preliminary assessment of regulatory constraints and opportunities for legal community and smallholder timber in Myanmar, Report No. 37 of the Myanmar Conservation and Development Program, an initiative of Fauna and Flora International (FFI) Myanmar Programme, Yangon: FFI, 2014 တွင် ကြည့်နိုင်ပါသည်။

43 K. Woods, Timber trade flows and actors in Myanmar: The political economy of Myanmar's timber trade, Forest Trends, 2013, p.7

44 ဥပမာအားဖြင့် ၂၀၁၃/၂၀၁၄ ခုနှစ်တွင် ကျွန်းနှစ်စဉ်ခုတ်လှဲခွင့်ပြုပမာဏ ၁၂၀၀၀ တန်ဖြစ်သော်လည်း၊ ကသာနှင့် စစ်ကိုင်းတွင် ကျွန်းပင်ထောင် ၆၀၀၀၀ ခုတ်လှဲခဲ့သည်။ O. Springate-Baginski et al, Democratising timber: An assessment of Myanmar's emerging 'Forest Law Enforcement, Governance and Trade' (FLEGT) process, Forest Policy and Economics 48, 2014, pp.33-45

45 Resource Trade Earth, Chatham House, https://resourcetrade.earth/data?year=2013&exporter= 104&category= 3&units=weight, တွင် ကြည့်ပါ (၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဝင်ကြည့်သည်)

အတွင်း ခုတ်လှဲ၍ နောက်ပိုင်းတွင် ကုန်သွယ်ရန် သိုလှောင်ထားသော သစ်လုံးများ ရှိသေးသည့်အတွက် ဤ ကိန်းဂဏန်းမှာ ရေခဲတောင်၏ ရေတွင်ပေါ်သော အပိုင်းမျှသာဖြစ်သည်ဟု ခန့်မှန်းထားသည်။ CSOs အဖွဲ့များက သတ္တုတွင်းကဏ္ဍရှိ အခြားသော ဝန်ကြီးဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ကဲ့သို့ပင်[46] သစ်တောဦးစီးဌာနနှင့် အထူးသဖြင့် မြန်မာ့သစ်လုပ်ငန်းတို့အားလည်း မှားယွင်းစီမံခန့်ခွဲမှုနှင့် အဂတိလိုက်စားမှုများ ရှိခဲ့ကြောင်း ဝေဖန်ခဲ့ကြပြီး၊ အစိုးရ၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းအောင် လုပ်ဆောင်ရန် တောင်းဆိုခဲ့ကြသည်။[47] ၂၀၁၆ ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံ သစ်ထောက်ခံချက် ထုတ်ပေးရေးကော်မတီ (MFCC) သည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အထောက်အပံ့ဖြင့် ဖော်ထုတ်ထားသည့် FLEGT သတ်မှတ်ချက်များကို ဖြည့်ဆည်း၍ အကောင်းဆုံးကျင့်ထုံးများကို ပေါင်းစပ်ထည့်သွင်းပေးမည့် မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့် စနစ် (MTLAS) အဆိုပြုလွှာအား အကျိုးဆက်စပ်သူများစွာတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်လေ့လာရန် ဆောင်ရွက်ခဲ့သည်။ ယင်း MTLAS ကွာဟချက် ဆန်းစစ်မှုအရ[48] လက်ရှိပြဋ္ဌာန်းချက်များတွင် စစ်ဆေးရေး အစီအစဉ်များ၏ အဓိက အနှစ်သာရ အချက်များဖြစ်သော လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် သစ်ထုတ်သူ၏ လိုက်နာမှုကို သက်သေခံခြင်း စသည်တို့ မပါဝင်သေးဘဲ၊ အထူးသဖြင့် လွတ်လပ်သော စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ ကျန်ရှိနေသေးကြောင်း တွေ့ရှိထားသည်။

မြန်မာနိုင်ငံသည် "တရားဝင်" နည်းလမ်းများကိုသုံး၍ သစ်တောများအား အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအပြင်၊ တရားမဝင်သစ်များ ကျယ်ပြန့်စွာ ထုတ်ယူမှုများကြောင့်လည်း လျင်မြန်သော သစ်တောပြုန်းတီးမှုများကို ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံ တရားမဝင်သစ်ပြဿနာ၏ အတိုင်းအတာကို ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အစိုးရ၏ သစ်မာတင်ပို့မှု အစီရင်ခံစာပါ ပမာဏ (အမေရိကန်ဒေါ်လာ ၂.၈၃ ဘီလီယံ) နှင့် ကုန်သွယ်ဖက်နိုင်ငံများ (အထူးသဖြင့် အိန္ဒိယနှင့်တရုတ်) ၏ သစ်မာတင်သွင်းမှု အစီရင်ခံစာပါ ပမာဏ (အမေရိကန်ဒေါ်လာ ၅.၅၇ ဘီလီယံ)နှင့် နှိုင်းယှဉ်ကြည့်ခြင်းဖြင့် သရုပ်ဖော်ပြနိုင်ပါသည်။ [49] ပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအေဂျင်စီ (EIA) ၏ ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေသော "Organized chaos" အစီရင်ခံစာတွင် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံဝက်ခန့် တန်ဖိုးရှိသော သစ်လုံး ၉၀၀၀၀၀ ကုဗမီတာကို တရုတ်နိုင်ငံသို့ နှစ်စဉ်တရားမဝင် တင်ပို့ကုန်သွယ်နေကြောင်း

46 ဥပမာအားဖြင့် ယခင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်နည်းပညာ ဒုတိယဝန်ကြီး (အားလုံးမှာ ယခင်ကစစ်ဖက် အရာရှိကြီး များဖြစ်ကြသည်) တို့သည် ကျောက်စိမ်းတူးဖော်ခြင်းနှင့် ရောင်းချခြင်းတို့တွင် တရားမဝင်ပတ်သက်မှုများ ရှိခဲ့ကြသည်။ Global Witness, Jade – Myanmar's "Big state secret", London Global Witness, 2015.၂၀၁၂ ခုနှစ်တွင် စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်အစီရင်ခံစာအရ သတ္တုတွင်း၊ ပြန်ကြားရေးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတို့တွင် စာရင်းလိမ်လည်မှုများနှင့် အလွဲသုံးမှုများ တွေ့ရှိရကြောင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။ ထိုစာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ခြင်းမရှိခဲ့ပါ။ G. Robinson, Myanmar ministries accused of corruption, Financial Times: Bangkok, 16 March 2012, https://www.ft.com/ content/ 1a78c348-6e92-11e1-a82d-00144feab49a

47 T. Treue et al, Legally and Illegally logged out: Extent and drivers of deforestation and forest degradation in Myanmar, ALARM, 2016, p.27. This goes beyond the Forest Governance Sectors; Myanmar was ranked 147 out of 168 on the 2015 Corruption Perceptions Index (2015) by Transparency International.

48 ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ MFCC, Global Timber Forum နှင့် FAO FLEGT Programme တို့ ပူးတွဲပြုလုပ်သည့် MTLAS Gap Analysis Project စီမံကိန်းအပြီးသတ်ဆွေးနွေးပွဲတွင် Sofia Ryder တင်ပြသည့် MTLAS Gap Assessment တွေ့ရှိချက်များ။

49 E. Htusan, Myanmar forest-cutting continues despite government efforts, 2 September 2016, http:// bigstory.ap.org/article/92d749a1832446cf9c47cb6cf6ea9a9e/myanmar-forest-cutting-continues-despite-government-efforts?utm_campaign=SocialFlow

ထုတ်ဖော်ထားသည်။[50] မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံချင်း ဆွေးနွေးညှိနှိုင်းခဲ့သည့်အပြင် ဤအစီရင်ခံစာ၏ ဂယက်များကြောင့် တရုတ်နိုင်ငံက နယ်စပ်ဒေသမှ သစ်ကုန်သွယ်မှုကို ရပ်ဆိုင်းစေရန် ကူညီပေးနိုင်ခဲ့ရာ၊ အသေးစားသစ် မှောင်ခိုမှုများ ရှိနေသေးသော်လည်း၊ တရားမဝင် သစ်စီးဆင်းမှုကို သိသာစွာ လျော့ချနိုင်ခဲ့ပါသည်။[51]

ထိုအစီရင်ခံစာနှင့် ALARM အဖွဲ့၏ "တရားဝင်နှင့် တရားမဝင်သစ်ထုတ်မှုများ"[52] ဟူသော အစီရင်ခံစာတို့ ထွက်ရှိလာပြီးနောက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် တရားမဝင် သစ်ထုတ်ခြင်းနှင့် တရားမဝင် သစ်ရောင်းဝယ်မှုများအား တိုက်ဖျက်သည့် အားထုတ်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ၊ ၂၀၁၇ ခုနှစ်၏ ပထမ (၂) လအတွင်း ရန်ကုန်မြို့တွင် အမေရိကန်ဒေါ်လာ ၃.၃ သန်းခန့် တန်ဖိုးရှိသည့် တရားမဝင်သစ်များကို ဖမ်းဆီးရမိခဲ့သည်။[53] ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှောင်ခိုသစ်တန် ၅၀၀၀၀ ကျော်ကို ဖမ်းဆီးရမိပြီး၊ တရားမဝင် သစ်ထုတ်သူနှင့် ရောင်းဝယ်သူပေါင်း ၈၀၀၀ ဦးကို ဖမ်းဆီးခဲ့သည်။ သို့သော် တရားမဝင်သစ် ပမာဏမှာ ယခုထက် များစွာပိုနေနိုင်ပါသည်။[54] မမျှတသည့်အချက်မှာ ထိုကာလအတွင်း ဖမ်းဆီးရမိသည့် ကျွန်းသစ်ပမာဏ (၁၄၀၀၀ တန်) သည် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ခွင့်ပြုခုတ်လှဲ ပမာဏနီးပါးရှိနေခြင်းပင်ဖြစ်သည်။[55] သို့ဖြစ်ရာ တရားမဝင်သစ်ထုတ်သည့် ပမာဏ တိုးလာသည် သို့မဟုတ် တရားမဝင်သစ် ဖမ်းဆီးရမိမှု ပမာဏသာ တိုးလာသည်ကိုမူ ခွဲခြားမသိနိုင်ပါ။

တရားမဝင်သစ်ထုတ်ခြင်းကြောင့် သစ်တောများ အတန်းအစား ကျဆင်းခြင်းနှင့် ဒေသခံပြည်သူများက သစ်တောထွက်ပစ္စည်းများအား အသုံးပြုခွင့် ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်သည့်အပြင်၊ တရားမဝင်သစ်ထုတ်ခြင်းမှာ များသောအားဖြင့် ဒေသအလိုက်ဖြစ်ပွားသော တိုက်ခိုက်မှုများနှင့် ယှဉ်တွဲနေလေ့ရှိရာ[56] ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများအတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ပိုင်းရှိ လင်းခေးခရိုင်၊ ဝမ်စလောင်းကျေးရွာတွင် တရားမဝင် ပိတောက်/တမလန်းသစ်များ ဖမ်းဆီးရေးဆောင်ရွက်ရာမှ ပြန်လာသည့် ခရိုင်သစ်တော အရာရှိတစ်ဦးနှင့် တောအုပ် (၃)ဦးတို့ ပစ်ခတ်သတ်ဖြတ်ခံခဲ့ရသည်။[57]

50 Environmental Investigation Agency, Organised chaos: The illicit overland timber trade between Myanmar and China, London: Environmental Investigation Agency, 2015

51 Environmental Investigation Agency, Myanmar's logging ban a major step towards forest sector reform, 4 August 2016, https://eia-international.org/myanmar-logging-ban-major-step-forest-reform

52 T. Treue et al, Legally and Illegally logged out: Extent and drivers of deforestation and forest degradation in Myanmar, ALARM, 2016

53 H. Htun, Forest Department investigates sizeable seizures of smuggled timber, The Irrawaddy, 1 March 2017, https://www.irrawaddy.com/news/burma/forest-department-investigates-sizeable-seizures-smuggled-timber.html

54 Tropical Timber Market Report, Volume 21, Number 8, ITTO Market Information Service, 16–30 April 2017, https://www.itto.int/files/user/mis/MIS_16-30_Apr_2017.pdf

55 အထက်ပါအတိုင်း။

56 H. K. Linn, The fight for Pegu's forests gets violent, Myanmar Now, 9 August 2016, http://www.dvb.no/ news/fight-pegu-forests-heats-gets-violent/69232

57 Press conference on fatal shooting of four forestry officers in Langkho Township, Global New Light of Myanmar, Myanmar News Agency, 30 December 2014, http://www.globalnewlightofmyanmar.com/press-conference-on-fatal-shooting-of-four-forestry-officers-in-langkho-township/; Combating illegal wildlife trafficking and illegal logging In Myanmar, MONREC, http://www.fdmoecaf.gov.mm/eng/news/9966 (၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်တွင် ဝင်ကြည့်သည်)

လတ်တလောတွင်ပင် တရားမဝင်သစ်ထုတ်ခြင်းနှင့် ကုန်သွယ်မှုကို စုံစမ်းနေသည်ဟု ယူဆရသော Daily Eleven ဂျာနယ်မှ သတင်းထောက်တစ်ဦး သေဆုံးနေသည်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၁၃)ရက်နေ့က တွေ့ရှိခဲ့ရပြီး၊ ယင်းအမှုကို ပြည်သူ့ရဲတပ်ဖွဲ့မှ စုံစမ်း စစ်ဆေးနေဆဲ ဖြစ်သည်။[58]

## ၄-၃ တရားမဝင်သစ်ထုတ်မှုကိုဆန့်ကျင်ရန် ဒေသခံပြည်သူများကိုယ်တိုင် ဆောင်ရွက်သောလုပ်ငန်းများ

အောက်ပါဖြစ်ရပ်လေ့လာမှုများက တရားမဝင်သစ်ထုတ်မှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် မိမိတို့၏ ပတ်ဝန်းကျင် သယံဇာတများအား ကာကွယ်စောင့်ရှောက်ရန် အရေးယူဆောင်ရွက်နေကြသော ဒေသခံပြည်သူများအပေါ် သက်ရောက်မှုများကို ဖော်ပြထားသည်။

မိမိတို့၏ သစ်တောများအား ခြိမ်းခြောက်မှုများအား ဒေသခံကျေးရွာများ စုပေါင်း၍ အရေးယူ ဆောင်ရွက်နိုင်စွမ်း ရှိခြင်းကို မကွေးဒေသရှိ ထီးလင်းနှင့် ဂန့်ဂေါတို့တွင် သရုပ်ဖော်ပြခဲ့ပါသည်။ ထိုဒေသခံပြည်သူများက မိမိတို့ နယ်မြေများတွင် တရားမဝင်သစ်ထုတ်မှုများကို ကြိုတင်ကာကွယ်ရန် ရည်ရွယ်လျှက် နိုးကြားသော ကင်းလှည့်ထိန်း သိမ်းရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။ ထိုဥပမာများက တရားမဝင်သစ်ထုတ်ခြင်းနှင့် သစ်ကုန်သွယ်မှုများအား စောင့်ကြည့်စစ်ဆေးရာတွင် နိုင်ငံသားများ ချိတ်ဆက်ပါဝင်နိုင်သည့် အလားအလာ ရှိနေကြောင်းနှင့် ပုံမှန်လုပ်ငန်း စဉ်များကို နှောင့်ယှက်နေသည့် သမားရိုးကျ လုပ်ပိုင်ခွင့်အာဏာများအား ကျော်လွှားနိုင်ရေးအတွက် စောင့်ကြည့်သူ နိုင်ငံသားတစ်ဦးချင်းသို့ အဆင့်မြင့်ထောက်ကူမှုပေးရန် အရေးပါပုံကို ဖော်ပြနေပါသည်။ ပုဂ္ဂိုလ်ရေး အန္တရာယ်ဖြစ် နိုင်ခြေရှိကြောင်းမှာ ရှင်းလင်းပါသည်။ သို့ရာတွင် ဥပဒေစိုးမိုးစေရေးအတွက် အမိက တာဝန်ရှိသူမှာ အစိုးရ အာဏာပိုင်များဖြစ်နေသည့် အခြေအနေမျိုးတွင် ထိုစောင့်ကြည့်သူ တစ်ဦးချင်းပုဂ္ဂိုလ်များမှ တစုံတရာ ပျက်ကွက် သွားပါက ဥပဒေလိုက်နာစေရေး "တာဝန်" ကို ဝင်ရောက်လုပ်ကိုင်သည်ဟု အပြစ်တင်ခံရမည့် အလားအလာလည်း ရှိနေပါသည်။ ဤဖြစ်ရပ် လေ့လာမှုများကို အခြေခံထားသော နောက်ထပ်အကြံပြုချက်များတွင် "တရားမဝင် သစ်ထုတ်သည့် ကိရိယာများ" ဖြစ်သည့် စက်လွှများကို ပိတ်ပင်ရန်နှင့် များသောအားဖြင့် ဆင်းရဲသော ဒေသခံများ ထက် ပွဲစားများ၊ လုပ်ငန်းရှင်များက ပိုင်ဆိုင်ထားကြသည့် စက်လွှများကို သိမ်းဆည်းရန်လည်း ပါဝင်သည်။ တရားမဝင် သစ်ခုတ်လှဲရန်အတွက် ထိုစက်လွှများကို ငှားရမ်းအသုံးပြုကြသည့် ဆင်းရဲသော ဒေသခံများမှာ ပထမဦးဆုံး ဖမ်းဆီးတရားစွဲဆို ခံရသူများဖြစ်ပြီး၊ ပွဲစားများမှာမူ အကျိုးဆက်များကို ရင်ဆိုင်ရရန် အလားအလာ နည်းပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးတည်ဆောက်သည့် ချဉ်းကပ်နည်းသည် ပတ်ဝန်းကျင်ကို (ထိခိုက်စေသည်ထက်) ကာကွယ် ထိန်းသိမ်းပေးသော အစားထိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြှင့်တင်ပေးခြင်းအားဖြင့် တရားမဝင် သစ်ထုတ်ခြင်းအတွက် "လူသားရင်းမြစ်ထောက်ပံ့မှု" ကို ဖြတ်တောက်ရန်လည်း ရည်ရွယ်ထားပါသည်။

58 B. Walker, A journalist's murder provides a window into the destruction of Myanmar's forests, 9 January 2017, https://scroll.in/article/824583/a-journalists-murder-provides-a-window-into-the-destruction-of-myanmars-forests (၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်တွင် ဝင်ကြည့်သည်)

## ဖြစ်ရပ်လေ့လာမှု (၁) - ဒေသခံပြည်သူ့အဆင့်တွင် တရားမဝင်သစ်ထုတ်မှုကို ဖြေရှင်းရာ၌ စိန်ခေါ်မှုများ

ဤဖြစ်ရပ်လေ့လာမှုကို ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် တပိုင်တနိုင် စိုက်ပျိုးအသက်မွေးနေသော တိုင်းရင်းသားလူမျိုးစုငယ် ကျေးရွာတစ်ရွာတွင် ပြုလုပ်ခဲ့သည်။ ဤကျေးရွာသည် အလွန်ဆင်းရဲပြီး၊ ဘဝရပ်တည်ရေးအတွက် သစ်တောကိုသာ များစွာမှီခိုနေရသည်။ ကျေးရွာသားများက ဆေးဖက်ဝင်အပင်များ စုဆောင်းခြင်း၊ ကော်ဖီနှင့် သစ်သီးများ စိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းတို့ကို ဆောင်ရွက်ကြပြီး ထင်းလောင်စာနှင့် အိမ်သုံးသစ်အတွက် သစ်တောများကို မှီခိုရသည်။ ဤကျေးရွာသည် ရွှေ့ပြောင်းတောင်ယာစနစ်ကို ရေရှည်တည်တံ့သော နည်းလမ်းဖြင့် ကျင့်သုံးနေပြီး၊ ကျေးရွာသားများက အစိုးရအနေဖြင့် ဤစနစ်ကို မှားယွင်းအမိပ္ပါယ်ဖွင့်ဆိုကာ တရားမဝင်သစ်ထုတ်ခြင်းအတွက် သူတို့အား အပြစ်ဖို့နေသည်ဟု ခံစားနေကြရသည်။ ၂၀၁၅ ခုနှစ်တွင် အနားပေးကာလပြီးနောက် သီးနှံပြန်လည်စိုက်ပျိုးရန် မြေနေရာရှင်းလင်းခဲ့သည့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသူ အချို့ကို သစ်တောဦးစီးဌာနက ဖမ်းဆီးသွားသေးသည်။ တချိန်တည်းတွင်ပင် စစ်တပ်နှင့် ဆက်စပ် ကုမ္ပဏီများက အနီးအနားရှိ သစ်တောမြေအများအပြားကို သိမ်းဆည်းကာ သစ်ပင်များကို ခုတ်လှဲနေကြရာ၊ တောင်ကုန်းဆင်ခြေလျှောများတွင် တောယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ ကုမ္ပဏီတစ်ခုတည်းကပင် သစ်တောမြေဧက (၅၀၀၀) ခန့် ရယူကာ သစ်ထုတ်ခဲ့ပြီး၊ သစ်ထုတ်ပြီး ဧရိယာ အနည်းငယ်တွင်သာ လက်ဖက်ပင်များ စိုက်ပျိုးခဲ့သည်။ အမှန်တကယ် သစ်ထုတ်သူများမှာ ဒေသခံနေ့စားလုပ်သားများ ဖြစ်ကြသည်။ ထိုလုပ်သားများမှာ မူးယစ်ဆေးစွဲနေပြီး၊ မည်သည့်ဝင်ငွေရလမ်းမှ မရှာနိုင်သူများဟု ကျေးရွာသားများက ရှုမြင်ကြပါသည်။ ထိုလုပ်သားများသည် သူတို့ဘဝရပ်တည်ရေးအတွက် အားထားနေရသည့် ပတ်ဝန်းကျင် သစ်တောများကို ခုတ်လှဲဖျက်ဆီးပစ်ခြင်းဖြင့် ရေရှည်ထိခိုက်မှု ရှိနေသည်ကိုပင် လစ်လျူရှုထားကြသည်။

သစ်ထုတ်ခြင်းလုပ်ငန်းမှာ ကျေးရွာသားများက တရားဝင်အမည်ပေါက် မြေလျှောက်ထားဆဲဖြစ်သည့် ကျေးရွာပိုင် မြေများပေါ်တွင်ပင် ဆောင်ရွက်လာကြသည်။ ကျေးရွာသားများ၏ ကြိုးစားမှုတွင် အစုအဖွဲ့ပိုင် သစ်တောလက်မှတ် လျှောက်ထားခြင်းလည်း ပါဝင်ခဲ့ပြီး၊ ယင်းမှာလည်း မအောင်မြင်ခဲ့ပါ။ အဝေးပြေးလမ်းမကြီးနှင့် ကပ်နေသော မြေများအား ပုံစံ-၇ (တရားဝင်အမည်ပေါက်မြေ) များ ထုတ်ပေးနေသော်လည်း၊ ကျေးရွာသားများ အနေဖြင့် စစ်တပ်ထိန်းချုပ်မှုအောက်တွင် ရှိနေသေးသော သိမ်းယူခံထားရသည့် မြေကို ပြန်လည်တောင်းခံရန်ပင် မတတ်နိုင်ခဲ့ကြပါ။

အဂတိလိုက်စားမှုနှင့် အင်အားကြီးသော ကိုယ်ကျိုးစီးပွားများ ရှိနေခြင်းကြောင့် ကျေးရွာသားများက ဤထူးခြားဖြစ်ရပ်ကို မတားဆီးနိုင်ဘဲ ဖြစ်နေစဉ်တွင်၊ ဤဒေသရှိ တိုင်းရင်းသားလူမျိုးစုဝင် လူငယ်ကွန်ရက်တစ်ခုက တရားမဝင် သစ်ထုတ်မှု ရပ်တန့်စေရေးအတွက် အသိအမြင်ဖွင့်ပေးခြင်းနှင့် လှုံ့ဆော်အားပေးမှုများ ဆောင်ရွက်နေခဲ့သည်။ တရားမဝင်သစ်ထုတ်သူများက ထိုကွန်ရက်အဖွဲ့ဝင်တစ်ဦးကို ၂၀၁၆ ခုနှစ်အောက်တိုဘာလအတွင်းက ခြိမ်းခြောက်ခဲ့ကြပြီး၊ သစ်ထုတ်မှု ဆန့်ကျင်ရေးလုပ်ငန်းများကို မရပ်တန့်ပါက မိသားစုအား တိုက်ခိုက်မည်ဟု သတိပေးခဲ့သည်။ ထိုအဖွဲ့ဝင်၏ မိသားစုပိုင်ဆိုင်သောမြေတွင် တရားမဝင်မူးယစ်ဆေးပင်များ စိုက်ပျိုး၍ ရဲကိုဖမ်းခိုင်းမည်ဟု ခြိမ်းခြောက်မှုများလည်း ပါဝင်ခဲ့သည်။ မိမိတို့ပတ်ဝန်းကျင်နှင့် ကျေးရွာအတွက် ဆောင်ရွက်နေသော (ဤဖြစ်ရပ်တွင် ထိုသို့ ဆက်လက်ဆောင်ရွက် နေဆဲဖြစ်သော) တစ်ဦးချင်း ပုဂ္ဂိုလ်များအတွက် တရားဥပဒေအရ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပေးမှုများ မရရှိနိုင်ပါ။

## ဖြစ်ရပ်လေ့လာမှု (၂) - မကွေးဒေသတွင် တရားမဝင်သစ်ထုတ်မှုကို ဒေသခံပြည်သူများ ကိုယ်တိုင် စောင့်ကြည့်စစ်ဆေးခြင်း

NLD ပါတီဝင်တစ်ဦးသည် တရားမဝင်လုပ်ငန်းများ၏ အတိုင်းအတာနှင့် အာဏာပိုင်များက ယင်းတို့အား စီမံခန့်ခွဲရန် ကြိုးပမ်းနေရခြင်းကို လျင်မြန်စွာသဘောပေါက်လာသည့် NLD လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အာဏာပိုင်များ၏ ညွှန်ကြားချက်အရ စောင့်ကြည့်စစ်ဆေးမည့် ဂိတ်တစ်ခုကို စတင်ဖွင့်ခဲ့သည်။ ထိုစောင့်ကြည့်စစ်ဆေးရေး ဂိတ်ဖွင့်ခြင်းကို ရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့က အစပိုင်းတွင် သဘောမတူခဲ့သော်လည်း CSOs အဖွဲ့များနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ထောက်ခံကြသည်။ နောက်ပိုင်းတွင် ရဲ၊ ရပ်မိရပ်ဖများ၊ ရှေ့နေနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ပါဝင်သော စောင့်ကြည့်လေ့လာရေး အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ သစ်တောဦးစီးဌာနကမူ ယင်းအဖွဲ့တွင် ပါဝင်ရန် တုံ့ဆိုင်းနေဆဲဖြစ်သည်။

ထိုစောင့်ကြည့်စစ်ဆေးရေးဂိတ်ကို အရပ်သားလုပ်အားပေးသူများနှင့် လူငယ်အဖွဲ့များက အချိန်ပြည့် (၇ ရက်/၂၄ နာရီ) လည်ပတ်နေပြီး၊ သံသယဖြစ်ဖွယ်လှုပ်ရှားမှုများတွေ့ရှိပါက ဖုန်းဖြင့်အကြောင်းကြားပေးမည့် ဒေသခံသတင်းပေးသူများနှင့် ဆက်သွယ်ရေး ကွန်ရက်တစ်ခုကိုလည်း တည်ထောင်ထားသည်။ လုပ်အားပေးသူများနှင့် လူငယ်အဖွဲ့များသည် တရားမဝင်ပစ္စည်းများကို ဖမ်းဆီးကြပြီး၊ တရားမဝင်သစ်လုံးများ တွေ့ရပါက နယ်မြေခံ ရဲနှင့် သစ်တောအာဏာပိုင်များကို အကြောင်းကြားကြသည်။ သူတို့၏ ကနဦးတုန့်ပြန်မှုမှာ ဖုန်းဖြင့် သတင်းအချက်အလက်ပေးခြင်းဖြစ်ရာ၊ အာဏာပိုင်များ မရောက်လာမီတွင် ပစ္စည်းများပျောက်ကွယ်သွားခြင်းကို မကြာခဏကြုံတွေ့ခဲ့ရသည်။ နောက်ပိုင်းတွင် ပြင်ပမှ စစ်ဆေးမှု ရရှိစေရေးနှင့် အရေးမယူသော ဒေသခံအာဏာပိုင်များ သို့မဟုတ် လာဘ်ယူထားသော အရာရှိများ၏ အပြိုးထားမှုမှ ကာကွယ်ပေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ထံသို့လည်း တချိန်တည်းတွင် ဖုန်းခေါ်ဆိုအကြောင်းကြားခြင်းဖြင့် တုန့်ပြန်သည့် နည်းလမ်းကို ပြင်ဆင်ခဲ့သည်။ ဤနည်းလမ်းကြောင့် ဒေသအာဏာပိုင်များ၏ တာဝန်ခံမှုကို တိုးတက်စေခဲ့သည်။ ဤသို့ဆောင်ရွက်နေသော်လည်း၊ ပုံမှန်မဟုတ်သည့် ဖြစ်ရပ်များဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ်တွင် စောင့်ကြည့်စစ်ဆေးရေးဂိတ်၌ ပိတောက်/တမလန်း ၂၂ ကုဗမီတာကို ဖမ်းဆီးရမိပြီး၊ ရဲတပ်ဖွဲ့ထံသို့ လွှဲပြောင်းပေးခဲ့သည်။ သို့သော် ရဲတပ်ဖွဲ့၏ အမှုတွဲတွင် ၅ ကုဗမီတာသာ လက်ခံရရှိသည်ဟု မှတ်တမ်းတင်ထားခဲ့သည်။ ထိုသို့ ကွာခြားနေမှုကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

သီးခြားဖြစ်ရပ်တစ်ခုတွင်လည်း၊ စောင့်ကြည့်စစ်ဆေးရေးဂိတ်မှ လုပ်အားပေးများသည် တရားမဝင် သစ်နှင့် ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် ပါဝင်ပတ်သက်နေသည့် အဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦးနှင့် ဘာသာရေး ခေါင်းဆောင်တစ်ဦးတို့ကို ကြုံတွေ့ခဲ့ရသည်။ စောင့်ကြည့်စစ်ဆေးရေးဂိတ်မှ လုပ်အားပေးများသည် ထိုတရားမဝင်သစ်များကို သိမ်းဆည်းရန် ရဲတပ်ဖွဲ့သို့ အကြောင်းကြားသောအခါ အစပိုင်းတွင် ရဲများက ဂိတ်၏ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ အနှောင့်အယှက်ပေးသည့် မေးခွန်းများမေးခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်ထံသို့ ဖုန်းဆက်၍ ထိုလုပ်ပိုင်ခွင့်ကို အတည်ပြုပြီးနောက်တွင်မှ အရေးယူဆောင်ရွက်ပြီး တရားမဝင် ပစ္စည်းများကို ဖမ်းဆီးခဲ့သည်။ ဤဖြစ်ရပ်က လုပ်ပိုင်ခွင့်များသည် သမားရိုးကျ တရားစီရင်ရေး စနစ်များအပေါ် မည်သို့လွှမ်းမိုးနိုင်ကြောင်းကို ဖော်ပြနေပါသည်။ သို့သော် အဆင့်ပိုမြင့်သော အာဏာပိုင်များနှင့် ချိတ်ဆက်ထားနိုင်ခြင်းကြောင့် ထိုသို့သော လွှမ်းမိုးမှုများကို တန်ပြန်နိုင်ခဲ့ပါသည်။ လွှမ်းမိုးရန်ကြိုးစားနေသော ပုဂ္ဂိုလ်များက လုပ်အားပေးသူများ၏ ပုဂ္ဂိုလ်ရေးအမည်သတင်းကို အန္တရာယ်ပြုနိုင်ခြေရှိခြင်းနှင့် လက်တုန့်ပြန်နိုင်သည့် အလားအလာများ ရှိနေခြင်းတို့ကြောင့် ဤလုပ်ငန်း၏ စိန်ခေါ်မှုများအနက်တစ်ခုမှာ တခါတရံတွင် သတင်းပေးချက်များကို စုံစမ်းစစ်ဆေးရန်အတွက် လုပ်အားပေးသူများအနက် မည်သူမှ မသွားလိုကြခြင်းဖြစ်သည်။

ခြုံငုံကြည့်ပါက လုပ်အားပေးများဖြင့် ဆောင်ရွက်သည့် စောင့်ကြည့်စစ်ဆေးရေးဂိတ်နှင့် သတင်းပေးစနစ်သည် သစ်တောများအား ကာကွယ်ရန်နှင့် တရားမဝင်ပစ္စည်းများစီးဆင်းမှုကို ကြားဖြတ်ဟန့်တားရန် တိုက်ရိုက် အရေးယူ ဆောင်ရွက်နေသည့် သက်ဆိုင်ရာ ပြည်သူများအတွက် ဥပမာကောင်းတစ်ခုပင် ဖြစ်ပါသည်။ ဤစနစ်အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ကြီးကြပ်မှုနှင့် အခွင့်အာဏာတို့က ရှင်းလင်းတိကျသော ကွဲပြားခြားနားမှုကိုဖြစ်စေပြီး၊ နိုင်ငံသားများအား ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပိုမိုတက်ကြွစွာ ချိတ်ဆက်မိစေသည်။ နည်းပညာကျွမ်းကျင်မှုနှင့် ပစ္စည်းကိရိယာများ ရှိထားသည့် အစိုးရနှင့် အရပ်ဖက် အဖွဲ့အစည်းများက ဤသို့သော အစပျိုးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ထောက်ပံ့ပေးသင့်ပါသည်။

အလားတူ အစပျိုးလုပ်ငန်းတစ်ခုကို မကွေးခရိုင်တွင်ပင် ဆောမြို့နယ်အတွင်း၌ ဖော်ထုတ်ထားကြောင်း တွေ့ရှိရသည်။ ထိုဒေသရှိ ဒေသခံများက နယ်မြေခံသစ်တောဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့အနေဖြင့် တရားမဝင် သစ်ထုတ်ခြင်းနှင့် သစ်မှောင်ခိုမှု ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် စွမ်းဆောင်ရည် အားနည်းကြောင်း သဘောပေါက်ခဲ့ကြသည်။ ကျေးရွာ (၇) ရွာမှ စိတ်ဝင်စား တက်ကြွသူ (၄၀) ဦးတို့က လုပ်ငန်းစဉ်ကို ကူညီပေးရန် အချိန်ရောက်ပြီဟု ဆုံးဖြတ်ကာ ဒေသအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ရဲတပ်ဖွဲ့တို့အား အကြောင်းကြားပြီးနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ ထိုအဖွဲ့သည် အဖြစ်နိုင်ဆုံးသော သစ်သယံလမ်းကြောင်းများကို ဖော်ထုတ်ခြင်းဖြင့် စတင်ခဲ့ပြီး၊ သံသယဖြစ်ဖွယ် လူများ၊ ကားများ မြင်တွေ့ရပါက အဖွဲ့အား အသိပေးနိုင်မည့် သတင်းပေး ကွန်ရက်တစ်ခုကိုလည်း တည်ထောင်ခဲ့ကြသည်။ အဖွဲ့ဝင်များက အခြေအနေကို စောင့်ကြည့်ပြီးနောက် သစ်တင်၊ သစ်သယံမှုများ တွေ့ရှိရပါက ရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့အား တပ်လှန့်သတိပေးသည်။ ထိုအဖွဲ့ဝင်များက စက်လွှများသည် သစ်ခုတ်လဲသည့် အဓိက ကိရိယာဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ခဲ့ပြီး၊ လွှတ်တော်ကိုယ်စားလှယ်အား ထိုပြဿနာကို အမျိုးသားလွှတ်တော်တွက် တင်ပြရန်စည်းရုံးနိုင်ခဲ့သည်။ ရလဒ်အနေဖြင့် သစ်တောဦးစီးဌာနက စက်လွှများကို မှတ်ပုံတင်ရန် ညွှန်ကြားချက်ထုတ်ပြန်၍ တရားမဝင်စက်လွှများကို ဖမ်းဆီးခဲ့သည်။

ဤဒေသ၏ ပြဿနာအတိမ်အနက်ကို နားလည်လာခြင်းနှင့် မိမိတို့၏ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆန္ဒရှိလာခြင်းတို့၏ လှုံ့ဆော်မှုကြောင့် ရပ်ရွာပြည်သူများသည်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က တရားမဝင် သစ်ထုတ်မှုများအား ရင်ဆိုင်ဆန့်ကျင်ရာတွင် တက်ကြွစွာဖြင့် ချိတ်ဆက်ပါဝင်လာကြသည်။ တချိန်တည်းတွင်ပင် ရပ်ရွာပြည်သူများအနေဖြင့် တရားမဝင် သစ်ထုတ်သူများက စီးပွားရေးလိုအပ်ချက်အရ အခြားရွေးချယ်စရာမရှိသည့် ဒေသခံပြည်သူများကို နေ့စားလုပ်သားများအဖြစ် မကြာခဏ ငှားရမ်းကာ သစ်ခုတ်လဲ လေ့ရှိကြောင်းကိုလည်း သိရှိလာခဲ့သည်။ "တရားမဝင် သစ်ခုတ်လဲသူ အများစုမှာ စီးပွားရေး အဆင်မပြေသူများ၊ မြေယာမဲ့များ ဖြစ်ကြသည်"[59] ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့သည် တရားမဝင် သစ်ထုတ်မှု ဖြစ်စေ သည့် အချက်တစ်ချက်ကို ဖယ်ရှားပစ်နိုင်ရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးကို မဖြစ်မနေ ပိုမိုဆောင်ရွက်ရန် လိုအပ်နေသည်ဟု ရှုမြင်ထားပါသည်။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးစေခြင်း သို့မဟုတ် ဒေသခံ ပြည်သူအခြေပြုသည့် သီးနှံသစ်တောလုပ်ငန်းများသည် သစ်တောများကို ဖျက်ဆီးပစ်သည်ထက် ထိန်းသိမ်း စောင့်ရှောက်နေကြသော ဤဒေသအတွက် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဖန်တီးယူဆောင်ပေးနိုင်ပါလိမ့်မည်။

59 စာတမ်းရှင်များက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် မကွေး၌ တွေ့ဆုံမေးမြန်းခဲ့သည့် အရပ်ဖက်လူမှုအဖွဲ့ဝင်တစ်ဦး

## ၄-၄ မြေယာစီမံအုပ်ချုပ်ရေးစနစ်

သစ်တောစီမံအုပ်ချုပ်မှုစနစ်သည် မြေယာအခွင့်အရေးများနှင့် နီးကပ်စွာ ချိတ်ဆက်နေပါသည်။ သစ်တော သယံဇာတများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းသည်လည်း များသောအားဖြင့် သစ်တောများ တည်ရှိနေသည့် မြေယာများအား ပိုင်ဆိုင်သူများနှင့် အနီးကပ်ချိတ်ဆက်နေသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြေယာစီမံအုပ်ချုပ်ရေးစနစ်ကို အုပ်စုအမျိုးမျိုးအကြားနှင့် အချိုးမညီသော လုပ်ပိုင်ခွင့်အဆင့်ဆင့် ရှိထားသူများအကြား ပဋိပက္ခများဖြင့် ဖော်ပြနိုင်သည်။ ဒေသခံပြည်သူများမှာ ပဋိပက္ခများကြောင့်သော်လည်းကောင်း၊ စစ်တပ်[60]၊ အစိုးရ (သို့မဟုတ်) အစိုးရနှင့် ချိတ်ဆက်လုပ်ကိုင်သော လုပ်ငန်းများမှ မြေသိမ်းယူမှု များကြောင့်သော်လည်းကောင်း၊ ဆည်/ ရေလှောင်ကန်/ လမ်း/ လုပ်ငန်းသုံး (ဆီအုန်း/ သတ္တုတွင်း) ကဲ့သို့သော အခြင်းပွားဖွယ် ဖွံ့ဖြိုးရေး စီမံကိန်းများ တည်ဆောက်ခြင်းကြောင့်သော်လည်းကောင်း သူတို့၏ မြေယာများမှ မကြာခဏ ဖယ်ရှားခံနေရပါသည်။ ယင်းတို့အတွက် လျော်ကြေးများ တောင်းခံခြင်းနှင့် တိုင်ကြားမှုများကိုလည်း ရှင်းလင်းပေးရန် ကျန်ရှိနေသေးပြီး၊ အဖွဲ့အစည်းသစ်များက နေးကွေးစွာ ကိုင်တွယ်နေဆဲဖြစ်ပါသည်။ [61]

လက်ရှိမြေယာ စီမံအုပ်ချုပ်သည့်စနစ်မှာ ရှုပ်ထွေးပါသည်။ ဤလေ့လာမှုအတွင်း တွေ့ဆုံမေးမြန်း ဖြေကြားချက်များအရ မြေယာအုပ်ချုပ်ရေးစနစ်တွင် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများအပြင် အစိုးရဌာန (၁၇)ခုခန့် ပါဝင်ပတ်သက်နေကြသည်။ ရလဒ်အနေဖြင့် ဒေသခံပြည်သူများက မြေယာအခွင့်အရေးများကို မှတ်ပုံတင်ရာတွင် ကြိုတင်ခန့်မှန်းနိုင်သော စိန်ခေါ်မှုများဖြစ်လာပြီး၊ အစိုးရဌာနများအကြား (အထူးသဖြင့် အုပ်ချုပ်မှုများ ရောထွေးနေသော ဒေသများတွင်) လုပ်ငန်းဆောင်ရွက်ရသည့် အချိန်လည်း များစွာပိုလာသည်။ အနာဂတ်ကာလတွင် ပိုမိုထိရောက်မျှတသော မြေယာစီမံအုပ်ချုပ်ရေး ဖြစ်လာစေရေးအတွက် ရိုးရှင်း၍ ချောမွေ့လွယ်ကူအောင် လုပ်ဆောင်ပေးနိုင်မည့် သိသာထင်ရှားသော နယ်ပယ်တစ်ခုရှိပါသည်။ တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်တစ်ရပ်ဖြင့် ဆောင်ရွက်ပြီးနောက်တွင် အမျိုးသားမြေ အသုံးချမူဝါဒသစ်[62]ကို ၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့သည်။ ယင်းမူဝါဒသစ်တွင် မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာ အလေ့အထနှင့် စုပေါင်းမြေပိုင်ဆိုင် အသုံးချမှုကို အသိအမှတ်ပြုထားပြီး၊ မြေယာစီမံအုပ်ချုပ်ရေး၊ အခြင်းပွားမှုဖြေရှင်းရေးနှင့် မြေသိမ်းခံရသူများ၊ ပဋိပက္ခကြောင့် ဖယ်ရှားခံရသူများအတွက် လျော်ကြေးပေးရေး လုပ်ငန်းစဉ်များ တိုးတက်စေမည့် ပြဋ္ဌာန်းချက်များလည်း ပါဝင်ထားရာ များစွာတိုးတက်မှုရှိပြီး အားလုံးပါဝင်သော မူဘောင်တစ်ခုအဖြစ် ဖွဲ့စည်းထားပါသည်။ သို့ရာတွင် အမျိုးသား မြေအသုံးချမူဝါဒကို လက်တွေ့ကျင့်သုံးနိုင်စေရန်အတွက် မြေယာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းအသစ်များ လိုအပ်နေပါသေးသည်။

လတ်တလောတွင်ပင် သစ်တောဦးစီးဌာန၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထိန်းသိမ်းရေးနယ်မြေများ၊ သစ်တောကြိုးဝိုင်းများ တိုးချဲ့ဖွဲ့စည်းမည့် အစီအစဉ်များကို ကြေငြာခဲ့သည်။ ထို့အတူပင် စိုက်ပျိုးရေး၊ မြေယာနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း ဝန်ကြီးဌာနက ထိန်းချုပ်မည့် မြေယာများ၊ စိုက်ပျိုးထုတ်လုပ်

60 350 Myanmar farmers facing court over land grabs, ChannelNewsAia, 23 Feb 2017, www.channelnews asia. com/news/asiapacific/350-myanmar-farmers-facing-court-over-land-grabs-7607748

61 T. Kramer and K. Woods, Financing dispossession, Transnational Institute, 2012; J. Buchanan et al, Developing disparity, Transnational Institute, 2013; and Displacement Solutions and Norwegian Refugee Council, Restitution in Myanmar, Building lasting peace, national reconciliation and economic prosperity through a comprehensive housing, land and property restitution programme, 2017

62 ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားမြေအသုံးချမူဝါဒကို http://extwprlegs1.fao.org/docs/pdf/ mya 152783. pdf တွင် ရယူနိုင်ပါသည်။

မည့် မြေယာများကို တိုးချဲ့ရန် စီစဉ်နေသည်။[63] အရပ်ဖက် အဖွဲ့အစည်းများအနေဖြင့် ထိုဝန်ကြီးဌာနနှစ်ခုက တူညီသော နယ်မြေများသို့ တိုးချဲ့လိုခြင်းကြောင့်[64] အနာဂတ်တွင် အဖွဲ့အစည်းဆိုင်ရာ ပဋိပက္ခများဖြစ်လာနိုင်သည့် စိုးရိမ်မှုများ ရှိနေကြောင်းကို ထုတ်ဖော်တင်ပြခဲ့ကြသည်။

အောက်ပါဖြစ်ရပ် လေ့လာမှုနှစ်ခုတွင် (က) ကြိုးပြင်ကာကွယ်တောတွင် နေထိုင်ကြပြီး၊ ကျူးကျော်သူများအဖြစ် စဉ်းစားခံရကာ၊ တရားမဝင် သစ်ထုတ်သူများ၏ အန္တရာယ်ရှိနေသည့် ပအို့ဝ်ကျေးရွာတစ်ရွာနှင့် (ခ) ပဋိပက္ခကြောင့် ရွှေ့ပြောင်းခံရခြင်း အပါအဝင် ရွှေ့ပြောင်းခံရမှု အမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရသည့် ပဲခူးရိုးမဒေသမှ ကျေးရွာတစ်ရွာတို့ရှိ သစ်တောကို မှီခိုနေထိုင်ရသော တောင်သူများ၏ စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြထားပါသည်။

**"ကျွန်တော်တို့က ဆုံးဖြတ်ချက် ချမှတ်ရာမှာ ဒေသခံတွေ ပိုပြီးပူးပေါင်း ပါဝင်စေချင်တယ်၊ မြေယာအခွင့်အရေးတွေလည်း လိုချင်တယ်"**

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ တွေ့ဆုံမေးမြန်းခဲ့သည့် ပအို့ဝ်တောင်သူများ ၏ မြေယာသမဂ္ဂအဖွဲ့

63 K. Woods, speaking at a panel discussion on agribusiness in Myanmar as a major driver of deforestation and land conflicts, with the potential for reform, Forest Trends, Yangon, 16 November 2016

64 K. Woods, Ibid.; and G. Kissinger, Background report for identifying the drivers of deforestation and forest degradation in Myanmar, UNREDD and MONREC, 2017

## ဖြစ်ရပ်လေ့လာမှု (၃) - တရားဝင် မြေယာအသုံးပြုခွင့်နှင့် တရားမဝင် သစ်ထုတ်ခြင်း၏ စိန်ခေါ်မှုများ (ပအို့ဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း)

ဤကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာတစ်ရွာသည် ရိုးရာဒေသန္တရ သစ်တောစီမံ အုပ်ချုပ်ရေးနည်းလမ်းဖြင့် စီမံအုပ်ချုပ်ထားသည့် မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစနစ်ကို ရေရှည်တည်တံ့စွာဖြင့် လိုက်နာကျင့်သုံးနေပါသည်။ ထိုစနစ်တွင် (အလှည့်ကျစနစ်ဖြင့် ရွေးချယ်ထားသော) ဦးတည်ပုဂ္ဂိုလ်တစ်ဦးက ဦးဆောင်သည့် ပွင့်လင်း၍ ထင်သာမြင်သာရှိသော ဆွေးနွေးမှုများ (အဖွဲ့ဝင်အားလုံး အမှန်တကယ် ပါဝင်ဆွေးနွေးနိုင်သည်) ပါဝင်သည်။ ဤကျေးရွာတွင် တိုင်းရင်းသားနိုင်ငံရေး အခြေခံသည့် ပဋိပက္ခများ၏ တိုက်ရိုက်သက်ရောက်မှု အလွန်နည်းသည်။ ဤဒေသတွင် "ကာလရှည်ကြာ" နေထိုင်စိုက်ပျိုးခဲ့သည့် ဤကျေးရွာနှင့် ဤနယ်မြေကို သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ဖွဲ့စည်းလိုသည့် သစ်တောဦးစီးဌာနတို့အကြားတွင် သဘောကွဲလွဲမှု အချို့ရှိလာခဲ့သည်။

ဤကျေးရွာသားများသည် သစ်တောကြိုးဝိုင်းနယ်မြေအတွင်း နေထိုင်နေသည့် အကျိုးဆက်အဖြစ် မြေအသုံးချသက်သေခံလက်မှတ် (ပုံစံ -၇) ကို ထုတ်ယူနိုင်စွမ်းမရှိဘဲ၊ "သစ်တောမြေကျူးကျော်သူများ" အဖြစ် စဉ်းစားခံခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင်မူ နိုင်ငံတော်သမ္မတရုံးမှ သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင် ကာကွယ်တောများအတွင်း ကျူးကျော်နေထိုင်သူများကို ဖြေရှင်းနေရာချထားပေးရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။ သစ်တောကြိုးဝိုင်းနှင့် ကာကွယ်တောများအတွက် ပုံစံ (၇) ထုတ်ပေးနိုင်ခြင်းမရှိဘဲ၊ ကြိုးဝိုင်း/ကာကွယ်တောအဖြစ်မှ ပယ်ဖျက်ပြီးမှသာ လျှောက်ထားနိုင်သည်။ ဤလျှောက်ထားသည့် လုပ်ငန်းစဉ်ကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ဗဟိုအစိုးရကသာ ကိုင်တွယ်ဆောင်ရွက်ပေးနိုင်သည်။ သို့ရာတွင် ဤကျေးရွာနှင့် သစ်တောဦးစီးဌာနတို့အကြား ပုံစံတကျ ဆက်သွယ်ဆောင်ရွက်မှု မရှိသေးပါ။ ဤကျေးရွာသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဆောင်ရွက်ခွင့်လက်မှတ် (CFC) ရရှိရန် ကြိုးစားခဲ့သေးသော်လည်း မအောင်မြင်ခဲ့ပေ။

ဤနယ်မြေတွင် ဥပဒေသက်ရောက်မှု မရှိဘဲ၊ တရားမဝင် သစ်ထုတ်ခြင်းနှင့် ဆက်စပ် အဂတိလိုက်စားမှုများမှာ ဤကျေးရွာအတွက် အဓိက ပြဿနာများဖြစ်ကြသည်။ သစ်ထုတ်ခြင်းကြောင့် သစ်ပင်များ ဆုံးရှုံးရသည့်အပြင် မြေဆီလွှာ အရည်အသွေးကို ယိုယွင်းစေပြီး မြေတိုက်စားမှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်စေပါသည်။ တရားမဝင် သစ်ထုတ်မှုအချို့ကို လက်နက်ကိုင်အဖွဲ့များကလည်းကောင်း၊ အချို့ကို ခရိုနီများက (တခါတရံတွင် အစိုးရနှင့် ပူးတွဲ၍) လည်းကောင်း ပြုလုပ်ကြပြီး၊ ဒေသခံ ကျေးရွာသားများကမူ မည်သူတို့က လက်နက်ကိုင်အဖွဲ့မှဖြစ်သည်၊ မည်သည့်စီးပွားရေး အဖွဲ့အစည်းများအတွက် လုပ်နေသည် စသည်တို့ကို မသိရှိကြပါ။ အန္တရာယ်ရှိနိုင်သောကြောင့် မေးမြန်းရန်လည်း ကြောက်ရွံ့ကြသည်။ အချို့ သစ်ထုတ်သူများတွင် သစ်တောဦးစီးဌာန၏ တရားဝင် ခွင့်ပြုမိန့်များ ရှိထားသော်လည်း၊ ခွင့်ပြုမိန့်ပါ ဧရိယာထက် များစွာကျယ်ပြန့်သော ဧရိယာကို ခုတ်လဲတတ်ကြသည်။ ထိုခွင့်ပြု မိန့်များအား စစ်ဆေးရန်မှာ ခက်ခဲပြီး၊ သစ်ထုတ်သူများနှင့် ထိပ်တိုက်တွေ့ဆုံရန်လည်း လိုအပ်သည့်အတွက် အန္တရာယ်ပြုခံရနိုင်သည့် အလားအလာလည်း ရှိပါသည်။ ထို့အပြင် သစ်ထုတ်သူများက အသုံးပြုသော ဆင်များကလည်း သစ်တောကို အခြေပြု၍ စိုက်ပျိုးထားသော သီးနှံများကို စားသုံး သို့မဟုတ် ဖျက်ဆီးတတ်ကြသေးသည်။

ဤကျေးရွာသားများက တရားမဝင်သစ်ထုတ်မှုကို နည်းလမ်းအမျိုးမျိုးဖြင့် တုန့်ပြန်ခဲ့ကြသည်။ ရပ်ရွာအခြေပြုအဖွဲ့အစည်းများအနေဖြင့် အသေးစား သစ်ထုတ်လုပ်ငန်းများသို့ ချဉ်းကပ်ပြီးနောက် သစ်ထုတ်သူများအား

တိုက်ရိုက်ဆွေးနွေးပြောဆိုရ၍ သစ်ထုတ်မှုရပ်တန့်ရန် ကြိုးစားရာတွင် ပိုမိုယုံကြည်မှု ရှိလာကြသည်။ အကြီးစားဖြစ်ရပ်များတွင်မူ ရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနသို့ သတင်းပေးပြီး၊ စုံစမ်းစစ်ဆေးစေပါသည်။ အချို့သော ကျေးရွာသားများမှာ တရားမဝင်သစ်ထုတ်မှုများအား ရပ်တန့်ရန် ကြိုးစားနေစဉ်အတွင်း ခြိမ်းခြောက်ခံခဲ့ကြရသည်။ အစိုးရသစ် တက်လာပြီးနောက်ပိုင်းတွင် အချို့နယ်မြေများ၌ သစ်တောဦးစီးဌာနနှင့် ဆက်ဆံရေး သိသာစွာ ပြောင်းလဲမှုများလည်း ရှိခဲ့သည်။ ယခင်ကမူ သစ်တော ဦးစီးဌာနက "သစ်ထုတ်ခြင်းကို မနှောင့်ယှက်ရန် ခြိမ်းခြောက်ခဲ့ပြီး"၊ အစိုးရသစ်တက်လာချိန်တွင်မူ ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အရေးကြီးကြောင်းနှင့် သစ်တောဦးစီးဌာနသည်လည်း တရားမဝင် သစ်ထုတ်မှုရပ်တန့်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် တာဝန်ယူသည့် လုပ်ဆောင်ချက်များ မတွေ့ရသေးပါ။ ကျေးရွာပိုင်မြေများသည်လည်း သတ္တုတူးဖော်ခြင်းနှင့် ဆက်စပ်အငြင်းပွားမှုများကြောင့် ဆိုးရွားစွာ ထိခိုက်ခဲ့ရသည်။ မြေယာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးခဲ့ရပြီး၊ ထင်းရှူးပင်များလည်း ယိုယွင်းနည်းပါးလာခဲ့သည်။ လျော်ကြေးပေးရန် တောင်းဆိုခဲ့သော ကျေးရွာသားများအား နှုတ်ဆိတ်နေရန် ခြိမ်းခြောက်မှုများရှိခဲ့ပြီး၊ ယနေ့အထိ ထိခိုက်ခံရသူများသို့ လျော်ကြေးအလုံအလောက်ပေးခဲ့ခြင်း မရှိသေးပါ။

ဤဒေသသည် တရားဝင်အားဖြင့် ပအို့ဝ်အမျိုးသားအဖွဲ့အစည်း၏ အုပ်ချုပ်မှုအောက်တွင် ရှိနေသော်လည်း၊ ဤဖြစ်ရပ်ပါ ကျေးရွာမှာ အုပ်ချုပ်ရေးအဖွဲ့နှင့် ဆက်သွယ်မှု မရှိသလောက်နည်းသည်။ "ကျွန်တော်တို့က သဘာဝသယံဇာတ စီမံခန့်ခွဲရေးနဲ့ သစ်တောအသုံးပြုတာတွေအပါအဝင် ကိစ္စရပ်တွေကို ဆုံးဖြတ်ချက်ချမှတ်ရာမှာ ဒေသခံပြည်သူတွေကို ပူးပေါင်းပါဝင်စေချင်တယ်၊ ကျွန်တော်တို့က တရားဥပဒေစိုးမိုးမှု လိုချင်ပါတယ်၊ မြေယာအခွင့်အရေးတွေလိုချင်ပါတယ်"[65]

65 ပအို့ဝ်တောင်သူမြေယာသမဂ္ဂ, KII, နေပြည်တော်၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ (၉)ရက်။

## ဖြစ်ရပ်လေ့လာမှု (၄) - ပဲခူးရိုးမဒေသတွင် ကြိမ်ဖန်များစွာရွှေ့ပြောင်းခံရခြင်းနှင့် ထိခိုက်လွယ်သော မြေယာအသုံးပြုခွင့်

*"သစ်တောဆိုတာက အစားအစာအတွက်၊ ဆေးဝါးအတွက်၊ အသက်မွေးနေထိုင်ဖို့အတွက် လူတွေ မှီခိုနေရတဲ့ ဇာစ်မြစ်တစ်ခုဖြစ်ပါတယ်"*

ပဲခူးရိုးမဒေသမှ လူငယ်အစုအဖွဲ့ခေါင်းဆောင်တစ်ဦး (၂၀၁၆ ခုနှစ် နိုဝင်ဘာလ)

ဤကျေးရွာသည် အစုအဖွဲ့ပိုင်လယ်ယာများနှင့် ကုမ္ပဏီပိုင်စိုက်ခင်းများရှိသော ပဲခူးရိုးမဒေသတွင် စိုက်ပျိုးနေထိုင်သည်။ ဤကျေးရွာသားများသည် အစိုးရနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့၏ တိုက်ပွဲပဋိပက္ခများကြောင့် သူတို့၏ မူလမြေယာများမှ ဖယ်ထုတ်ခံရပြီး ၁၉၇၀ ပြည့်နှစ်လွန်နှစ်များတွင် ဤဒေသသို့ ပထမအကြိမ် ရွှေ့ပြောင်းလာကြသည်။ ဤဒေသတွင် ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေ၏ ပုဒ်မ (၁၄၄) ထုတ်ပြန်၍ တရားဝင် ထိန်းချုပ်ထားသော်လည်း၊ ကျေးရွာအချို့ စိုက်ပျိုးနေထိုင် နေကြပါသည်။ ဤပုဒ်မမှာ အများပြည်သူ ငြိမ်ဝပ်ပိပြားစေရေးအတွက် အာဏာပိုင်များသို့ အရေးပေါ် အခြေအနေ လုပ်ပိုင်ခွင့်များ ပေးထားသည့် ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်သော်လည်း၊ မြေယာအငြင်းပွားမှုများ အပါအဝင် အသေးစား ဆန္ဒပြမှုများကို ဖြိုခွင်းရာတွင် အသုံးပြုခဲ့သည့်အတွက် လူ့အခွင့်အရေးအဖွဲ့များ၏ ဝေဖန်မှုကို ခံနေရသော ပုဒ်မတစ်ခုဖြစ်သည်။ ဤဖြစ်ရပ်ပါ ကျေးရွာအနေဖြင့် သူတို့ ကာလရှည်ကြာ စိုက်ပျိုးနေထိုင်ခဲ့သည့် နေရာတွင် ၂၀၀၆ ခုနှစ်၌ ဆိုင်းဘုတ်များ လာရောက်စိုက်ထူချိန်မှသာ ဤအနေအထားကို သိရှိလာကြသည်။ သူတို့၏ မြေယာအသုံးပြုခွင့်များကို တရားဝင်ဖြစ်စေရန် ပြန်လည်သတ်မှတ်ပေးရေးအတွက် မည်သူ့ထံတွင် အယူခံ လျှောက်ထားရမည်ကို လည်းမသိကြပါ။

ဤကျေးရွာသည် ရွေးချယ်စရာ အခြားနည်းလမ်းမရှိသောကြောင့် ဤနေရာတွင် အခြေချခဲ့ခြင်းဖြစ်သည်။ သို့သော် ဤနယ်မြေတွင် လျော်ကြေးပေးခြင်း သို့မဟုတ် တိုင်ပင်ဆွေးနွေးခြင်းပင် မခံရဘဲ ကြိမ်ဖန်များစွာ ရွှေ့ပြောင်းခံရမှုများကို ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။ ဤသို့ ရွှေ့ပြောင်းရမှုကြောင့် သူတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ အစိတ်အပိုင်းများကို ဆုံးရှုံးခဲ့ရပြီး၊ တရားဝင်မြေယာ အသုံးပြုခွင့် မရနိုင်ခဲ့သည့်အတွက် ဆိုးရွားသော အကန့်အသတ်များကို ရင်ဆိုင်နေရသည်။ ဤဒေသတွင် ပုဒ်မ (၁၄၄) ထုတ်ပြန်ထားသည့်အတွက် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများလည်း မရရှိကြပါ။ အစိုးရထံမှ မှတ်ပုံတင်ကတ်ပြားများကို ကိုင်ဆောင်ထားခြင်းမရှိဘဲ၊ အစိုးရအုပ်ချုပ်ရေးနှင့် တိုက်ရိုက်ဆက်ဆံမှုလည်း မရှိကြပေ။ အစိုးရအာဏာပိုင်များကလည်း ရွှေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ဒီမိုကရေစီနည်းလမ်းဖြင့် ကိုယ်စားလှယ်ရွေးချယ်ရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုများပေးရာတွင်လည်းကောင်း ဤကျေးရွာများကို ချန်လှပ်ထားခဲ့သည်။

ပဲခူးရိုးမတောင်တန်းသည် သမိုင်းတလျှောက်တွင် အထူးသဖြင့် ကျွန်းအပါအဝင် တန်ဖိုးမြင့်သစ်များ ကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သော်လည်း၊ သစ်အလွန်အကျွံ ထုတ်ယူမှုများရှိခဲ့သည်။ အစိုးရသည် သစ်တော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးရိုးမဒေသအတွင်း သစ်ထုတ်ခြင်းကို (၁၀) နှစ်ကြာမျှ တားမြစ်ကြောင်း ၂၀၁၆ ခုနှစ် မေလတွင် ထုတ်ပြန်ကြေငြာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် သစ်တောဦးစီးဌာနက ဤကျေးရွာကို ရွှေ့ပြောင်းပေးရန် မေတ္တာရပ်ခံခဲ့သော်လည်း၊ ထိုအချိန်တွင် စိုက်ပျိုးထားသော သီးနှံများ ရိတ်သိမ်းချိန်ဖြစ်သည့်အတွက် (သီးနှံရိတ်သိမ်းခြင်းမှာ အသက်ရှင်ရပ်တည်ရေးအတွက် အရေးကြီး ကိစ္စ

တစ်ရပ်ဖြစ်သည်ဟု ဒေသခံများက စဉ်းစားပါသည်) ရွှေ့ပြောင်းရန် ငြင်းဆန်ခဲ့ကြသည်။ သို့သော် သစ်တော ဦးစီးဌာနက စည်းမျဉ်းစည်းကမ်းများအတိုင်း စိုက်ပျိုးမြေများကို ရှင်းလင်းခဲ့ရာ ကျေးရွာ၏ ပိုင်ဆိုင်မှုများ ပျက်စီးရခြင်း အပါအဝင် ဆုံးရှုံးမှုများစွာ ဖြစ်စေခဲ့သည်။

ဤကျေးရွာသည် သစ်တောဦးစီးဌာနနှင့် ထိုသို့သော အငြင်ပွားမှုများအပြင်၊ တရားမဝင်သစ်ထုတ်ခြင်းနှင့် ပတ်သက်သည့် ဆိုးရွားသော ပြဿနာများလည်း ရှိခဲ့ကြောင်း အစီရင်ခံခဲ့ကြသည်။ တရားမဝင် သစ်ထုတ်သူများ၏ မကြာခဏ ခြိမ်းခြောက်မှုများနှင့် တခါတရံတွင် တိုက်ခိုက်ခံရမှုများရှိခဲ့ပြီး၊ "တရားမဝင်သစ်ထုတ်ခြင်းနှင့် ပတ်သက်၍ ကျေးရွာသားများ၏ ရင်တွင်း၌ ပြောစရာများစွာရှိသော်လည်း"၊ "လူသတ်ရန် လွယ်ကူခြင်းကြောင့်" ထုတ်ဖော်ပြောကြားနိုင်ခြင်း မရှိခဲ့ပါ။ ကုမ္ပဏီများသည် အစိုးရက တရားဝင် သစ်ထုတ်ခွင့် ပြုထားသည့် ပမာဏထက် ပိုထုတ်ခြင်းဖြင့် "နည်းလမ်းဟောင်း သစ်ခိုးထုတ်ခြင်း"ကို ကျင့်သုံးနေကြကြောင်း တွေ့မြင်နေရပါသည်။ နည်းလမ်းသစ်ဖြင့် သစ်ခိုးထုတ်ခြင်းမှာ ပိုမိုပြန့်နှံ့နေပြီး၊ သစ်ထုတ်လုပ်ငန်းကြီးများ မဟုတ်တော့ဘဲ၊ အခြားဝင်ငွေရလမ်းမရှိဘဲ စီးပွားရေး အကြပ်အတည်းဖြစ်နေသည့် ဒေသခံကျေးရွာသား အုပ်စုငယ်များကို နေ့စားလုပ်သားများအဖြစ် ငှားရမ်းကာ ခုတ်လှဲထုတ်လုပ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် တရားမဝင် သစ်ထုတ်ခြင်းကို အစားထိုး စီးပွားရေး အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းဖြင့်သာ ရပ်တန့်နိုင်မည်ဖြစ်ကြောင်း ဒေသခံများက ပြောကြားခဲ့ကြသည်။ တစ်ချိန်တည်းတွင်ပင် ကျေးရွာသားများက တရားမဝင် သစ်ထုတ်သူများကို သိရှိဟန့်တား နိုင်ရန်အတွက် သူတို့နေထိုင်ရာ သစ်တောများကို ကင်းလှည့်ထိန်းသိမ်းကြပြီး၊ တရားမဝင် သစ်ထုတ်သူများနှင့် တတ်နိုင်သမျှ ထိပ်တိုက်တွေ့ဆုံကြသည်။ ယခင်ကမူ တရားမဝင် သစ်ထုတ်နေစဉ်အတွင်း ဖုန်းဖြင့် ဗွီဒီယိုရိုက်ကူးခြင်းအားဖြင့် (ထိုဗွီဒီယိုမှတ်တမ်းဖြင့် တရားဥပဒေအရ အရေးယူခံရနိုင်သည့် အလားအလာရှိသည့်အတွက်) တရားမဝင်သစ်ထုတ်သူများကို ဟန့်တားနိုင်ခဲ့သည်။ သို့သော် ထိုသို့သော ဗွီဒီယိုမှတ်တမ်းများမှာ တစ်ဦးချင်း စောင့်ကြည့်စစ်ဆေးသူများအတွက် အန္တရာယ်ဖြစ်နိုင်ခြေမရှိနိုင်ပါ။

# ၄-၅ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း

မြန်မာနိုင်ငံရှိ ဒေသခံပြည်သူများစွာတို့သည် လျင်မြန်သောနှုန်းဖြင့် သစ်တောပြုန်းတီးမှုကြောင့် ထိခိုက်ခံစားရသည့် အပြင်၊ ရိုးရာဓလေ့အရ အများပိုင်မြေ အသုံးပြုမှုနည်းလမ်းများနှင့်အညီ စီမံအုပ်ချုပ်၍ စိုက်ပျိုးလုပ်ကိုင်နေသော မြေယာများနှင့် သစ်တောများအတွက် တရားဝင်ထုတ်ပေးသည့် အသိအမှတ်ပြု လက်မှတ်များလည်း မရှိကြပါ။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို ထိုသို့သော နှစ်မျိုးတွဲ စိန်ခေါ်မှုများအတွက် အလားအလာရှိသော ဖြေရှင်းနည်းတစ်ခုအဖြစ် စဉ်းစားကြပါသည်။

သစ်တောဦးစီးဌာနက ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဆိုသည်မှာ (၁) သစ်တောတွင်နေထိုင်ပြီး သစ်တောကို ဖျက်ဆီးနေသူများအား သစ်တောထိန်းသိမ်းစောင့်ရှောက်သူများ ဖြစ်လာစေရန်နှင့် (၂) သယံဇာတ စီမံအုပ်ချုပ်ရေးတွင် (ဒေသခံပြည်သူနှင့် အာဏာပိုင်များ) နှစ်ဖက်လုံးအတွက် win-win အခြေအနေများရရှိစေရန် အဓိက ရည်ရွယ်ချက်နှစ်ရပ်ဖြင့် "ဒေသခံ ပြည်သူများကိုယ်တိုင် စီမံခန့်ခွဲပြီး၊ အစားအစာ၊ လူသုံးပစ္စည်းနှင့် ဝင်ငွေရရှိစေရန်အတွက် လယ်ယာအဆင့်တွင် သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောအုပ်များ ထူထောင်ခြင်းကဲ့သို့သော သစ်တောလုပ်ငန်းတစ်ရပ်ရပ်" ဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ [66] ၁၉၉၅ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းညွှန်ကြားချက် (CFI)မှာ "ကျေးရွာသားများက အနီးရှိသစ်တောများအား ကိုယ်ပိုင်အသုံးပြုရန်နှင့် ခရိုင်သစ်တောဦးစီးဌာနနှင့် ပူးတွဲ စီမံအုပ်ချုပ်ရန်အတွက် ကျေးရွာသားများ၏ အခွင့်အရေးကို အသိအမှတ်ပြုထားသည့် ပထမဆုံးသော (ဥပဒေ) ပြဋ္ဌာန်းချက်" ဖြစ်ခဲ့ပါသည်။[67]

CFI ကို ၁၉၉၆ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ် ဇွန်လအထိ သစ်တော အသုံးပြုသူများအဖွဲ့ (FUGs) ၈၄၇ ဖွဲ့ကို တည်ထောင်ထားကာ၊ ဧရိယာအားဖြင့် ၂၁၀,၆၃၃ ဧကကို စီမံအုပ်ချုပ်နေကြပါသည်။[68] ဤပမာဏမှာ အစိုးရ၏ ၂၀၃၀ ခုနှစ်တွင် ဒေသခံပြည်သူ အစုအဖွဲ့ ပိုင်သစ်တော ၂၆၇၆၅၅ ဧက တည်ထောင်ပြီးဖြစ်ရမည်ဟူသော ရည်မှန်းချက်[69]၏ ၁၀% အောက်တွင်သာ ရှိနေသေးပြီး၊ CF လုပ်ငန်းအတွက် နိုင်ငံရေး ကတိကဝတ်မရှိခြင်းကို ညွှန်ပြနေပါသည်။ [70] CF အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအမြင့်ဆုံးကို ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တွေ့ရှိရပြီး၊ အများစုကို DFID, UNDP/FAO နှင့် အခြား CSOs များက ထောက်ပံ့ကူညီထားကြသည်။

66 K. Kyaw Tun, Sustainability in Pa-O Forest: Will there be hope for the locals?, in W. Tantikanangkul and A. Pritchard (eds.), Politics of autonomy and sustainability in Myanmar – Change for new hope…new life?, Thailand and Myanmar: Springer, p.93. See also by the Forest Department (1995) Community Forestry Instructions, Myanmar

67 K. Woods and K. Canby, Overview of forest law enforcement, governance and trade: Baseline Study 4, Myanmar, Forest Trends, Washington DC, 2011, p.18, www.forest-trends.org/documents/files/doc_3159.pdf

68 သစ်တောဦးစီးဌာန၏ CF ယူနစ်က CFNWG အဖွဲ့သို့ ရှင်းလင်းတင်ပြချက် (၂၀၁၆ ခုနှစ်)

69 National Forestry Master Plan for 2001–2002 to 2030–2031 prepared by Ministry of Forestry in June 2001.

70 K. Tint et al, Unleashing the potential of community forest enterprises in Myanmar, London: Ecosystem Conservation and Community Development Initiative (ECCDI), University of East Anglia (UEA), and International Institute for Environment and Development (IIED), 2014, p.viii

နိုင်ငံတကာ နှိုင်းယှဉ်လေ့လာမှုများအရ "သစ်တောဆုံးရှုံးမှုများကို ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောနည်းလမ်းဖြင့် ရပ်တန့်အောင် ဆောင်ရွက်ခြင်းမှာ အနည်းဆုံးအားဖြင့် နိုင်ငံတော်က ဥပဒေဖြင့် ဆောင်ရွက်သော ထိန်းသိမ်းရေးနယ်မြေများကဲ့သို့ပင် ထိရောက်မှုရှိသည်" ဟု ဖော်ပြနေပါသည်။[71] မြန်မာနိုင်ငံတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ရန်အတွက်၊ သက်ဆိုင်ရာဌာနများမှ အစိုးရအရာရှိကြီးများနှင့် NGOs အဖွဲ့များ ပူးပေါင်းပါဝင်သော CF ဆိုင်ရာ အမျိုးသားလုပ်ငန်းအဖွဲ့ (CFNWG) ကို တည်ထောင်ထားသည်။ ထို့အပြင် သစ်တောဦးစီးဌာန၏ ရုံးချုပ်တွင် CF ဆိုင်ရာ အထူးယူနစ်တစ်ခုကို ဖွဲ့စည်းထားပြီး၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ CF လုပ်ငန်းများကို စောင့်ကြည့်ရန်အတွက် ဝန်ထမ်းများကို တာဝန်ပေးထားသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်တွင် CFI ရည်ရွယ်ချက်များကို အောက်ပါအတိုင်း တိုးချဲ့ထားသည်-

- ဒေသခံပြည်သူများအတွက် သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအစရှိသည့် သစ်တောနှင့် သစ်ပင်ဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။
- ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရရှိပြီး၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရန်။
- သစ်တောဖုံးလွှမ်းသည့်ဧရိယာ တိုးတက်လာပြီး၊ သစ်တောထွက်ပစ္စည်းများအား စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်။
- ပြည်သူများ ပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို မြှင့်တင်ရန်။

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ NGOs အဖွဲ့များစွာတို့ကလည်း ဒေသခံပြည်သူအဆင့်တွင် မိမိတို့၏ သစ်တောများနှင့် ရေအရင်းအမြစ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် အစုအဖွဲ့ပိုင် မြေယာအခွင့်အရေးများကို တရားဝင်ဖြစ်စေရေး ဆောင်ရွက်နိုင်စွမ်းရှိစေမည့် စွမ်းဆောင်ရည်များ တည်ဆောက်ပေးရန်အတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအစပျိုး လုပ်ငန်းများအား ကူညီပေးနေပါသည်။ သို့ရာတွင် CF လုပ်ငန်း အကောင်အထည်ဖော်မှုမှာ ရည်မှန်းချက် ပြည့်မီရန်များစွာ လိုအပ်နေသေးပြီး၊ ဒေသခံပြည်သူများ အနေဖြင့်လည်း လျှောက်လွှာများအား ခွင့်ပြုချက် ရယူရာတွင် ကြန့်ကြာမှုများ ရင်ဆိုင်နေရပြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ် (CFC) ရရှိရေးအတွက် ရုန်းကန်ကြိုးစားနေရဆဲဖြစ်ပါသည်။

71 L. Porter-Bolland et al, Community managed forests and forest protected areas: An assessment of their conservation effectiveness across the tropics, Forest Ecology and Management 268: 6–17, 2012, www.cifor.org/library/3461/community-managed-forests-and-forestprotected-areas-an-assessment-of-their-conservationeffectiveness-across-the-tropics/

## ပုံ (၁) - ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်မှုအခြေအနေ




ဇာစ်မြစ် - ၂၀၁၆ ခုနှစ်တွင် သစ်တောဦးစီးဌာနမှ CF ယူနစ်က CF အမျိုးသားလုပ်ငန်းအဖွဲ့သို့ တင်ပြချက်

CFC ကို ခွင့်ပြုပေးသည့် လုပ်ထုံးလုပ်နည်းများမှာ ရှုပ်ထွေးပြီး၊ အထူးသဖြင့် သစ်တောဦးစီးဌာန မဟုတ်သော အခြားဌာနများ (ဥပမာ- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) က စီမံခန့်ခွဲနေသည့် မြေတွင် CFC လျှောက်ထားပါက ပိုမိုရှုပ်ထွေးပါသည်။ သစ်တောဦးစီးဌာန၏ ထိန်းချုပ်မှုအောက်တွင် ယခင်ကတည်းက ရှိထားသည့် မြေအတွက်သာ လိုင်စင် (လက်မှတ်) များ ထုတ်ပေးဟန်ရှိကြောင်း တွေ့ဆုံမေးမြန်းခဲ့သူများက ပြောကြားခဲ့သည်။[72] ဒေသခံ ပြည်သူအချို့က CFCs လက်မှတ်များ ရရှိနေပြီး၊ အချို့က မရရှိသေးသည်ကို တွေ့မြင်နေရသော ဒေသခံ ပြည်သူများ အနေဖြင့် လုပ်ငန်းစဉ်နှင့် စံသတ်မှတ်ချက်များမှာ ပွင့်လင်းမြင်သာမှု မရှိဟု ယူဆနိုင်ပါသည်။ "CFC လက်မှတ် ထုတ်ပေးဖို့အတွက် နားလည်လွယ်ပြီး တိကျတဲ့စနစ်တစ်ခု ရှိသင့်တယ်"[73]။ CFC လက်မှတ်ကို အောင်မြင်စွာ ထုတ်ပေးရန်မှာ မြို့နယ်အဆင့် သစ်တောအရာရှိ၏ စွမ်းဆောင်ရည်၊ အတွေ့အကြုံနှင့် "စိတ်ထားကောင်း" ပေါ် တွင်လည်း မူတည်နေပါသည်။[74] ယခင်ကမူ CFC လက်မှတ်များကို ဗဟိုအဆင့် ခွင့်ပြုချက်ဖြင့်သာ ထုတ်ပေးပါသည်။ ၁၉၉၅ ခုနှစ် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းညွှန်ကြားချက်အရ ခရိုင်အဆင့်ရှိ လက်ထောက် ညွှန်ကြားရေးမှူးကို CF ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့် လွှဲအပ်ထား သော်လည်း၊ ၂၀၀၀ ပြည့်နှစ်တွင်မူ ပြည်ထောင်စုအဆင့် ခွင့်ပြုချက် ရယူရန်လိုအပ်ကြောင်း ပြင်ဆင်သတ်မှတ်ခဲ့ပြီး၊ ၂၀၁၂ ခုနှစ်အထိ ကျင့်သုံးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင်မူ ပြည်နယ်/တိုင်းဒေသကြီးအဆင့်သို့ လုပ်ပိုင်ခွင့် လွှဲအပ်ခဲ့ သည်။[75] ဤစနစ် ၏ အစိတ်အပိုင်းအားလုံးကို သိရှိလာကြပါက

> **"CFC လက်မှတ်အတွက် နားလည်လွယ်ပြီး တိကျတဲ့စနစ်တစ်ခု ရှိသင့်တယ်"**
>
> မကွေးမြို့တွင် ပြုလုပ်သည့် ဦးတည်အုပ်စု လိုက်ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးသူများ (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ)

72 စာတမ်းရှင်များက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ရန်ကုန်၌ တွေ့ဆုံမေးမြန်းခဲ့သည့် မြေယာပင်မလုပ်ငန်းအဖွဲ့

73 မကွေး၌ ပြုလုပ်သည့် ဦးတည်အုပ်စုလိုက်ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများ (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ)

74 စာတမ်းရှင်များက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် ရန်ကုန်၌ တွေ့ဆုံမေးမြန်းခဲ့သည့် Flora and Fauna International အဖွဲ့နှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မကွေး၌ ပြုလုပ်ခဲ့သည့် FGD ဆွေးနွေးပွဲ။

75 စာတမ်းရှင်များက ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၂၂)ရက်နေ့တွင် ရန်ကုန်၌ တွေ့ဆုံမေးမြန်းခဲ့သည့် MERN အဖွဲ့

လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့် မြန်ဆန်လာသင့်ပါသည်။ ထို့အပြင် ကရင် အမျိုးသား အစည်းအရုံး (KNU) နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ကဲ့သို့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အချို့ ကလည်း ၄င်းတို့ ထိန်းချုပ်ထားသည့် ဒေသများ သို့မဟုတ် ပူးတွဲအုပ်ချုပ်နေသည့် ဒေသများတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောနယ်မြေများ တည်ထောင်ခြင်း သို့မဟုတ် ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်လာကြသည်။[76]

76 K. Joliffe, Ceasefires, governance, and development: The Karen National Union in times of change, Yangon: The Asia Foundation, 2016

## ဖြစ်ရပ်လေ့လာမှု (၅)-ကချင်ပြည်နယ်တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်နေသော ငြိမ်းဇောင်ဒေးရှင်း

ငြိမ်း (Shalom) ဇောင်ဒေးရှင်းသည် မြို့နယ် (၄) မြို့နယ် (အစိုးရ၏ အုပ်ချုပ်မှုရှိသော ဝိုင်းမော်၊ ပူတာအိုနှင့် မိုးကောင်းမြို့နယ်များနှင့် အုပ်ချုပ်မှု ရောထွေးနေသော မန်စီမြို့နယ်) တွင် ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၏ တစိတ်တပိုင်းအဖြစ် ၂၀၀၆ ခုနှစ်မှစ၍ ကချင်ပြည်နယ်တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို ဆောင်ရွက်နေခဲ့ပါသည်။ ထိုအစီအစဉ်မှာ ဒေသတွင်း သစ်တောပြုန်းတီး မှုနှုန်းနှင့် မြေသိမ်းဆည်းခံရမှုများ မြင့်တက်လာခြင်းနှင့် ဒေသခံများ၏ မြေယာနှင့်သစ်တောများအား ခြိမ်း ခြောက်မှုများကို ဖြေရှင်းပေးရန် ဖော်ထုတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဤစီမံကိန်းသည် အစိုးရအုပ်ချုပ်မှုရှိသော ဒေသများတွင် CF လုပ်ငန်း၏ အရေးကြီးပုံနှင့် စိန်ခေါ်မှုများ အကြောင်းကို အသိအမြင် ဖွင့်ပေးခြင်းဖြင့် ဒေသအာဏာပိုင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးများကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။ အချို့သော CF ကျေးရွာများမှာ သစ်တောဦးစီးဌာနနှင့် ဆက်ဆံရေး ကောင်းမွန်ကြသော်လည်း၊ အချို့ကျေးရွာများတွင်မူ စိန်ခေါ်မှုများ ပိုများပြီး၊ နှောင့်နှေးမှုများ ကြုံတွေ့ရသည်။ KIO ထိန်းချုပ်သည့် ဒေသတွင်မူ တိုက်ရိုက်လုပ်ငန်း မလုပ်ဆောင်နိုင်သည့်အတွက် ဒေသခံမိတ်ဖက် အဖွဲ့အစည်းတစ်ခုမှတဆင့် လုပ်ကိုင်ဆောင်ရွက်ရသည်။ KIO အဖွဲ့တွင် သစ်တောနှင့်ပတ်သက်သည့် ကိုယ်ပိုင် မူဝါဒများရှိထားပြီး၊ KIO အဖွဲ့ထံမှ CF လုပ်ငန်းခွင့်ပြုချက်များရရှိရန် ပိုမိုလွယ်ကူကြောင်း ငြိမ်း ဇောင်ဒေးရှင်းအဖွဲ့က တွေ့ရှိထားပါသည်။ (သို့သော် အခြေအနေပြောင်းလဲသွားပါက ထို CF ခွင့်ပြုချက်များ အား ဗဟိုအစိုးရက လက်ခံခြင်း ရှိမရှိမှာမူ မရှင်းလင်းပါ)။ ထိန်းချုပ်မှုရောထွေးနေသော ဒေသများတွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ကို သစ်တောဦးစီးဌာနနှင့် KIO အဖွဲ့ နှစ်မျိုးလုံးသို့ တင်ပြရပြီး၊ ငွေကြေး လည်းပေးရသည့်အတွက် အုပ်ချုပ်ရေးစနစ်နှစ်မျိုးရှိခြင်းသည် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး၊ နေ့စဉ်လုပ်ငန်းများကို ပိုမိုခက်ခဲပါသည်။

ထိုနယ်မြေများရှိ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းသည် ကောင်းကျိုးသက်ရောက်မှုများကို အကန့်အသတ်ဖြစ်စေသည့် ဆိုးရွားသော စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။ အချို့စိန်ခေါ်မှုများမှာ ပဋိပက္ခ များနှင့် ဆက်စပ်နေပြီး၊ အချို့မှာ လက်ရှိလည်ပတ်နေသော သစ်တောအုပ်ချုပ်မှုစနစ်နှင့် ဆက်စပ်နေသည့် ပြဿနာများဖြစ်ကြသည်။ ယနေ့အချိန်အထိ CFC လက်မှတ်လျှောက်ထားခဲ့သည့် ကျေးရွာ (၂၇) ရွာအနက် (၆) ရွာကိုသာ ခွင့်ပြုထားပြီး၊ ကျန်ကျေးရွာများမှာ စောင့်ဆိုင်းနေရဆဲဖြစ်သည်။ CFC လက်မှတ်တစ်စောင် ရရန် ပျမ်းမျှစောင့်ဆိုင်းရချိန်မှာ (၂) နှစ်ခန့်ရှိကြောင်း အစီရင်ခံခဲ့ကြသည်။ ဤလုပ်ငန်းကို အရှိန်မြှင့်တင် နိုင်စွမ်းရှိပြီး၊ မြှင့်တင်ရန်လည်း ဆောင်ရွက်သင့်ပါသည်။ ဥပမာအားဖြင့် နီပေါနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် အလားတူ လျှောက်ထားလွှာများအား စိစစ်ဆောင်ရွက်မှုမှာ (၄)လခန့်သာကြာမြင့်ပါသည်။[77] အသိအမှတ်ပြု ခံရသော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောတစ်ခု ဖြစ်လာစေရေးအတွက် ဒေသခံများသည် သစ်တော အသုံးပြုသူများအဖွဲ့ (CFUG) ဖွဲ့စည်းခြင်းဖြင့် စတင်ရသည်၊ လျှောက်လွှာအတွက် မြေယာများကို မြေပုံရေးဆွဲ၍ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်တစ်ခု ပြင်ဆင်ရသည်။ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေစဉ်တွင်ပင် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ယင်းစီမံချက်ကို စတင်အကောင်အထည်ဖော်တတ်ကြသည်။ CFC ကို ရရှိမည်၊ မရရှိမည်ကို မသိရှိသေးမီတွင်ပင် စီမံချက်များအား လက်တွေ့စတင်အကောင်အထည်ဖော်ရန်မှာ စွန့်စားခုန်လွှားယုံကြည်

77 စာတမ်းရှင်များက ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၁၇)ရက်မှ (၁၉)ရက်အတွင်း မြစ်ကြီးနားတွင် တွေ့ဆုံမေးမြန်းခဲ့သည့် CSOs အဖွဲ့များ

မှုရှိရန်လည်း လိုအပ်ပါသည်။

သစ်တောဦးစီးဌာနက CF လုပ်ငန်းကို ကျယ်ပြန့်စွာ ကူညီပေးနေသော်လည်း၊ အချို့သော သစ်တော အရာရှိများက CF အကြောင်း အပြည့်အဝ အသိနိုးကြား နားလည်ထားခြင်းမရှိဘဲ၊ CF တန်ဖိုးကို မမြင်ခြင်း သို့မဟုတ် အခြားလုပ်ငန်း တာဝန်များနှင့် ဝန်ပိနေခြင်းစသည့် စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရကြောင်း ကျေးရွာ အစုအဖွဲ့များနှင့် တွေ့ဆုံမေးမြန်းမှုကို ဖြေကြားပေးသည့် CSOs အဖွဲ့များက အစီရင်ခံခဲ့သည်။[78] "ရွာသို့ အရာရှိတစ်ယောက် ရောက်လာရန်အတွက် ခရီးစရိတ်များ၊ စားသောက်စရိတ်များအားလုံး ကျခံပေးရသည်"[79] ငွေရေးကြေးရေးဆိုင်ရာ စိန်ခေါ်မှုများလည်း ရှိခဲ့ပါသည်။ သစ်တောအရာရှိများအား မကြာခဏ ရွှေ့ပြောင်း နေခြင်းသည်လည်း လျှောက်လွှာများအား စိစစ်ဆောင်ရွက်ရာတွင် သိသာထင်ရှားသော နှောင့်နှေးမှုများကို ဖြစ်စေပြီး၊ လုပ်ငန်းတာဝန်လွှဲပြောင်းရာတွင် ထိရောက်သော လုပ်ငန်းစဉ်တစ်ခု မရှိသည့်အတွက် CF အသုံးပြုသူ အဖွဲ့များသည် လျှောက်လွှာလုပ်ငန်းစဉ်ကို အသစ်ပြန်လည်စတင်ရန် လိုအပ်လာပါသည်။[80] သို့ရာတွင် ယေဘုယျအားဖြင့် သစ်တောဦးစီးဌာနသည် မြေယာစီမံခန့်ခွဲရန် တာဝန်ရှိသည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ကဲ့သို့သော အခြားဌာနများနှင့် နှိုင်းယှဉ်ပါက CF လုပ်ငန်းကို များစွာကူညီပေးပါသည်။ သစ်တောဦးစီးဌာန မဟုတ်သည့် အခြားဌာနများက စီမံခန့်ခွဲနေသည့် မြေပေါ်တွင် မည်သည့် CF ကိုမျှ ခွင့်ပြုချက် ချထားပေးခြင်းမရှိသေးပါ။[81] တွေ့ဆုံမေးမြန်းမှုကို ဖြေကြားခဲ့သူများက ဒေသခံပြည်သူအစု အဖွဲ့များ၏ မြေယာဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်မပြုသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အဓိက ပြဿနာတစ်ရပ်အဖြစ် ရည်ညွှန်းပြောဆိုခဲ့ကြသည်။[82]

ငြိမ်းဖောင်ဒေးရှင်း၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းစီမံကိန်းသည် ပဋိပက္ခကြောင့် ကြားဝင် ဆောင်ရွက်မှု (စီမံကိန်း) အပေါ် သက်ရောက်မှုရှိခြင်းနှင့် ကြားဝင်ဆောင်ရွက်မှုကြောင့် ပဋိပက္ခအပေါ် သက်ရောက်မှုရှိခြင်းဟူသော နှစ်လမ်းသွား သက်ရောက်မှုကို ဖော်ပြနေပါသည်။ ကချင်ပြည်နယ်ရှိ အချို့သော CF ကျေးရွာများသည် ၂၀၁၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်ခံရပြီးနောက် ဖြစ်ပွားသည့် ပဋိပက္ခနှင့် တိုက်ပွဲများကြောင့် ဆိုးရွားစွာ ထိခိုက်ခဲ့ရသည်။ ဥပမာအားဖြင့် CF အဖွဲ့ဝင်များသည် မြေမြှုပ်မိုင်းဒဏ်ရာများ ရရှိခြင်း၊ လက်နက်ကိုင်အဖွဲ့များက ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း လူငယ်များကို အတင်းအဓမ္မ လူသစ် စုဆောင်းခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။ ပဋိပက္ခနှင့် ဆက်စပ်နေသည့် နေရာအနှံ့တိုက်ပွဲများက CF အသုံးပြုသူ များက သစ်တောနယ်မြေများနှင့် စိုက်ခင်းများဆီသို့ သွားရောက်မှုကို နှောင့်ယှက်ခဲ့သည်။ အထူးသဖြင့် လက်နက်ကိုင်များ ရှိနေခြင်းကြောင့် ထင်းစုဆောင်းနေကြသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ သွားလာမှုကို အကန့်အသတ်ဖြစ်စေပြီး၊ ကျား/မ အခြေခံသည့် အကြမ်းဖက်မှုအန္တရာယ်များ ရှိလာစေပါသည်။ တိုက်ပွဲများနှင့် ဆက်စပ်အန္တရာယ်များသည် CF စီမံကိန်းများ အကောင်အထည်ဖော်ခြင်းကို ဆိုးရွားစွာ ထိခိုက်စေရာ ကျေးရွာများသို့ CF လုပ်ငန်းအတွက် ခရီးသွားလာမှုကို ရပ်တန့်စေခြင်း၊ သစ်တောအရာရှိများ၏

78 စာတမ်းရှင်များက ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၁၇)ရက်နေ့၌ မြစ်ကြီးနားတွင် တွေ့ဆုံမေးမြန်းခဲ့သည့် ငြိမ်းဖောင်ဒေးရှင်းအဖွဲ့

79 အထက်ပါအတိုင်း

80 ၂၀၁၇ ခုနှစ် မေလတွင် ငြိမ်းဖောင်ဒေးရှင်းမှ စာတမ်းရှင်များသို့ ဆက်သွယ်ပြောကြားချက်

81 ဤအကြောင်းရင်းကြောင့်ပင် Fauna and Flora International ကဲ့သို့သော အခြားအဖွဲ့အစည်းများကလည်း သစ်တောဦးစီး ဌာနက စီမံခန့်ခွဲနေသည့် မြေတွင် တည်ထောင်သည့် CF များကိုသာ အကူအညီပေးပါသည်။ ငြိမ်းဖောင်ဒေးရှင်းကမူ အကူအညီ တောင်းခံလာသည့် ကျေးရွာအားလုံးကို ကူညီပေးလိုပါသည်။

82 Land rights and ethnic conflict in Burma, Amsterdam: Transnational Institute, 2013 တွင်လည်း ကြည့်နိုင်ပါသည်။

စစ်ဆေးရေးနှင့် စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ဟန့်တားထားခြင်း၊ CF အဖွဲ့ဝင်များက အစုလိုက် ဆွေးနွေးပွဲများနှင့် လှုံ့ဆော်ရေး လှုပ်ရှားမှုများသို့ တက်ရောက်မှုကို ဟန့်တားထားခြင်းတို့လည်း ပါဝင်သည်။ ပဋ္ဌိပက္ခဒေသများတွင် လုံခြုံမှုမရှိခြင်းနှင့် ကျေးရွာခေါင်းဆောင်အချို့ ပျောက်ကွယ်သွားခြင်း (မိုးကောင်းရှိ CF ခေါင်းဆောင်တစ်ဦး အပါအဝင်) တို့ကလည်း ဒေသခံပြည်သူအစုအဖွဲ့များ၏ ခေါင်းဆောင်မှုကို ပြိုလဲစေပါသည်။ ထို့အပြင် CFUGs အဖွဲ့ဝင်များသည်လည်း တိုက်ပွဲများကြောင့် ထွက်ပြေးသွားကြသဖြင့် စီစဉ်ထားသော လုပ်ငန်းများအား ပြီးစီးအောင် ဆောင်ရွက်နိုင်စွမ်းကို ထိခိုက်စေပါသည်။ ဥပမာအားဖြင့် ဝိုင်းမော်မြို့နယ်ရှိ ကျေးရွာ (၂) ရွာတို့ကို ရွာလုံးကျွတ် ဖယ်ရှားခံခဲ့ရရာ၊ CF လုပ်ငန်းကိုလည်း လုံးဝစွန့်ပစ်ခဲ့ရပါသည်။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းက ငြိမ်းချမ်းရေးကို မည်သို့ ကူညီပေးနိုင်ပါသနည်း? ငြိမ်းဖောင်ဒေးရှင်းမှ ဆောင်ရွက်နေသော သစ်တောပြန်လည် ထူထောင်ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းစီမံကိန်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အာဏာပိုင်များအကြား ဖြစ်ပွားနေသည့် လူမျိုးစု-နိုင်ငံရေး ပဋ္ဌိပက္ခအပေါ် တိုက်ရိုက်လွှမ်းမိုးမှု မရှိပါ။ သို့ရာတွင် အရေးကြီးသော နည်းလမ်း (၃) သွယ်ဖြင့် ငြိမ်းချမ်းရေးကို ပါဝင်ကူညီနေပါသည်။

- မြေယာ၊ သစ်တောနှင့် ရေအရင်းအမြစ်များကို ကာကွယ်နိုင်ရန်အတွက် မြေယာများကို တရားဝင်မှတ်ပုံတင်ခွင့်ရရှိရန် ရုန်းကန်ကြိုးစားနေရသည့် ဒေသခံပြည်သူအစုအဖွဲ့များကို လုပ်ပိုင်ခွင့်ပေးသည်။ ဤစီမံကိန်းသည် ဒေသခံများအား နိုင်ငံတော် သို့မဟုတ် မတူညီသော တိုင်းရင်းသား အုပ်စုတစ်ခုကြောင့် နစ်နာမှုများ ဖြစ်စေနိုင်သည့် ဖယ်ရှားခံရခြင်းနှင့် မြေယာ သို့မဟုတ် သယံဇာတများဆုံးရှုံးခြင်းမှ ကာကွယ်ပေးသည်။
- ဤစီမံကိန်းသည် သစ်တောများနှင့် ရေဝေရေလဲ ဒေသများအား ကာကွယ်ထိန်းသိမ်း၍ စီမံအုပ်ချုပ်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများ၏ ရပ်တည်ရှင်သန်ရေးအတွက် မရှိမဖြစ် အရေးပါသော ရေနှင့်သစ်တောထွက်ပစ္စည်းများအား အသုံးပြုခွင့်ကို ရရှိစေသည်။
- ဤစီမံကိန်းသည် ဒေသခံပြည်သူများအား စည်းလုံးမှုတည်ဆောက်ပေးသည်။ ပူးပေါင်းပါဝင်သော နည်းလမ်းများဖြင့် ဆွေးနွေးခြင်းနှင့် ပြဿနာများကို အတူတကွဖြေရှင်းခြင်းဖြင့် အခြေခံ လူတန်းစား အဆင့်တွင် ဒီမိုကရေစီအလေ့အထများ ပိုမိုခိုင်မာအားကောင်းစေပြီး၊ ဒေသခံ ပြည်သူများကိုယ်တိုင် သစ်တောမြေများကို စီမံအုပ်ချုပ်နိုင်သည့် စွမ်းရည်တည်ဆောက်ပေးသည်။ ဤစီမံကိန်းသည် ကျေးရွာ အဆင့်တွင်လည်းကောင်း၊ ကျေးရွာအချင်းချင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများတွင်လည်းကောင်း လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက် ခွင့်ရရှိသည်။ သုံးလတစ်ကြိမ် အစည်းအဝေးများ ပြုလုပ်ပေးခြင်းဖြင့် CF ကျေးရွာများကို အစုလိုက် ချိတ်ဆက်ပေးပြီး၊ ပုံမှန်ဆက်သွယ်ရေးနှင့် လှုံ့ဆော်ရေးလုပ်ငန်းများဖြင့် ဒေသအာဏာပိုင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် တိုက်ရိုက်ချိတ်ဆက်မှု ဖန်တီးပေးကာ ဆက်ဆံရေးကို တိုးတက်စေသည် (ထို့နောက် ယုံကြည်မှုကို တဖြည်းဖြည်းတည်ဆောက်ပေးသည်)။ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်အဆင့်များတွင် ဖြစ်တည်ကာစဖြစ်သော အပြန်အလှန်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကွန်ရက်များသည် ငြိမ်းချမ်းရေးသဘောတူညီချက်ရယူရေး လုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးတည်ဆောက်မှုကို ကူညီပေးနိုင်သည့် အလားအလာရှိသည်။

# ၄-၆ ကျား/မ တန်းတူညီမျှမှု

အမျိုးသမီးများသည် မြန်မာနိုင်ငံလူဦးရေ၏ တဝက်သာသာ ရှိနေသော်လည်း၊ လက်ရှိအုပ်ချုပ်ရေးစနစ်နှင့် ဆုံးဖြတ်ချက်ချမှတ်ရေးဆိုင်ရာ အဖွဲ့အစည်းများမှ အမျိုးသမီးများ၏ ပါဝင်မှုကဏ္ဍကို ကန့်သတ်ထားခြင်း ခံနေရပါသည်။ အမျိုးသားများ လွှမ်းမိုးထားသော စစ်တပ်၏ အုပ်ချုပ်မှုပုံစံနှင့် ရိုးရာယဉ်ကျေးမှုအရ (အမျိုးသား) အိမ်ထောင်ဦးစီးစနစ်တို့ ပေါင်းစပ်လျှက် အမျိုးသမီးများ၏ တန်းတူညီမျှမှုအပေါ် အပြုပြန့်နှံ့ထိခိုက်စေသော ရေရှည်ဆိုးကျိုးများ ဖြစ်ပေါ်စေခဲ့သည်။[83] အဖွဲ့အစည်းများတွင် ကျား/မ တန်းတူညီမျှမှုမရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်တွင် အမျိုးသမီးများ အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်ရာတွင် အတားအဆီးများ မည်သို့ဖြစ်ပေါ်စေကြောင်းကို အရပ်ဖက်အဖွဲ့အစည်းများ၏ အစီရင်ခံစာအချို့တွင် ဖော်ပြထားပြီးဖြစ်သည်။[84] "ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်း၊ တိုင်းရင်းသားဒေသများတွင် စစ်တပ်နှင့် စီးပွားရေး အကျိုးစီးပွားများ ရှိနေခြင်းတို့ကြောင့် အထူးသဖြင့် ကျေးလက်ဒေသများနှင့် တိုင်းရင်းသားဒေသများရှိ အမျိုးသမီးများနှင့် အမျိုသမီး အခွင့်အရေးများကို ဆိုးရွားစွာ ပျက်စီးစေသည့် သက်ရောက်မှုများ ရှိခဲ့ပါသည်။"[85] သို့ရာတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းမှာ အစိုးရပိုင်းတွင်သာမဟုတ်ဘဲ၊ "အချို့သော တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်း ဥပဒေများတွင်လည်း မြေပိုင်ဆိုင်မှုနှင့် အမွေဆက်ခံခြင်း ကိစ္စရပ်များ၌ အမျိုးသမီးများကို ခွဲခြားဆက်ဆံခဲ့ကြသည်"[86] ထိုသို့ ခွဲခြားမှုကြောင့် အမျိုးသမီးများ၏ သဘာဝသယံဇာတ အသုံးပြုခွင့်များအတွက် အတားအဆီးများဖြစ်စေပြီး၊ သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေးနှင့် အသုံးပြုရေးဆိုင်ရာ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများအား ဖယ်ထုတ်ခံနေရပါသည်။

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်နှင့် ကုလသမဂ္ဂ အမျိုးသမီးအစီအစဉ်တို့၏ "Unlocking the potential" အစီရင်ခံစာတွင် အခြေခံအားဖြင့် တန်းတူညီမျှမှု မရှိခြင်းကြောင့် မြေယာကဲ့သို့သော သဘာဝသယံဇာတများအား ပိုင်ဆိုင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ဖွဲ့စည်းပုံအရ အမျိုးသမီးများအား ဖယ်ထုတ်ထားသော်လည်း၊ သဘာဝသယံဇာတများအား အသုံးပြုခြင်းနှင့် စီမံခန့်ခွဲရာတွင် အမျိုးသမီးများသည် တစ်ကျွှာလုံး အတိုင်းအတာဖြင့် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြောင်းကို ထင်ရှားစွာ ဖော်ပြထားသည်။ ထိုအစီရင်ခံစာတွင် အမျိုးသမီးများအား နိုင်ငံရေးနှင့် အုပ်ချုပ်ရေးစနစ်တွင်လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင်လည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးမှု အခန်းကဏ္ဍတွင်လည်းကောင်း ပိုမိုပူးပေါင်း ပါဝင်ခွင့်ပြုရန် တောင်းဆိုထားသည်။[87] အမျိုးသမီးများ ပါဝင်လာပါက လုပ်ငန်းစဉ်များအား အားလုံးပါဝင်ခြင်း၊ ကိုယ်စားပြုခြင်းနှင့် ထိရောက်မှုရှိခြင်းတို့ ဖြစ်စေပါမည်။ သို့သော် ထိုသို့ဖြစ်စေရေးအတွက် အမျိုးသားများ၏ စိတ်ဝင်စားမှု၊ အစိုးရနှင့် ကျေးရွာအစု

83 Women's League of Burma, CEDAW Shadow Report 2016 – Long way to go: Continuing violations of human rights and discrimination against ethnic women in Burma, Chiang Mai, Thailand: Women's League of Burma, 2016, p.1

84 Gender Equality Network, Raising the curtain – Cultural norms, social practices and gender equality in Myanmar, Yangon: Gender Equality Network, 2015; United Nations Population Fund et al, Gender equality and women's rights in Myanmar: A situation analysis, Philippines: Asian Development Bank, 2016

85 Women's League of Burma, CEDAW Shadow Report 2016 – Long way to go: Continuing violations of human rights and discrimination against ethnic women in Burma, Chiang Mai, Thailand: Women's League of Burma, 2016, p.2

86 အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပယောက်ရေးကော်မတီ (CEDAW) အစီရင်ခံစာ၊ ၂၀၀၇ ခုနှစ်။

87 UNEP et al, Women and natural resources – Unlocking the peacebuilding potential, United Nations: New York, 2013

© Worawan Simaroj/Alamy Stock Photo

ရွာဂန်းကျေးရွာအနီးရှိ သစ်တောမှ ထင်းများကို လီဆူးအမျိုးသမီးတစ်ဦးမှ သယ်ယူနေပုံ

အဖွဲ့ရှိ ပါဝင်သူအားလုံးအတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းတို့ လိုအပ်ပါမည်။ သို့မှသာ လူမှုအသိုက်အဝန်းကို အသွင်ကူးပြောင်းရာတွင် အမျိုးသမီးများကိုသာ ဦးတည်သော သင်တန်းများပေးခြင်းထက် ပိုမိုထိရောက်မည်ဖြစ်သည်။

ယေဘုယျအားဖြင့် သစ်တောကဏ္ဍတွင် အမျိုးသားများသာ လွှမ်းမိုးနေမှုကို အသိအမှတ်ပြုထားသော်လည်း၊ ယခုအချိန်ထိ ဆောင်ရွက်ခဲ့သည့် ITF နှင့် FLEGT ဆွေးနွေးပွဲ အမျိုးမျိုးတို့တွင် အမျိုးသမီးများ ပါဝင်တက်ရောက်စေရေးနှင့် ကျား/မ တန်းတူညီမျှမှု အမြင်များ ပါဝင်စေရေးအတွက် အားထုတ်မှုအချို့ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ITF အဖွဲ့တွင် အဖွဲ့ဝင် (၂၄)ဦးရှိသည့်အနက် (၄) ဦးမှာ အမျိုးသမီးများ ဖြစ်ကြသည် (အရပ်ဖက်အဖွဲ့အစည်းများမှ ၂ ဦးနှင့် အစိုးရဖက်မှ ၂ ဦး)။ ပုဂ္ဂလိကဏ္ဍ ကိုယ်စားလှယ်များ အားလုံးမှာ အမျိုးသားများသာဖြစ်ကြသည်။ အဖွဲ့ဝင် ၂၄ ဦးအနက် အမျိုးသမီး ၄ ဦးပါဝင်ပြီး ၁၇% သာရှိသောကြောင့် ကိုယ်စားပြုအနေဖြင့် အလွန်နည်းနေသေးပါသည်။ သို့သော် အဖွဲ့တွင်း ပူးပေါင်းပါဝင်မှုနှင့် ကိုယ်စားပြု ဆွေးနွေးခြင်း ဆိုင်ရာ အရည်အသွေးသည်လည်း ပါဝင်သော အမျိုးသမီး ကိန်းဂဏန်း အရေအတွက်နှင့်တန်းတူ အရေးကြီးပါသည်။ ဥပမာအားဖြင့် အမျိုးသမီးများသည် ကျွမ်းကျင်မှု ရှိကြပါသလား။ လုပ်ပိုင်ခွင့်ပေးထားပါသလား။ ကျား/မ အချိုးညီမျှမှု မရှိသော ပုံစံတကျအခြေအနေမျိုးတွင် စကားပြောရန် မိမိကိုယ်မိမိ ယုံကြည်မှု ရှိပါသလား။ ကျား/မတန်းတူညီမျှမှု ဆိုင်ရာ ပြဿနာများကို ကိုယ်စားပြုရာ၌ မည်သည့် အတိုင်းအတာအထိ တာဝန်ပေးခံရပါသနည်း။

ကျား/မတန်းတူညီမျှမှုနှင့် ဆက်စပ်သည့် စာပေများတွင် FLEGT နှင့် ပဋိပက္ခတို့က ပြန့်နှံ့စွာ တွေ့ရှိရပြီး၊ အဓိကအားဖြင့် FLEGT ဆိုင်ရာ စာအုပ်စာတမ်းများတွင် ကျား/မတန်းတူညီမျှမှုကို ရည်ညွှန်းဖော်ပြလေ့ရှိသည်။ ဥပမာအားဖြင့် EU FLEGT Facility ဝဘ်ဆိုဒ်တွင် နိုင်ငံအဆင့် VPA လုပ်ငန်းများကို သုံးသပ်ရာ၌ ရပ်ဖက်အဖွဲ့အစည်းများသည် "လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်၊ ကျား/မတန်းတူညီမျှမှု သို့မဟုတ် ဌာနေတိုင်းရင်းသားလူမျိုး" စသည်တို့နှင့်စပ်လျဉ်း၍ အမျိုးမျိုး ဦးစားပေးဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လက်ရှိပေါင်းကူးနည်းလမ်း သို့မဟုတ် နည်းလမ်းသစ်များဖြင့် အလုပ်လုပ်ခြင်းကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ရှင်းပြထားသည်။[88] အခြားသုတေသနစာတမ်းများတွင်မူ ယေဘုယျအားဖြင့်[89] လိင်အကြမ်းဖက်မှုနှင့် ကျား/မခွဲခြား အကြမ်းဖက်မှု (SGBV) သာမက သစ်တောကဏ္ဍတွင်ပါ[90] အမျိုးသမီးများ၏ ထိခိုက်လွယ်မှုများ ရှိနေကြောင်းကို မီးမောင်းထိုးပြ

88 http://www.euflegt.efi.int/national-negotiations တွင် ကြည့်ပါ (၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင် ဝင်ကြည့်သည်)

89 Gender Equality Network, Behind the silence – Violence Against Women and their resilience, Yangon, Myanmar: Gender Equality Network, 2015; Women's League of Burma, Breaking the silence, Paper presented at the forty-sixth session of the Commission on the Status of Women, Chiang Mai: Women's League of Burma, March 2002, www.womenofburma.org/Report/Breaking_the_silence.pdf

90 Karen Human Rights Group, Hidden strengths, hidden struggles: Women's testimonies from southeast Myanmar, Myanmar: Karen Human Rights Group, 2016, p.3, 20

ထားသည်။ အထူးသဖြင့် အမျိုးသမီးများက ထမ်းဆောင်ရသည့် အခန်းကဏ္ဍများဖြစ်ကြသော ထင်း သို့မဟုတ် သစ်မဟုတ်သော သယံဇာတများစုဆောင်းရာတွင် ပိုမိုထိခိုက်လွယ်ကြသည်။

FLEGT နှင့် ပဋိပက္ခအကြောင်း ဆွေးနွေးရာတွင် ကျား/မတန်းတူညီမှုသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။ REDD+ လုပ်ငန်းစဉ်တွင် ကျား/မတန်းတူညီမျှမှုအား အဓိကကဏ္ဍအဖြစ်ထည့်သွင်းရန် လုပ်ငန်းပိုင်းဆိုင်ရာ ဆန်းစစ်လေ့လာချက်အရ ယင်းတွင် အောက်ပါအတိုင်း အဓိကအကျိုးကျေးဇူး (၄)ခုရှိကြောင်း[91] သတ်မှတ်ဖော်ထုတ်ထားရာ၊ အမှတ်စဉ် ၂ (ပဋိပက္ခနှင့် တရားမဝင်သစ်ထုတ်ခြင်းတို့ဖြစ်ပေါ်စေသည့် မောင်းနှင်အားများ) မှအပ ကျန်အချက်များမှာ FLEGT တွင်လည်း အလားတူကျင့်သုံးနိုင်မည့် အလားအလာရှိပါသည်။

၁) အမျိုးသားများနှင့် အမျိုးသမီးများ၏ မတူညီသော အခန်းကဏ္ဍများ၊ အခွင့်အရေးများနှင့် တာဝန်များကို လည်းကောင်း၊ သစ်တောများနှင့်ပတ်သက်သည့် သီးသန့် အသုံးပြုမှု ပုံစံများနှင့် အသိပညာများကို လည်းကောင်း အမိအရ အသုံးချနိုင်ခြင်း။ (ဥပမာအားဖြင့် အမျိုးသမီးများသည် ရွှေ့ပြောင်းတောင်ယာအပါအဝင် သစ်တောအခြေခံသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ အချိုးအစား မညီစွာ ပါဝင်ဆောင်ရွက်နေရသည်ဆိုပါက၊ သစ်ထုတ်ခြင်း သို့မဟုတ် မြေသိမ်းခံရခြင်းကြောင့် သစ်တောများသို့ ဝင်ရောက်အသုံးပြုခွင့် ဆုံးရှုံးခြင်းသည် အမျိုးသမီးများအား အချိုးအစား မညီစွာပင် ထိခိုက်စေပါလိမ့်မည်)။

၂) သစ်တောပြုန်းတီးမှုနှင့် တောအတန်းအစားကျဆင်းစေသည့် မောင်းနှင်အားများ၏ တိကျမှုနှင့် သစ်တောထိန်းသိမ်းရေး၊ ရေရှည်တည်တံ့စွာ စီမံအုပ်ချုပ်ရေး၊ သစ်တောကာဗွန် သိုလှောင်မှုများ တိုးတက်စေရေး နည်းလမ်းများ၏ တိကျမှုကို သိရှိနိုင်ခြင်း။

၃) REDD+ လုပ်ငန်းစဉ် (ဤနေရာတွင် FLEGT လုပ်ငန်းစဉ်) မှ အကျိုးအမြတ်များကို မျှတစွာ မျှဝေမှုကို တိုးတက်စေခြင်း။

၄) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့အခွင့်အရေးအခြေခံသည့် ချဉ်းကပ်နည်းဖြင့် တပြေးညီ ဆောင်ရွက်ခြင်း။

အမျိုးသမီးများသည် ပဋိပက္ခအခြေအနေများတွင်ဖြစ်စေ၊ သဘာဝသယံဇာတများမှ အကျိုးအမြတ်များကို မျှဝေရာတွင်ဖြစ်စေ၊ သူတို့အား သက်ရောက်စေသည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ပူးပေါင်းပါဝင်ရန် အခွင့်အရေးရှိသည်။[92] လက်ရှိ ကျား/မဆိုင်ရာဝါစဉ်များတွင် အမျိုးသားများက အဆင့်တူ အမျိုးသမီးများထက် ပိုမြင့်သော လုပ်ပိုင်ခွင့် အင်အားရှိနေခြင်းကို ထည့်သွင်းစဉ်းစားပါက၊ ဝင်ငွေမျှဝေခြင်းမှလည်း အကျိုးအမြတ်များ ပိုမိုရရှိနိုင်သည့် အနေအထားတွင် ရပ်တည်နေပါသည်။ အခွင့်အရေးအခြေခံသည့် ငြိမ်းချမ်းရေး တည်ဆောက်မှု နည်းလမ်းတစ်ခုအတွက် အမျိုးသားနှင့် အမျိုးသမီးများသည် မည်သို့ကွဲပြား ခြားနားစွာ ထိခိုက်ခံရသည်၊ မည်သို့ချိတ်ဆက် ပါဝင်နေကြသည်ကိုလည်းကောင်း၊ အမျိုးသမီးများက ထိုသို့သော လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စွမ်း ရှိခြင်းကိုလည်းကောင်း နားလည်ထားရန် အရေးကြီးပါသည်။

မြန်မာနိုင်ငံ၏ FLEGT အတွက်မူ ဤအချက်မှာ တရားမဝင်သစ်ထုတ်ခြင်းဖြစ်စေသော မောင်းနှင်အားများ၊ သစ်ထုတ်ခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်သည့် ပဋိပက္ခများကို နားလည်၍ ဘက်ပေါင်းစုံမှ ဖြေရှင်းခြင်းကိုလည်းကောင်း၊ (အခြေခံ

91 UN-REDD Programme, Business Case for Gender Mainstreaming in REDD+ , 2011, http://www.undp.org/content/dam/undp/library/gender/Gender%20and%20Environment/Low_Res_Bus_Case_Mainstreaming%20Gender_REDD+.pdf

92 အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀ ပြည့်နှစ်)၊ ကုလသမဂ္ဂ၊ နယူယောက်။

လူတန်းစားအဆင့်မှ ပြည်ထောင်စုအဆင့်အထိ) အဆင့်အားလုံးတွင် တန်းတူညီမျှ၍ ပဋိပက္ခများ ကင်းစင်ပြီး ရေရှည်တည်တံ့စေသော သစ်တောသယံဇာတစီမံအုပ်ချုပ်ရေးတွင် ကျား/မ မရွေး အဓိပ္ပါယ်ရှိစွာ ပူးပေါင်းပါဝင်စေရန် ကူညီပေးခြင်းကိုလည်းကောင်း ဆိုလိုပါလိမ့်မည်။

# ၅။ နိဂုံးချုပ်သုံးသပ်ချက်

FLEGT VPA ဆွေးနွေးညှိနှိုင်းမှုမှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် နှစ်လမ်းသွား အပြန်အလှန် ဆက်သွယ်မှု တစ်ခုရှိနေပါသည်။ တဖက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံး ပါဝင်ရေးကို ဂရုတစိုက် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အကောင်အထည်ဖော်ခဲ့ပါက၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသား ပြည်နယ်များစွာတို့တွင် ခံစားနေရသော ဖယ်ကျဉ်ခံရခြင်း၊ ချန်လှပ်ခံရခြင်းကို ပိုဆိုးစေပြီး၊ ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် အချက်များကို ပျက်စီးစေမည့် အန္တရာယ်ရှိနိုင်ကာ အဆုံးစွန်အားဖြင့် နောက်ထပ်ပဋိပက္ခများအတွက် လောင်စာ ထပ်ထည့်သကဲ့သို့ ဖြစ်စေပါမည်။ ဥပမာအားဖြင့် FLEGT VPA လုပ်ငန်းစဉ်တွင် ကိုယ်စားပြုမှုမရှိခြင်းနှင့် လုပ်ငန်းစဉ် အကြောင်း သတင်းအချက်အလက် မှားများပေးမိခြင်းကြောင့် ဤ VPA လုပ်ငန်းစဉ်သည် တိုင်းရင်းသားတစ်မျိုးတည်း သို့မဟုတ် နိုင်ငံရေး အတန်းအစားတစ်ရပ် သို့မဟုတ် စီးပွားရေးအုပ်စုတစ်စုကို အခြားသူများထက် မျက်နှာသာ ပေးသည် ဟူသော ရှုမြင်ချက်များ ဖြစ်စေပါလိမ့်မည်။ ဤသို့ရှုမြင်သွားပါက ချန်လှပ်ခံရသော အဖွဲ့များအကြားတွင် မယုံကြည်မှုများ ပေါက်ဖွားလာပြီး လက်ရှိ မယုံကြည်မှုများကို ပိုဆိုးစေကာ၊ ပဋိပက္ခများကို လောင်စာထိုးပေးပါ လိမ့်မည်။ အကျိုးဆက်အဖြစ် FLEGT VPA လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေး နိုင်ငံရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန် ပိုမိုခက်ခဲသွားပါလိမ့်မည်။ ထို့ကြောင့် FLEGT VPA ကို လိုက်ပါဆောင်ရွက်ရာ၌ ပဋိပက္ခကို သတိပြုနားလည်ခြင်း နည်းလမ်းကို မဖြစ်မနေအသုံးပြုရန် လိုအပ်နေပါသည်။

အခြားတဖက်တွင်မူ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများအား အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုသည် (ဒေသန္တရအဆင့်တွင် ပဋိပက္ခအရွေ့များဖြစ်စေသည့် အချက်တစ်ချက်ဖြစ်ပြီး) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိက ပြဿနာ တစ်ရပ်ဖြစ်နေပါသည်။ FLEGT VPA လုပ်ငန်းစဉ်သည် သစ်တောကဏ္ဍထက်ကျော်လွန်သော ကောင်းမွန်သည့် အုပ်ချုပ်ရေး စနစ်တစ်ရပ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရန် ကူညီ ပေးနိုင်သည့် အားလုံးပါဝင်သော စျေးကွက်ဖွဲ့စည်းမှုများကိုလည်းကောင်း၊ ပိုမိုခိုင်မာအားကောင်းစေမည့် ဥပဒေများ နှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို မိတ်ဆက်ကျင့်သုံးနိုင်ရေး ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် အကျိုးဆက်စပ် သူများစွာတို့က ချိတ်ဆက်ပါဝင်နိုင်သည့် အခွင့်အလမ်းတစ်ခုကို ပေးအပ်ထားသည်။

ဤအစီရင်ခံစာတွင် ပဋိပက္ခအရွေ့များကြောင့် ထိခိုက်နိုင်ပြီး ဆက်လက်၍ VPA လုပ်ငန်းစဉ်အပေါ် သက်ရောက်မှု ရှိနိုင်သော သို့မဟုတ် VPA လုပ်ငန်းစဉ်က ပိုမိုကျယ်ပြန့်သော ပဋိပက္ခအရွေ့များအပေါ် သက်ရောက်မှုရှိနိုင်သော FLEGT (နှင့် ပိုမိုကျယ်ပြန့်သော သစ်တောအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး) ၏ အဓိက အန္တရာယ်ဖြစ်နိုင်ခြေများကို ဇယားဖြင့် တင်ပြထားသည်။ ထိုအချက်များမှာ ပူးပေါင်းပါဝင်ခြင်း၊ ဆက်သွယ်ပြန်ကြားခြင်း၊ ကျား/မတန်းတူ ညီမျှခြင်းနှင့် ဒေသခံပြည်သူများအား လုပ်ပိုင်ခွင့်ပေးခြင်းတို့ဖြစ်ကြပြီး၊ ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်းမရှိပါက၊ တင်းမာမှု များကို ပိုဆိုးစေနိုင်ပါသည်။ လုပ်ငန်းစဉ်နှင့် ဆုံဖြတ်ချက် ချမှတ်ရာတွင် ပွင့်လင်းမြင်သာမှုမရှိပါက၊ ထိုလုပ်ငန်းစဉ်နှင့် အခြားအုပ်ချုပ်မှုစနစ်များအပေါ် ယုံကြည်မှုရှိတော့မည် မဟုတ်ပေ။ သို့သော် ထိုအချက်များကို ကောင်းစွာ စီမံခန့်ခွဲ နိုင်ပါက တိုင်းရင်းသား လူမျိုးစုများ၊ ဒေသန္တရနှင့် ဖက်ဒရယ်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် လက်နက်ကိုင်အဖွဲ့များ အကြားတွင် အပြုသဘော ပိုဆောင်သော ဆက်ဆံရေးများတည်ဆောက်နိုင်ရန် သိသာထင်ရှားစွာ ကူညီပေးပါ လိမ့်မည်။ ITF သို့မဟုတ် MSG သည် ဤ risk factor အချက်များကို ပုံမှန်စောင့်ကြည့်စစ်ဆေးနေခြင်းဖြင့် ပဋိပက္ခ တင်းမာမှုများ ပိုဆိုးလာမှုကို ရှောင်ရှားနိုင်ပြီး၊ အန္တရာယ်ဖြစ်နိုင်ခြေ (risks) များကို လျော့ချနိုင်ကာ၊ ငြိမ်းချမ်းရေးကို

အထောက်အကူ ပြုပေးနိုင်ပါသည်။ ပွင့်လင်းမြင်သာမှုရှိသော အပြန်အလှန် ဆက်သွယ်ပြန်ကြားရေးနည်းလမ်းများကို အခြေခံလျှက် အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသား အစုအဖွဲ့များက ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းပါဝင်ခြင်းသည် ဤအချက်ကို ရရှိစေမည့် သော့ချက်တစ်ခုဖြစ်ပါလိမ့်မည်။

ဤအစီရင်ခံစာသည် သစ်တောစီမံအုပ်ချုပ်မှုနှင့် ဆက်စပ်နေသည့် ပဋိပက္ခအရွေ့များကို လေ့လာဆန်းစစ်တင်ပြထားသည်။ ဤအဆင့်တွင် အညွှန်းသဘောဖြင့် အကြံပြုချက်များ ပေးခြင်းထက်၊ ဆက်လက် ဆွေးနွေးရန်နှင့် စောင့်ကြည့်စစ်ဆေးရမည့် အချို့သော နယ်ပယ်များကို မီးမောင်းထိုးပြထားသည်။ ဤအစီရင်ခံစာကို အကျိုးဆက်စပ်သူ အားလုံးပါဝင်၍ အကြံပြုချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အဆင့်များအား ပူးပေါင်းသတ်မှတ်ဖော်ထုတ်ရမည့် ဆွေးနွေးပွဲလုပ်ငန်းစဉ်၏ ပထမအဆင့်အဖြစ်ရှုမြင်ထားပါသည်။ ဆွေးနွေးပွဲအစီအစဉ်ကို သတ်မှတ်ရာတွင် အဓိက အကျိုးဆက်စပ်သူများက တက်ကြွစွာဖြင့် ပါဝင်ကြကြောင်း သေချာစေရန် ဆောင်ရွက်ရပါမည်။ ဤလုပ်ငန်းမှာ ပုံစံတကျ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရ ဆက်လက်ပြုလုပ်နေဆဲဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်များနှင့် အပြိုင်ဖြစ်သင့်ပါသည်။

# နောက်ဆက်တွဲ - သုတေသနနည်းစနစ်

## သုတေသန ရည်ရွယ်ချက်များ

၁။ ဖြစ်ရပ်လေ့လာမှု သာဓကများကို အသုံးပြု၍ သစ်တောစီမံအုပ်ချုပ်မှုသည် ပဋိပက္ခကြောင့် အန္တရာယ်ဖြစ်နိုင်မှု (conflict risk) များအား မည်သို့ ဖြေရှင်းပေးနိုင်ကြောင်းကို ပိုမိုနားလည်စေရန်။

၂။ ရှုပ်ထွေးသော အုပ်ချုပ်မှုနှင့် ပဋိပက္ခဖြစ်စေသော ပတ်ဝန်းကျင်တွင် FLEGT VPA လုပ်ငန်းစဉ်အား အထိရောက်ဆုံးနှင့် ပဋိပက္ခကြောင့် ထိရှလွယ်မှုအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရန်။

၃။ သစ်တောစီမံအုပ်ချုပ်မှုကို ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ကူညီချိတ်ဆက်ပေးနိုင်မည့် မူဘောင်တစ်ခုဖော်ထုတ်ရန်၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းသော သစ်တောအုပ်ချုပ်မှုစနစ်တစ်ခုသည် မြန်မာနိုင်ငံ၏ ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်မှု (အထူးသဖြင့် ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးမူဝါဒများ) တွင် မည်သည့်ပုံစံရှိသင့်ကြောင်း သတ်မှတ်ဖော်ထုတ်ရန်။

## နည်းစနစ်

ဤစာတမ်းသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်၊ နေပြည်တော်၊ မကွေးနှင့် ကချင်ဒေသများရှိ သစ်တောကို မှီခိုနေရသော ဒေသခံပြည်သူများ၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍစသည့် သက်ဆိုင်ရာ အကျိုးဆက်စပ်သူ အမျိုးမျိုးတို့နှင့် ပြုလုပ်ခဲ့သော တစိတ်တပိုင်း ပုံစံချထားသည့် အရည်အသွေးပြ တွေ့ဆုံမေးမြန်းမှုများ (qualitative semi-structured interviews) နှင့် စာအုပ်စာတမ်းလေ့လာမှုများကို အခြေခံထားသည်။ ဤနောက်ဆက်တွဲတွင် ဖော်ပြထားသည့်အတိုင်းပင်၊ အကျိုးဆက်စပ်သူများအား အဓိက အချက်အလက် စုဆောင်းသည့် တွေ့ဆုံမေးမြန်းမှု (၂၀) ကြိမ်နှင့် သစ်တောများကို မှီခိုနေရသည့် ဒေသခံပြည်သူများနှင့် ဦးတည်အုပ်စုလိုက် ဆွေးနွေးပွဲ (၄) ကြိမ်တို့ကို ပြုလုပ်ခဲ့သည်။ ဤနောက်ဆက်တွဲတွင် သုတေသန အဖွဲ့ဝင်များ၊ တွေ့ဆုံမေးမြန်းခဲ့သူများ စာရင်းနှင့် သုတေသနမေးခွန်းလွှာများကိုလည်း အသေးစိတ်ဖော်ပြထားသည်။ ဆန်းစစ်ချက်ရလဒ်များကို FGMC မှ ရန်ပုံငွေထောက်ပံ့သည့် International Alert အဖွဲ့၏ "ပဋိပက္ခကိုသတိပြုနားလည်သော သစ်တောအုပ်ချုပ်မှု" စီမံကိန်း၏ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင် တက်ရောက်သူများက အသေးစိတ် ထပ်မံဆွေးနွေးသုံးသပ်နိုင်ရန် ထပ်မံအသိပေးခဲ့သည်။ ဤအစီရင်ခံစာ၏ အစောပိုင်းအဆင့် မူကြမ်းများကို Hugh Speechly, ဦးမျိုးမင်း၊ ဦးဆလိုင်းကျုံးလျန်ထောင်း၊ Kevin Woods, Art Blundell, Shreya Mitra, Markus Mayer နှင့် Phil Vernon တို့က စေ့စပ်စွာ ပြန်လည်သုံးသပ်ပေးခဲ့သည်။ ဤစာတမ်းပါ ဆန်းစစ်သုံးသပ်ချက်များ၊ အမြင်များနှင့် အမှားများသည် စာတမ်းရှင်များ၏ တာဝန်သာဖြစ်ပါသည်။

သုတေသနနည်းစနစ်၏ အကန့်အသတ်များ - ဤသုတေသနလုပ်ငန်းသည် FLEGT VPA လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ITF အဖွဲ့နှင့် အကျိုးဆက်စပ်သူများအား ရှင်းလင်းတိကျသော အကြံပြုချက်များ ကောက်နုတ်ပေးနိုင်ရန် ရည်ရွယ်ထားပြီး၊ သစ်တောစီမံအုပ်ချုပ်မှု၏ နိုင်ငံရေးဘောဂဗေဒအပေါ် ပဋိပက္ခကြောင့် အန္တရာယ်ဖြစ်နိုင်မှု (risk) နှင့် သက်ရောက်မှု

များကို အရည်အသွေးပြအချက်များ၊ သိသာထင်ရှားသော ရှင်းလင်းချက်များကို အသုံးပြု၍ သတ်မှတ်ဖော်ထုတ်ပြီး နားလည်စေရန် ဦးတည်ထားပါသည်။ ဤသုတေသနတွင် လက်ရှိသစ်တောသယံဇာတများ၊ သစ်ကုန်သွယ်မှု အပြောင်းအလဲများနှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းများကို ကိန်းဂဏန်းပြအချက်များဖြင့် စစ်တမ်း (quantitative survey) ကောက်ယူဖော်ပြထားခြင်းမရှိပါ။ ဤစာတမ်းတွင် သစ်တောမူဝါဒ၊ တရားဝင်သစ်ဖြစ်မှု၊ မြေယာပြဿနာ များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ရပ်လုံးကိုလည်းကောင်း ဘက်စုံဆန်းစစ် လေ့လာ ထားခြင်း မရှိပါ။ ထိုပြဿနာများနှင့် ပတ်သက်သည့် အမြင်များအားလုံးကို ကိုယ်စားပြုနိုင်သည့် ဆန်းစစ်မှုမျိုး ပြုလုပ်ထားသည်ဟုလည်း မဆိုလိုပါ။ စင်စစ်အားဖြင့် ITF အဖွဲ့နှင့် ဆွေးနွေးချက်များကို အခြေခံထားသော ဤလေ့လာမှုတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ အမြင်များပါဝင်စေရန် ရည်ရွယ်ခဲ့ခြင်းမရှိပါ။ ဆန်းစစ် တွေ့ရှိချက်များသည်လည်း သယံဇာတမျှဝေခြင်း သို့မဟုတ် လက်ရှိနိုင်ငံရေးဆွေးနွေးပွဲများတွင် စဉ်းစားသင့်သည့် ဆက်စပ်အကြောင်းအရာများနှင့် ပတ်သက်သည့် အကြံပြုချက်များအား ထောက်ပံ့ပေးရန်လည်း မရည်ရွယ်ပါ။ ITF အဖွဲ့၏ ညွှန်ကြားချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား တွေ့ဆုံမေးမြန်းမှု မပြုခဲ့ခြင်း၊ ကချင်နှင့် အခြားပြည်နယ်/တိုင်းဒေသကြီးများတွင် လက်နက်ကိုင်တပ်ဖွဲ့များက ထိန်းချုပ်ထားသည့် သို့မဟုတ် တိုက်ပွဲဖြစ်ပွား နေသည့် ဒေသများမှ သစ်တောကိုအားထားနေရသည့် ဒေဒသခံပြည်သူများအား တွေ့ဆုံမေးမြန်းမှုမပြုနိုင်ခဲ့ခြင်း၊ ပဋိပက္ခဒေသများသို့ သွားလာရေးခက်ခဲခြင်း၊ အချိန်၊ ဘာသာစကားနှင့် ရန်ပုံငွေ အခက်အခဲများကြောင့် ပဋိပက္ခ ကြောင့် ထိခိုက်ခံရသည့် ဒေသအားလုံးကို ကိုယ်စားပြုနိုင်သော နမူနာ စုဆောင်းမေးမြန်းမှုများ မလုပ်နိုင်ခဲ့ခြင်း တို့သည်လည်း ဤသုတေသနနည်းစနစ်၏ အကန့်အသတ်များပင် ဖြစ်ပါသည်။ ITF အဖွဲ့သည် "အစိုးရမဟုတ်သော (တိုင်းရင်းသား) လက်နက်ကိုင်အဖွဲ့များနှင့် FLEGT လုပ်ငန်းစဉ်ကို လေ့လာဆန်းစစ်ခြင်း" သုတေသနလုပ်ငန်း တစ်ခုကို သီးခြားဆောင်ရွက်ရန် စီစဉ်နေပါသည်။ အထက်ပါအမြင်များကို ရယူရေးအတွက် ကွဲပြားခြားနားသော နည်းစနစ်ဖြင့် ချဉ်းကပ်ဆောင်ရွက်ရန် လိုအပ်ပြီး၊ ယင်းသို့လေ့လာရန်လည်း ITF အဖွဲ့က စီစဉ်နေပြီဖြစ်ရာ ဤသုတေသနစာတမ်းကို ပြည့်စုံစေမည့် အရေးကြီးသော လေ့လာမှုတစ်ခုဖြစ်လာပါလိမ့်မည်။

## သုတေသနအဖွဲ့

ဤသုတေသနအတွက် တွေ့ဆုံမေးမြန်းမှုများကို အောက်ပါအကြံပေးပုဂ္ဂိုလ် (၂)ဦးက ဆောင်ရွက်ခဲ့သည် -

**အမျိုးသားအကြံပေးပုဂ္ဂိုလ်** - မြန်မာနိုင်ငံ သစ်တောအသင်း၏ ဥက္ကဋ္ဌနှင့် ECCDI အဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်ပြီး ယခင် သစ်တောဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ သဘာဝအပင်နှင့် တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းရေးဌာနခွဲ၊ သစ်တော သုတေသနဌာနခွဲတို့တွင် ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ဦးထွန်းပေါ်ဦး။

**နိုင်ငံတကာဦးဆောင်သုတေသီ** - မြန်မာနိုင်ငံ International Alert အဖွဲ့၏ သုတေသနနှင့် ကျား/မတန်းတူ ညီမျှမှုဆိုင်ရာ နည်းပညာအကြံပေးပုဂ္ဂိုလ်ဖြစ်သူ Jana Naujoks။

ဤသုတေသနအဖွဲ့တွင် International Alert အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Robert Barclay ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် Project Manager ဦးစောဒိုဝါး၊ Project Officer ဦးနိုင်အေးစံတို့ ဦးစီး ဆောင်ရွက်နေသော "သစ်တောအုပ်ချုပ်မှုတွင် ပဋိပက္ခကြောင့် ထိရှလွယ်မှုနည်းပါးစေရေး စီမံကိန်း" အဖွဲ့လည်း ပါဝင်ခဲ့သည်။

# တွေ့ဆုံမေးမြန်းခဲ့သူများ စာရင်း

မှတ်ချက် - သုတေသနတွင် ပါဝင်ခဲ့သူများ၏ မေတ္တာရပ်ခံချက်အရ အမည်အချို့ကို ချန်လှပ်ထားပါသည်။

| ရက်စွဲ | အမည် | အဖွဲ့အစည်း/ကျေးရွာ | တည်နေရာ | တွေ့ဆုံမေးမြန်းခြင်း | ဦးတည်အုပ်စုလိုက် ဆွေးနွေးပွဲ |
|---|---|---|---|---|---|
| ၂၂/၁၁/၂၀၁၆ | **မြန်မာနိုင်ငံ ပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးကွန်ရက်နှင့် အုပ်စုလိုက်တွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁) ကြိမ် | |
| | ပါမောက္ခဒေါက်တာကျော်တင့် | ဥက္ကဋ္ဌ၊ ECCDI နှင့် MERN အဖွဲ့များ | | | |
| | ဦးအောင်သန့်ဇင် | CEO, MERN | | | |
| | ဦးဘော်ဘီ | CEO, NAG | | | |
| | ဦးဖြိုးသူ | Program Manager, MERN | | | |
| ၂၅/၁၁/၂၀၁၆ | **မြန်မာနိုင်ငံသစ်တောအသင်း (MFA) အား တွေ့ဆုံ မေးမြန်း ခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | ဦးထွန်းပေါ်ဦး | ဥက္ကဋ္ဌ၊ MFA | | | |
| | ဦးတင်အေး | အတွင်းရေးမှူး၊ MFA | | | |
| ၂၅/၁၁/၂၀၁၆ | **မြန်မာနိုင်ငံ သစ်ထောက်ခံချက် ထုတ်ပေးရေးကော်မတီ (MFCC) အား တွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | ဦးရွှေကျော် | MFCC | | | |
| ၂၁/၁/၂၀၁၇ | **တွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | ဦးဆလိုင်းကျုံးလျန်ထောင်း | ပျိုးပင်အစီအစဉ်နှင့် ITF အဖွဲ့ဝင် | | | |
| ၃၀/၁/၂၀၁၇ | **Palladium အဖွဲ့အား တွေ့ဆုံ မေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | Hugh Sppechly | Technical Advisor MONREC/ Technical Director, Palladium | | | |
| | ပါမောက္ခ ဦးကျော်ထွန်း | FLEGT Facilitator | | | |
| ၃၀/၁/၂၀၁၇ | **UNDP – REDD+ အစီအစဉ်အား တွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | Franz Arnold | | | | |
| | ဒေါ်ခင်နှင်းမြင့် | | | | |

| | | | | | |
|---|---|---|---|---|---|
| ၃၁/၁/၂၀၁၇ | **RECOFTC အဖွဲ့အား တွေ့ဆုံ မေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | ဒေါက်တာတင့်လွင်သောင်း | အမှုဆောင် ညွှန်ကြားရေးမှူး | | | |
| | ဒေါက်တာမောင်မောင်သန်း | အစီအစဉ်ပေါင်းစပ် ညှိနှိုင်းရေးမှူး | | | |
| | ဒေါ်ခင်မိုးကြည် | သင်တန်းအရာရှိ | | | |
| ၉/၁၁/၂၀၁၆ | **အရပ်ဖက်အဖွဲ့အစည်းများနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်း** | | နေပြည်တော် | (၃)ကြိမ် | (၁)ကြိမ် |
| | အမျိုးသား (၁)ဦး | လွတ်လပ်သော အရှုချင်းအဖွဲ့ | | | |
| | အမျိုးသား (၁)ဦး | မေတ္တာရှာအဖွဲ့ | | | |
| | အမျိုးသား (၁)ဦး | ပအို့တောင်သူများ မြေယာသမဂ္ဂ | | | |
| | အမျိုးသမီး (၁)ဦး | မကွေးအရှုချင်း လူငယ်အဖွဲ့ | | | |
| ၂၂/၁၂/၂၀၁၆ မှ ၂၃/၁၂/၂၀၁၆ | **မကွေးဒေသရှိ CSO များနှင့် အုပ်စုလိုက်ဆွေးနွေးခြင်း** | | မကွေး | | (၁)ကြိမ် |
| | ဦးအိုလာ | အစိမ်းရောင်ကွန်ရက် | | | |
| | ဦးကျော်စိုးအောင် | မင်းတုန်း | | | |
| | ဦးဆလိုင်းရန်နောင်ထွန်း | ငဖဲ | | | |
| | ဒေါ်မိုင်ပန်းရီ | ငဖဲ | | | |
| | ဦးအောင်ကျော်ဆန်း | ဂန့်ဂေါ | | | |
| | ဦးသန့်နိုင်ဝင်း | ဂန့်ဂေါ | | | |
| | ဦးမြင့်သိန်း | ထီးလင်း | | | |
| | ဦးအောင်ဝင်း | ထီးလင်း | | | |
| | ဦးအောင်ကိုဦး | ဆင်ပေါင်ဝဲ | | | |
| | ဦးလွင်ဦးမောင် | ဆင်ပေါင်ဝဲ | | | |
| | ဦးကျော်ကိုကိုရှိန် | ငဖဲ | | | |
| | ဦးအောင်မျိုးသူ | ကံမ | | | |
| | ဦးဆလိုင်းစိုးမိုးအောင် | ငဖဲ | | | |
| | ဦးကျော်စိုးအောင် | မင်းတုန်း | | | |
| | ဦးအောင်ကျော်ဆန်း | ဂန့်ဂေါ | | | |
| | ဦးအောင်ဝင်း | ထီးလင်း | | | |
| | ဦးမြင့်သိန်း | ထီးလင်း | | | |
| | ဦးကျော်လင်း | ဂန့်ဂေါ | | | |
| | ဦးဇော်မင်း | ထီးလင်း | | | |
| | ဒေါ်မြတ်သူစိုး | စေတုတ္တရာ | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၇/၁/၂၀၁၇ | **ငြိမ်းဖောင်ဒေးရှင်းအစုအဖွဲ့ဝိုင်သစ်တောဝန်ထမ်းများအား အုပ်စုလိုက် တွေ့ဆုံမေးမြန်းခြင်း** | | မြစ်ကြီးနား | (၁)ကြိမ် | |
| | ဦးအားစန် | ငြိမ်းဖောင်ဒေးရှင်း | | | |
| | ဦးခွန်မြတ် | ငြိမ်းဖောင်ဒေးရှင်း | | | |
| | ဦးအောင်စိန် | ငြိမ်းဖောင်ဒေးရှင်း | | | |
| | ဦးလိုအွန် | ငြိမ်းဖောင်ဒေးရှင်း | | | |
| | ဦးစိန်ဟန်ထွေးအောင် | ငြိမ်းဖောင်ဒေးရှင်း | | | |
| | ဦးပိတာဘရန်ရှောင် | ငြိမ်းဖောင်ဒေးရှင်း | | | |
| ၁၇/၁/၂၀၁၇ | **အစုအဖွဲ့ဝိုင်သစ်တောအသုံးပြုသူများအဖွဲ့၏ ခေါင်းဆောင်များနှင့် အုပ်စုလိုက်ဆွေးနွေးခြင်း** | | မြစ်ကြီးနား | | (၁)ကြိမ် |
| | ဦးဇင်ဟောဘရီ | Briba ရွာ | | | |
| | Braung Hleum | Briba ရွာ | | | |
| | ဦးဒီခေါင်ဒူး | La Mying ရွာ | | | |
| | ဦးဂျလ | Gui Rut Yawg ရွာ | | | |
| | ဦးခန်းရှောင် | Gui Rut Yawg ရွာ | | | |
| | ဦးတင်ချမ်း | Shwi Nyorg Pin ရွာ | | | |
| | ဦး Lapa Khawg Laim | La Mying ရွာ | | | |
| | ဦးဇော်လီ | အောင်မြေ (၂)ရွာ | | | |
| | ဦးဂူတာ | Wu Yan ရွာ | | | |
| | ဦးမော်ရှေး | Wu Yan ရွာ | | | |
| | Uren Zaw Aung | Nawng Hkai ရွာ | | | |
| | Jan Losham Low Taung | Lom Bizaw yang ရွာ | | | |
| | Sq Ma Rip Sing Gong | Lom Bizaw yang ရွာ | | | |
| | ဒေါ် Roi Grawng | Labang ရွာ | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၈/၁/၂၀၁၇ | **ဝိုင်းမော်သို့ ကွင်းဆင်းလေ့လာခြင်း** | | | (၂)ကြိမ် | |
| | **အစုအဖွဲ့ဝိုင်သစ်တောစီမံအုပ်ချုပ်ရေးကော်မတီဝင်များ နှင့် ဆွေးနွေးခြင်း** | | Gwi Rut Yang ရွာ | | |
| | ဦးခန်းရှောင် | ယခင်ဥက္ကဋ္ဌဟောင်း | | | |
| | ဒေါ်ဂျားခါး | ကော်မတီဝင် | | | |
| | ဦးဇော်နော် | ကော်မတီဝင် | | | |
| | ဦးလတောင် | ကော်မတီဝင် | | | |
| | **အစုအဖွဲ့ဝိုင်သစ်တောစီမံအုပ်ချုပ်ရေးကော်မတီဝင်များ အား တွေ့ဆုံမေးမြန်းခြင်း** | | Wu Yang ရွာ | | |
| | ဦးမော်ရှေး | ဥက္ကဋ္ဌ | | | |
| | ဦးလခေါင်း | အသုံးပြုသူအဖွဲ့ဝင် | | | |
| ၁၉/၁/၂၀၁၇ | **အစုအဖွဲ့ဝိုင်သစ်တောလုပ်ငန်းအဖွဲ့နှင့် အုပ်စုလိုက် ဆွေးနွေးခြင်း** | | မြစ်ကြီးနား | | (၁)ကြိမ် |
| | Hka Dau | မေတ္တာ | | | |
| | Ja Ing | မြန်မာကချင် ဘက် ပတစ်အသင်း/ KBC | | | |
| | ဦးပီတာဘရန်ရှောင် | ငြိမ်းရှလွန်ဖောင်ဒေးရှင်း | | | |
| | Peter Seng Kham | ကချင်လူငယ်သမဂ္ဂ | | | |
| | Nhlam Hkun Naung | Uak Thun | | | |
| | ဦးခွန်မြတ် | ငြိမ်းရှလွန်ဖောင်ဒေးရှင်း | | | |
| | Mr. Khun Sai | မေတ္တာ | | | |
| | ဆရာယောဆန် | ကချင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ | | | |
| | ဦးစိုးနိုင်ဝင်း | ကချင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ | | | |
| | ဦးနိုင်လင်းမောင် | ကချင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ | | | |
| | ဦးဝဏ္ဏာ | ကချင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ | | | |
| ၁/၂/၂၀၁၇ | **Land Core Unit အား တွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | ဦးရှေသိန်း | အမှုဆောင် ညွှန်ကြားရေးမှူး | | | |
| ၃/၂/၂၀၁၇ | **Flora and Fauna International အဖွဲ့အား တွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | Mark Grindley | Programme Manager | | | |

| | | | | | |
|---|---|---|---|---|---|
| ၃/၂/၂၀၁၇ | **EcoDev ALARM အဖွဲ့အား တွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | Bawm Zung | National Programme Coordinator and CSO ITF Member | | | |
| ၆/၂/၂၀၁၇ | **POINT အဖွဲ့အား တွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | ဦးမျိုးကိုကို | အဖွဲ့တည်ထောင်သူနှင့် Programme Officer | | | |
| ၆/၂/၂၀၁၇ | **ITF ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များအား တွေ့ဆုံ မေးမြန်း ခြင်း - မြန်မာနိုင်ငံသစ်တောထွက် ပစ္စည်း လုပ်ငန်းရှင်များအသင်း (MFPMF)** | | ရန်ကုန် | (၁)ကြိမ် | |
| | ဒေါက်တာစိန်ဝင်း | ဥက္ကဋ္ဌ | | | |
| | ဦးအုပ်စိုးပိုင် | အတွင်းရေးမှူး | | | |
| | ဦးစိုးမော် | ဒု-ဥက္ကဋ္ဌ | | | |
| ၁၆/၂/၂၀၁၇ | **သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ITF အဖွဲ့ဝင်များ အားတွေ့ဆုံမေးမြန်းခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | ဦးကျော်ဇော | ညွှန်မှူး၊ သစ်တောဦးစီးဌာန | | | |
| | ဦးဇော်ဝင်း | လ/ထညွှန်မှူး၊ သစ်တောဦးစီးဌာန | | | |
| | ဒေါက်တာတင်တင်မြင့် | မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း | | | |
| ၂၁/၂/၂၀၁၇ | **Palladium နှင့် EFI အဖွဲ့များမှ Communication teams များနှင့် ဆွေးနွေးခြင်း** | | ရန်ကုန် | (၁)ကြိမ် | |
| | Iola Leal Riesco | European Forest Institute | | | |
| | Rutger-Jan Schoen | Communications Consultant, EU Delegations | | | |

# သုတေသနမေးခွန်းများ

တွေ့ဆုံမေးမြန်းခဲ့သူများ၏ လုပ်ငန်းကဏ္ဍ၊ တည်နေရာနှင့် ဤလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်မှုများကို မူတည်လျှက် တစိတ်တပိုင်း ပုံစံချထားသော တွေ့ဆုံမေးမြန်းမှုနှင့် ဦးတည်အုပ်စုလိုက် ဆွေးနွေးပွဲတစ်ခုစီကို သေချာစွာ ပြင်ဆင်ထားခဲ့ရာ အောက်ပါတို့မှာ ဤသုတေသနလုပ်ငန်းတွင် အသုံးပြုခဲ့သည့် မေးခွန်းများ ဖြစ်ကြသည်။

## နိဒါန်း

International Alert ဆိုသည်မှာ တိုက်ပွဲပဋိပက္ခများကြောင့် ထိခိုက်ခံနေရသူများနှင့် လက်တွဲအလုပ်လုပ်ကာ၊ ထိုသူများအတွက် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းနည်းများ ကူညီရှာဖွေပေးနေသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဤသုတေသနအဖွဲ့သည် သစ်နှင့် မြေယာအပါအဝင် သစ်တောများ၊ ပဋိပက္ခများနှင့် ဆက်စပ်နေသည့် ပြဿနာများအကြောင်းကို ပိုမိုနားလည်အောင် ကြိုးစားရန် စိတ်ဝင်စားပါသည်။

ထိုပြဿနာများမှာ ရှုပ်ထွေးပြီး၊ ထိရှလွယ်ကြောင်းကိုလည်း နားလည်ထားပါသည်။ ဤစစ်တမ်းလွှာပါ မေးခွန်းတစ်ခုခုကို မရှင်းလင်းပါက၊ သို့မဟုတ် မေးခွန်းတစ်ခုခုကို ဖြေဆိုရန် အဆင်မပြေပါက ဤသုတေသနအဖွဲ့အား အသိပေးနိုင်ပါသည်။

## မြန်မာနိုင်ငံ၏ လက်ရှိ သစ်တောအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများနှင့် သစ်တောအုပ်ချုပ်မှုလုပ်ငန်းစဉ်များသည် မည်မျှ ထိရောက်မှုရှိပါသနည်း။

- သစ်တောဦးစီးဌာန/သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောများကို စီမံအုပ်ချုပ်ရာတွင် မည်သည့်စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်ဟု ထင်ပါသနည်း။
- မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှု အများအပြားဖြစ်ခဲ့သည်ဟု အဘယ်ကြောင့် ထင်ရပါသနည်း။
- လူကြီးမင်း၏ ဒေသတွင် တရားမဝင် သစ်ထုတ်မှုများ ရှိနေပါသလား။ ထိုသို့တရားမဝင် သစ်ထုတ်ခြင်းကြောင့် ဒေသခံပြည်သူများကို မည်သို့ ထိခိုက်နေပါသနည်း။
- ဒေသခံပြည်သူများတွင် အစိုးရ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ တရားဝင် မြေအသုံးချခွင့် သို့မဟုတ် တရားဝင်သစ်တောအသုံးပြုခွင့်များ ရှိထားကြပါသလား။
- ဒေသခံပြည်သူအဆင့်တွင် သစ်တောများကို စီမံအုပ်ချုပ်ရန်အတွက် မည်သည့်ဝေလေ့ထုံးတမ်းဆိုင်ရာ အလေ့အထများကို အသုံးပြုကြပါသနည်း။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သစ်တောသယံဇာတများကို အမျိုးသားများ၊ ယောကျ်ားလေးများနှင့် ကွဲပြားခြားနားစွာ အသုံးပြုကြပါသလား။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သစ်တောနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကွဲပြားခြားနားစွာ ပူးပေါင်းပါဝင်ကြပါသလား။
- ဒေသခံပြည်သူများနှင့် မြန်မာ့သစ်လုပ်ငန်း/ပုဂ္ဂလိကကဏ္ဍ ပါဝင်သူ (actors) အကြားတွင် မည်သည့် ဆက်ဆံရေးမျိုး ရှိပါသနည်း။
- သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းအကြား သို့မဟုတ် အခြားအစိုးရဌာနများအကြားတွင် မည်သည့် ဆက်ဆံရေးမျိုးရှိပါသနည်း။
- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် သစ်တောဦးစီးဌာနတို့အကြားတွင် မည်သည့် ဆက်ဆံရေးမျိုး ရှိပါသနည်း။

## ပဋိပက္ခများက ဒေသခံပြည်သူများ၏ သစ်တောအသုံးပြုမှု၊ သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်တောအုပ်ချုပ်ရေးစနစ်များကို မည်သို့ သက်ရောက်ပါသနည်း။

- လူများအနေဖြင့် သူတို့တွင် ကွဲပြားခြားနား၍ တစ်ယောက်နှင့်တစ်ယောက် ကိုက်ညီမှုမရှိသော အကျိုးစီးပွားများ ရှိနေသည်ဟု စဉ်းစားလာပါက ပဋိပက္ခများ ဖြစ်ပေါ်လာကြသည်။ လူကြီးမင်း အလုပ်လုပ်နေသော နယ်ပယ်ကဏ္ဍတွင် သစ်တောသယံဇာတများနှင့်ဆက်စပ်၍ မည်သည့်ပဋိပက္ခများ ရှိနေပါသနည်း။
    - ဥပမာအားဖြင့် ဒေသခံပြည်သူများနှင့် ပုဂ္ဂလိကကဏ္ဍ သို့မဟုတ် သစ်တောဦးစီးဌာန အကြားတွင် ပဋိပက္ခရှိပါသလား။
    - ရှိသည်ဆိုပါက လူများသည် ထိုပဋိပက္ခကို ဖြေရှင်းရန် မည်သို့ ကြိုးစားကြပါသနည်း။
- ဒေသခံပြည်သူများသည် ပဋိပက္ခကြောင့် မည်သည့်အတိုင်းအတာအထိ သက်ရောက်ခံရပါသနည်း။ သစ်တောကို အသုံးပြုနေကြသော ဒေသခံပြည်သူများသည် ပဋိပက္ခကြောင့် ရွှေ့ပြောင်းခံရပါသလား သို့မဟုတ် ရွှေ့ပြောင်းခံရသူများက သူတို့၏ ဒေသအတွင်းသို့ ဝင်လာကြပါသလား။ ဤအချက်ကြောင့် ဒေသန္တရ သစ်တောအသုံးပြုမှုနှင့် သစ်တောစီမံအုပ်ချုပ်မှုအပေါ် မည်သည့် ထိခိုက်မှုများရှိပါသနည်း။
- ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ သစ်တောအသုံးပြုမှုနှင့် သစ်တောတွင်းဝင်ရောက်ခွင့်များသည် အမျိုးသားများ၊ ယောကျ်ားလေးများနှင့် ကွဲပြားခြားနားပါသလား။
- သစ်တော သို့မဟုတ် မြေယာနှင့် ဆက်စပ်နေသည့် အငြင်းပွားမှုများကို မည်သို့ငြိမ်းချမ်းစွာ ဖြေရှင်းကြောင်းကို ဥပမာများ ပေးနိုင်ပါသလား။ ဥပမာအားဖြင့် မြေယာအမှုများအတွက် တရားရုံးကို အသုံးပြုပါသလား။ CFUGs များအတွင်း သဘောကွဲလွဲမှုများကို မည်သို့ ဖြေရှင်းကြပါသနည်း။ (အစိုးရ/ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏) အုပ်ချုပ်မှုရောနှောနေသည့် ဒေသများတွင် မည်သို့ရှိပါသနည်း။
- သစ်တော သို့မဟုတ် မြေယာနှင့်ပတ်သက်သည့် ပြဿနာများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဖြေရှင်းနိုင်မည်ဟု ထင်ပါသလား။ ထင်သည်ဆိုပါက မည်သို့ ဖြေရှင်းမည်နည်း။

## သစ်တောအုပ်ချုပ်မှုစနစ်/သစ်တောစီမံအုပ်ချုပ်မှုကို FLEGT VPA ကဲ့သို့သော လုပ်ငန်းစဉ်တစ်ခုဖြင့် ပြုပြင်ပြောင်းလဲရာတွင် မည်သည့် အန္တရာယ်ဖြစ်နိုင်ခြေနှင့် အခွင့်အလမ်း (risks and opportunities) များ ရှိပါသနည်း။

- အားလုံးပါဝင်၍ ထိရောက်သော ပြုပြင်ပြောင်းလဲမှု သို့မဟုတ် သစ်တောအုပ်ချုပ်ရေးစနစ် တိုးတက်စေရေးအတွက် မည်သည့် အဓိက အတားအဆီးများရှိပါသနည်း။ မည်သည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်နည်း။
- FLEGT VPA လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏ သစ်တောအုပ်ချုပ်မှုစနစ်ကို ပိုကောင်းစေမည်ဟု ထင်ပါသလား။ မည်သို့ ပိုကောင်းစေမည်နည်း။
- VPA လုပ်ငန်းစဉ်တစ်ရပ်သည် မြန်မာနိုင်ငံတွင် မည်သည့် စိန်ခေါ်မှုများ ရင်ဆိုင်ရမည်ဟု ထင်ပါသနည်း။ (အားလုံးပါဝင်မှု သို့မဟုတ် သစ်တောအုပ်ချုပ်ရေးစနစ်)
- FLEGT VPA လုပ်ငန်းစဉ်သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသည်ဟု ထင်ပါသလား။ မဆက်စပ်ဟု ထင်ပါသလား။ ဆက်စပ်သင့်ပါသလား။ မည်သည့်စိန်ခေါ်မှုများ ရှိပါသနည်း။

- ယခုအချိန်အထိ FLEGT VPA တွင် မပါဝင်သေးသော အကျိုးဆက်စပ်သူများ ရှိနေပါသလား။ ရှိနေ သေးပါက၊ ထိုအကျိုးဆက်စပ်သူများ ပါဝင်လာစေရန် မည်သို့ ဆောင်ရွက်မည်နည်း။
- (တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင်) အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် သစ်တောအုပ်ချုပ်ရေး စနစ်တိုးတက်စေရေးအတွက် သစ်တောဦးစီးဌာနနှင့် မည်သို့ ပူးတွဲဆောင်ရွက်မည်နည်း။

**International Alert**

၀၇၁/၀၇၂၊ အဆောက်အဦး C ၊ ရွှေပြည်အေးကွန်ဒို၊

ရွှေပြည်အေးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

ဖုန်း - +95 (0)1 230 4781

myanmar@international-alert.org

www.international-alert.org

ISBN: 978-1-911080-76-3

/InternationalAlert @intalert